မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

အတွဲ (၅၃)
အမှတ် (၁၂၂)

၁၃၇၅ ခုနှစ်၊ ပြာသိုလကွယ်နေ့

၂၀၁၄ ခုနှစ်၊ ဇန်နဝါရီ ၃၀ ရက်၊ ကြာသပတေး။

ပြည်သူ့စွမ်းအားဖြင့်
နိုင်ငံတော်ကို
တည်ဆောက်အံ့

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပေါ်တူဂီနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇန်နဝါရီ ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ မြန်မာနိုင်ငံဆိုင်ရာ ပေါ်တူဂီနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ လူးဝီးစ် မန်နျူရယ် ဘာဟီးရာ ဒဆူးဇာသည် ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်၌ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသူရိန်သန့်ဇင်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြန်မာနိုင်ငံဆိုင်ရာ ပေါ်တူဂီနိုင်ငံ သံအမတ်ကြီး မစ္စတာ လူးဝီးစ် မန်နျူရယ် ဘာဟီးရာ ဒဆူးဇာအား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

မြန်မာနှင့်ပါကစ္စတန် တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေးဆွေးနွေး

စာမျက်နှာ - ၃

မြန်မာနှင့်အစ္စရေး နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား နယ်ပယ်စုံ၌ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆွေးနွေး

စာမျက်နှာ-၈

အထက်ပေါင်းလောင်းစီမံကိန်း ရေဝပ်ဧရိယာအတွင်းမှ ပြောင်းရွှေ့ကျေးရွာများ လမ်းများဖောက်၍ ဘုန်းတော်ကြီးကျောင်းများ တည်ဆောက်ပြုလုပ်လှူဒါန်း

သတင်း-ခရမ်းစိုးမြင့်၊ ဓာတ်ပုံ-ကျော်မိုးလွင်

အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်း ရေဝပ်ဧရိယာအတွင်းမှ ပြောင်းရွှေ့ကျေးရွာများတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ကျန်းမာရေး၊ ပညာရေး၊ အဆောက်အအုံများ ဆောက်လုပ်၍ မိတာများတပ်ဆင်ပေးနေ **(မြန်မာ့အလင်း ဇန်နဝါရီ ၂၈ ရက်ထုတ် သတင်းစာပါသတင်း)**

အဆိုပါ ကျေးရွာ ၂၃ ရွာမှ ကျေးရွာသူ ကျေးရွာသားများအနေဖြင့် မိမိတို့ အခြေချနေထိုင်ခဲ့သည့် ဇာတိရပ်ရွာများကို စွန့်ခွာ၍ ကျေးရွာသစ်များသို့ ပြောင်းရွှေ့ရာတွင် ကျေးရွာသစ်များ၌ ကျေးရွာသူ ကျေးရွာသားများ၏ ဘာသာရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ သောက်သုံးရေနှင့် လျှပ်စစ်မီးရရှိရေး၊ လမ်းပန်းဆက်သွယ်ရေးကိစ္စများကို အချိန်တိုအတွင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ထိရောက်မြန်ဆန်စွာ ဆောင်ရွက်ပေးလျက်ရှိရာ ထိုကိစ္စများအနက် လမ်းပန်းဆက်သွယ်ရေးများတွင် မူလကျေးရွာများထက် အဆင်ပြေချောမွေ့စေရန်ရည်ရွယ်၍ ရွာတွင်းလမ်းများ၊ ကျေးရွာချင်းဆက်လမ်း၊ မြို့နှင့်ဆက်သွယ်သောလမ်းများ ဖောက်လုပ်ပေးလျက်ရှိသည်။

ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ခြင်းကို ၂၀၀၇ ခုနှစ်မှစတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၂ ခုနှစ် အောက်တိုဘာလမှစ၍ အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာ ကျေးရွာများ မပြောင်းရွှေ့မီ ချဉ်းကပ်လမ်းများကို အပြီးဆောင်ရွက်ပေးနိုင်ခဲ့သလို *စာမျက်နှာ ၃ ကော်လံ ၅* ▲

ရေအားလျှပ်စစ်တည်ဆောက်ရေးအမှတ်(၁)မှ ပြောင်းရွှေ့ကျေးရွာများအတွက် ကျေးရွာချင်းဆက်လမ်းမကြီးဖောက်လုပ်ရန် စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်နေစဉ်။

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ကောင်းသောစိတ်ကူး

အလုပ်တစ်ခုခုမလုပ်မီ ဦးစွာဆောင်ရွက်ရသော အလုပ်သည်ကား ကြံစည်စိတ်ကူးခြင်းပင်ဖြစ်၏။ စိတ်ကူးအကြံကောင်းလျှင် ကောင်းသလောက် လုပ်ကိုင်ဆောင်ရွက်သော အလုပ်ကိုလည်း ပြီးမြောက်အောင်မြင်နိုင်စွမ်းရှိ၏။ အကျိုးပေးနိုင်စွမ်းရှိ၏။ လုပ်ငန်းတွင် ကြုံတွေ့လာနိုင်သော အခက်အခဲအကျပ်အတည်းများကို ကျော်လွှားနိုင်စွမ်းရှိ၏။ စိတ်ကူးခြင်းသည် အပိုအလုပ်မဟုတ်။ လုပ်ကိုင်မည့်အလုပ်အပေါ် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေး အစီအစဉ်တကျ စိတ်ဖြင့်ဦးစွာအလုပ်လုပ်ခြင်းဖြစ်၏။

ဤသို့ဆိုလျှင် အလုပ်မလုပ်မီ ဦးစွာပထမ စိတ်ကူးခြင်းဖြင့် လုပ်သင့်၏။ သို့သော် ကောင်းမွန်မှန်ကန်သော စိတ်ကူးခြင်းသာလျှင် အကောင်းဆုံးဖြစ်၏။ ကောင်းမွန်မှန်ကန်သော စိတ်ကူးအကြံဖြစ်ရန်ကား အတ္တ၊ ပရမ္မတစွာ တွေးတောခြင်း၊ အကျိုးရှိခြင်း၊ အကျိုးယုတ်ခြင်းကို စဉ်းစားခြင်းနှင့် စိတ်ကောင်းစိတ်ဖြောင့်မွေး၍ စိတ်ကူးခြင်းဟူသော အချက်သုံးချက်အပေါ်အခြေခံသင့်၏။ သို့မှသာ ကောင်းသောအကြံ၊ ကောင်းသောစိတ်ကူးဖြစ်နိုင်၏။

စိတ်ကူးအကြံသည် ကိုယ့်အကျိုးကိုသာ ဦးစားပေးလွန်းသော အတ္တနှင့်ယှဉ်၍ စိတ်ကူးလျှင် မှန်ကန်သည်ဟုမဆိုနိုင်ပါ။ ထိုသို့သော စိတ်ကူးခြင်းအလုပ်သည် မအောင်မြင်နိုင်ပါ။ ထို့အတူ ပရများလွန်းလျှင်လည်း မကောင်းပါ။ အတ္တ၊ ပရမ္မတစွာ စဉ်းစားခြင်းကသာ အကျိုးရှိနိုင်ပါသည်။ မတရားသောနည်းလမ်းဖြင့် လုပ်ရန်စဉ်းစားလျှင် မတရားခြင်းသာဖြစ်၍ မအောင်မြင်နိုင်ပါ။ တရားသဖြင့် စဉ်းစားလုပ်ကိုင်ခြင်းဖြင့်သာ အောင်မြင်နိုင်စွမ်းရှိပါသည်။

တစ်ဖန် အကျိုးရှိစွာစဉ်းစားပါ။ မိမိအကျိုးလော၊ အများအကျိုးလော စိတ်ကူးကြံစည်ခြင်းဖြင့် အကျိုးကျေးဇူးရှိရပါမည်။ လုပ်ကိုင်ဆောင်ရွက်မည့်အလုပ်သည် အကျိုးရှိနိုင်၊ မရှိနိုင်၊ အပြစ်ကင်းသောအလုပ် ဟုတ်၊ မဟုတ်၊ သမ္မာအာဇီဝအလုပ်ဖြစ်ခြင်း၊ မဖြစ်ခြင်းတို့အပေါ် စဉ်းစားသုံးသပ်သင့်၏။ အပြစ်ကင်းစွာ စဉ်းစားတွေးတောခြင်းဖြင့် အပြစ်ကင်းသောအလုပ်ကို လုပ်ကိုင်နိုင်မည်ဖြစ်၏။

ကြံစည်စိတ်ကူးရာတွင် စိတ်ကောင်းစိတ်မြတ်သည်လည်း အရေးအကြီးဆုံးအချက်ဖြစ်၏။ လောဘ၊ ဒေါသ၊ မောဟတို့ဖြင့် စဉ်းစားလျှင်မအောင်မြင်နိုင်ပါ။ အထူးသဖြင့် ဒေါသဖြစ်နေသောအချိန် စဉ်းစားလုပ်ကိုင်ခြင်းသည် အမှားဖြစ်နိုင်သည်။ ထို့ကြောင့် စိတ်ကိုအေးအေးထားပြီးစဉ်းစားသင့်၏။ “ဒီကိစ္စကို စိတ်အေးအေးထားပြီးစဉ်းစားပါ၊ လောလော၊ လောလောမလုပ်ပါနဲ့” ဟူ၍ ဆိုလေ့ရှိကြသည်။ နိမ့်ကျသောစိတ်ထားဖြင့် ကြံစည်စိတ်ကူးလျှင် မတရားအမှုသာဖြစ်နိုင်၏။ စိတ်ကောင်းစိတ်မြတ်နှလုံးသွင်းပြီး စဉ်းစားလုပ်ကိုင်နိုင်မှသာ အောင်မြင်နိုင်၏။

သို့သော် အချို့သောသူများမှာ ကြိုတင်စဉ်းစားခြင်းအလုပ်မပါဘဲ လုပ်နေကြသဖြင့် အမှားမှား အယွင်းယွင်းဖြစ်ကြရသည်။ လုပ်ငန်းခွင်အတွင်း ပေါ်ပေါက်လာနိုင်သည့် ပြဿနာများ၊ အခက်အခဲများ ကြိုတင်စဉ်းစားထားခြင်းမရှိ၍ အကျပ်အတည်းများနှင့် ထိပ်တိုက်တွေ့ရတတ်သည်။ မည်သည့်အလုပ်မဆို စဉ်းစားလုပ်ကိုင်ခြင်းသည် အကောင်းဆုံးဖြစ်သည်။ အမှားအယွင်းလည်းနည်းသည်။ အတွေးရှင်းမှ အလုပ်ရှင်းနိုင်၏။ အလုပ်ရှင်းမှ ပြဿနာကင်းပြီး အောင်မြင်နိုင်၏။ ထို့ကြောင့် မည်သည့်အလုပ်လုပ်သည်ဖြစ်စေ ကောင်းသော စိတ်ကူး၊ ကောင်းသောအကြံအစည်တို့ဖြင့် စဉ်းစားသုံးသပ်ဆုံးဖြတ်လုပ်ကိုင်အပ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသာမက နည်းပညာဆိုင်ရာပူးပေါင်းဆောင်ရွက်မှုတွေ တိုးမြှင့်လာနိုင်ခဲ့

နေပြည်တော် ဇန်နဝါရီ ၂၉

ပထမအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေးဖိုရမ်နှင့် ကမ္ဘာ့စီးပွားရေးဖိုရမ်တို့ကို မြန်မာနိုင်ငံတွင် ၂၀၁၃ ခုနှစ်အတွင်း၌ ကျင်းပနိုင်ခဲ့ခြင်းဖြင့် မြန်မာနိုင်ငံအတွက်ရရှိသည့်အကျိုးရလဒ်နှင့် ယခုကျင်းပသည့် ဒုတိယအကြိမ်မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် ကျင်းပနိုင်ခြင်းဖြင့် ရရှိနိုင်သည့် အကျိုးကျေးဇူးများနှင့်ပတ်သက်၍ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဒေါ်ဝါဝါမောင်က ရှင်းလင်းပြောပြခဲ့သည်။

မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး ဖိုရမ်ကို ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁၉ နဲ့ ၂၀ မှာ ကျင်းပခဲ့တယ်။ အဲဒီတုန်းကတော့ မိတ်ဆက်ပွဲ နော်။ အဲဒီအချိန်တုန်းက မြန်မာနိုင်ငံကို အင်အားကြီးနိုင်ငံတွေက ပစ်ပယ်ထားတယ်။ စီးပွားရေးပိတ်ဆို့မှုတွေလည်း လုပ်ထားတဲ့အခါမှာ အထီးကျန်စွာနဲ့ နေခဲ့ရတယ်။ သူတို့တွေအနေနဲ့ ကိုယ့်အပေါ်မှာ အမြင်တွေက မကောင်းဘူးပေါ့နော်။

နိုင်ငံအနေနဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွေကို အသေအချာလုပ်ကိုင်မယ်လို့ ဆုံးဖြတ်ချက်ချပြီးချိန်မှာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ကိုရေးဆွဲပြီး အနာဂတ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းကို ချပြပြီး ကမ္ဘာ့နိုင်ငံများနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်နိုင်အောင်ကြိုးပမ်းခဲ့ကြတယ်။

ဒါကြောင့် ပထမအကြိမ်ဖိုရမ်က တစ်ယောက်နဲ့တစ်ယောက် မိတ်ဆက်ပြီး ယုံကြည်မှုတည်ဆောက်တယ်။ သူ့ဘက်ကိုယ့်ဘက် ဆောင်ရွက်နေတဲ့လုပ်ငန်းတွေရဲ့ သတင်းအချက်အလက်တွေကိုဖလှယ်ကာ အနာဂတ်မှာ မြန်မာနိုင်ငံက လျှောက်လှမ်းမယ့်လမ်းကြောင်းတွေကို အတူလေ့လာကြပြီး ရင်းနှီးမှုရယူပါတယ်။

အဲဒီကတစ်ဆင့် နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှု အစည်းအဝေးတွေကို ကျင်းပခဲ့ပါတယ်။ နှစ်ဖက်စလုံးအနေနဲ့ နိုင်ငံရဲ့ ဦးစားပေးလုပ်ငန်းတွေကို နားလည်သိရှိဖို့ နိုင်ငံဆိုင်ရာလုပ်ငန်းအစီအစဉ် Action Planတွေကို အတူတကွရေးဆွဲခဲ့ကြတယ်။ ကုလသမဂ္ဂအနေနဲ့ ယခင်ကလူသားချင်းစာနာမှုအကူအညီတွေပေးနေရာကနေ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အကူအညီဘက်ကို ပြောင်းလာတယ်။

ဒါကြောင့် နိုင်ငံအနေနဲ့ ယခင်က သနားလို့ပေးတယ်ဆိုတဲ့ အကူအညီဆိုတာထက် ဖွံ့ဖြိုးတိုးတက်မှုအပိုင်းကို ကူညီသည့်အပိုင်းသို့ လမ်းကြောင်းပေးနိုင်ခဲ့ပါတယ်။ အဲဒီကတစ်ဆင့် ပူးပေါင်းဆောင်ရွက်မှုအပိုင်းမှာ ပိုမိုနက်နက်ရှိုင်းရှိုင်း ဆောင်ရွက်လာနိုင်ခဲ့ပါတယ်။ အဲဒီမှာ နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှု ကော်မတီ/အဖွဲ့တွေကို ဖွဲ့စည်းလာနိုင်ပြီး ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်မှုနဲ့ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသာမက နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတွေကို တိုးမြှင့်လာနိုင်ခဲ့ပါတယ်။ နယ်ပယ်ကဏ္ဍအလိုက် ကျွမ်းကျင်မှုတွေကို နိုင်ငံရဲ့လိုအပ်ချက်အလိုက် ပြန်လည်ပေါင်းစပ် ညှိနှိုင်းနိုင်ဖို့ အခွင့်အရေးတွေ ရလာခဲ့ပါတယ်။

ယခင်က နိုင်ငံအနေနဲ့ လုပ်ငန်းစီမံချက်တွေကို ကိုယ်ပိုင်ဘတ်ဂျက်ထဲမှာ ရေးဆွဲရတဲ့အတွက် မလုံ

ဒေါက်တာ ဒေါ်ဝါဝါမောင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

လောက်တဲ့အပြင် နယ်ပယ်ကဏ္ဍစုံကို ကျယ်ကျယ်ပြန့်ပြန့် မဆောင်ရွက်နိုင်ခဲ့ဘူး။ အခုအခါမှာ အခမဲ့အကူအညီတွေ၊ ချေးငွေတွေနဲ့ အတိုးနှုန်းသက်သာတဲ့ ချေးငွေတွေကိုရယူပြီး တိုးတက်အောင် ဆောင်ရွက်နိုင်ပါတယ်။

အဲဒီလို ဘဏ္ဍာငွေကြေးအရင်းအမြစ်တွေ များလာတဲ့အတွက် ဖွံ့ဖြိုးမှုအစီအစဉ်တွေကို တိုးမြှင့်ဆောင်ရွက်လာနိုင်ခဲ့တယ်။ ဒီလိုရရှိလာတဲ့အခါမှာ အစိုးရအနေနဲ့ ထိရောက်တဲ့စီမံခန့်ခွဲမှုအပိုင်းတွေ လိုအပ်လာတယ်။ အဖွဲ့အစည်းအရ ပူးပေါင်းဆောင်ရွက်ရမယ့် ယန္တရားတွေ တည်ဆောက်ထားပေမယ့် လုပ်ငန်းလည်ပတ်မှုအပိုင်းမှာ ပြည်သူလူထုကို ထိထိရောက်ရောက်ရလဒ်ကောင်းတွေပေးနိုင်ဖို့ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ နိုင်ငံရဲ့ အခြေအနေကို နားလည်ပြီး ဘယ်လိုပူးပေါင်းပြီး ထိထိရောက်ရောက် ပါဝင်ဆောင်ရွက်မလဲ၊ အရှိန်အဟုန်မြှင့်နိုင်မလဲဆိုပြီး ရည်ရွယ်တာပါ။ မနှစ်တုန်းကလုပ်တဲ့ Cooperation အခြေအနေမျိုးဖြစ်ပါတယ်။ ဒီနှစ်ကတော့ လုပ်နေတဲ့ Cooperation ကိုပိုပြီး အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ဖို့ဖြစ်ပါတယ်။

ကမ္ဘာ့စီးပွားရေးဖိုရမ်ကို ကျွန်မတို့နိုင်ငံမှာ ကျင်းပနိုင်တဲ့အတွက် နိုင်ငံပုံရိပ်ကို နိုင်ငံတကာအလယ်မှာ မြှင့်တင်လာနိုင်ပါတယ်။ နိုင်ငံတော်တော်များများက ကျွန်မတို့နိုင်ငံကို အထင်သေးမှုတွေရှိခဲ့ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ကမ္ဘာ့စီးပွားရေးဖိုရမ်ကို လုပ်နိုင်ပါ့မလားဆိုတဲ့ အမြင်တွေရှိခဲ့ပါတယ်။ ဒီနေရာမှာ နိုင်ငံအနေနဲ့ အောင်မြင်စွာ ကျင်းပနိုင်ခဲ့တဲ့အတွက် နိုင်ငံပုံရိပ်တိုးတက်လာပြီး အာဆီယံထိပ်သီးအစည်းအဝေးနဲ့ ဆက်စပ်အစည်းအဝေးတွေကိုလည်း လုပ်ကိုင်နိုင်မယ်ဆိုတဲ့ ယုံကြည်မှုကိုရရှိခဲ့ပါတယ်။ ဒီလိုအစည်းအဝေးတွေ၊ ဖိုရမ်တွေလုပ်နိုင်တဲ့အတွက် ပါဝင်ဆောင်ရွက်ကြရတဲ့ ဝန်ကြီးဌာနတွေနဲ့အဖွဲ့အစည်းတွေအနေနဲ့ နိုင်ငံတကာအတွေ့အကြုံတွေ တိုးတက်လာပါတယ်။ နောက်တစ်ခုက အစည်းအဝေးတွေကို ဘယ်လိုစီမံခန့်ခွဲဆောင်ရွက်ရမယ်ဆိုတဲ့ အတွေ့အကြုံတွေကို ရရှိစေပါတယ်။ အတွေ့အကြုံတစ်ခုတည်းမဟုတ်ပါဘူး။ အစည်းအဝေးတစ်ခုရဲ့ ရလဒ်ကောင်းတွေ ရရှိအောင်ဆောင်ရွက်ရတဲ့ နည်းပညာတွေကိုပါ ရရှိခဲ့ပါတယ်။ အဓိကအားဖြင့် နိုင်ငံတကာအဖွဲ့အစည်းတွေအနေနဲ့ နိုင်ငံရဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွေကို ပိုမိုနားလည်ပါဝင်လာနိုင်အောင်ရည်ရွယ်ပြီး အခုလိုဖိုရမ်တွေကို ကျင်းပရခြင်းဖြစ်ပါတယ်။

ဖိုရမ်တွေကျင်းပရခြင်းဖြင့် နိုင်ငံရဲ့ ဖွံ့ဖြိုးမှုမိတ်ဖက်တွေကို ငွေကြေးအရ အကူအညီရဖို့တစ်ခုတည်းသာမက နိုင်ငံဖွံ့ဖြိုးမှုအတွက်၊ အကြံဉာဏ်တောင်းခံတဲ့အတွက် ယခင်နဲ့မတူတဲ့ သူတို့အပေါ်ထားရှိတဲ့ အမြင်တွေကို နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးတဲ့ Stateholoder အဖြစ် ထိတွေ့ဆက်ဆံပါတယ်။ သူတို့တွေရဲ့ အကြံဉာဏ်နဲ့ နည်းပညာတွေကိုပါ ရယူပါတယ်။

နိုင်ငံအနေနဲ့လည်း အောင်မြင်အောင် ဘယ်လိုဆောင်ရွက်မယ်ဆိုတဲ့ ခံယူချက်ထားရှိပြီးဖြစ်တဲ့အတွက် နိုင်ငံကောင်းဖို့အတွက် ပူးပေါင်းဆောင်ရွက်မယ်ဆိုတာကြောင့် နှစ်ဖက်ဆက်ဆံရေးဟာ တိုးတက်ကောင်းမွန်နေပါတယ်။

အခုဖိုရမ်မှာ သက်ဆိုင်ရာနယ်ပယ်ကဏ္ဍအလိုက် ကျွမ်းကျင်သူတွေ စုဖွဲ့ဆွေးနွေးခဲ့ကြတဲ့အတွက် ရှေ့ဆက်လက်ပြီး ရလဒ်ကောင်းတွေရဖို့အတွက် ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်တွေ ပေါ်ထွက်လာမှာပါ။ ဒါပေါ်မူတည်ပြီး ဆက်လက်ဆောင် ရွက်သွားမှာပါ။

ပြည်သူတွေအနေနဲ့ စဉ်းစား၊ ဆင်ခြင်၊ ချင့်ချိန်၊ သုံးသပ်တတ်တဲ့သူတွေဖြစ်ဖို့ လိုအပ်ပါတယ်။ ဒါကြောင့် မီဒီယာရဲ့အခန်းကဏ္ဍက အများကြီးအရေးကြီးပါတယ်။ အခုလိုဖိုရမ်မှ သက်ဆိုင်ရာပုဂ္ဂိုလ်များရဲ့ အမြင်တွေကို များများထုတ်လွှင့်ပေးခြင်းအားဖြင့် သာမန်ပြည်သူတွေအနေနဲ့ နိုင်ငံရဲ့ ပြုပြင်ပြောင်းလဲတိုးတက်မှုတွေ၊ ဆောင်ရွက်မှုတွေကို သိရှိပြီး စဉ်းစားချင့်ချိန်သုံးသပ်လာနိုင်မှာ ဖြစ်ပါတယ်။ ဒါမှလည်း ဒီမိုကရေစီလူမှုအသိုက်အဝန်း ထူထောင်တဲ့အခါမှာ အသိဉာဏ်ကြွယ်ဝတဲ့ နိုင်ငံသားတွေအဖြစ် ပါဝင်လာနိုင်မှာဖြစ်ပါတယ်။ ဒါမှလည်း အရွယ်ရောက်သူတိုင်းအနေနဲ့ စနစ်တကျရွေးချယ် ဆန္ဒမဲပေးနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်လည်း အခုလို အသိအမြင်ဗဟုသုတတွေ အများကြီးလိုအပ်ပါတယ်။ **သူရဇော်**



နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံ ဖင်လန်နိုင်ငံသံအမတ်ကြီးခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇန်နဝါရီ ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ မြန်မာနိုင်ငံဆိုင်ရာ ဖင်လန်နိုင်ငံသံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စ ကာစတီဝက်စ်ဖာလန်သည် ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်၌ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသူရိန်သန့်ဇင်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

ခန့်အပ်လွှာပေးအပ်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ မြန်မာနိုင်ငံဆိုင်ရာ ဖင်လန်နိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စ ကာစတီဝက်စ်ဖာလန် သံအမတ်ခန့်အပ်လွှာပေးအပ်စဉ်။

(သတင်းစဉ်)

မြန်မာနှင့်ပါကစ္စတန် တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေးဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၂၉

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မြန်မာနိုင်ငံဆိုင်ရာပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Ehsan Ullah Batth အား ယနေ့နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ ဇေယျာသိဒ္ဓိဗိမာန် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှ‌ဌေးဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများတက်ရောက်ကြပြီး ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သံအမတ်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ စစ်သံမှူး Colonel Azhar Yasin လည်း တက်ရောက်သည်။

တွေ့ဆုံပွဲတွင် နှစ်နိုင်ငံသမိုင်းကြောင်းရှည်လျားစွာဖြင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံနိုင်ခဲ့မှုအခြေအနေများ၊ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြားချစ်ကြည်ရင်းနှီးမှုများတိုးမြှင့်ဆောင်ရွက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ အိမ်နီးနားချင်းနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူနှင့်အညီ ဆက်ဆံနေထိုင်ရေး ကိစ္စရပ်များ၊ နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့် ပြည်သူလူထု တည်ငြိမ်အေးချမ်းမှု ရရှိရေးတို့အတွက် တပ်မတော်က ဦးဆောင်၍ ဆောင်ရွက်နေမှုဆိုင်ရာ ကိစ္စရပ်များ၊နှစ်နိုင်ငံအကြား ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းနိုင်မှု အခြေအနေများ၊ ဘာသာရေးနှင့်ပတ်သက်၍ လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်ပြုထားမှုနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီပြုမူနေထိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(မြဝတီ)

ပြည်တွင်းသတင်း

▲ *ရှေ့ဖုံးမှ*

ကျေးရွာသစ်အချင်းချင်း ဆက်သွယ်ချဉ်းကပ်လမ်းနှင့် ကျေးရွာတွင်းလမ်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ဆောက်လုပ်ပေးမည်

ကျေးရွာချင်းဆက်လမ်းမှ လမ်းသားအကျယ်ပေ ၃၀ နှင့် စုစုပေါင်း ၂၆ မိုင် ဆောင်ရွက်ပေးမည်ဖြစ်ပြီး လိုအပ်သည့်နေရာများတွင် လမ်းအဆောက်အအုံများဖြစ်သော ရေထုတ်ပြွန်နှင့် တံတားစုစုပေါင်း ၁၈၄ စင်းကို ထည့်သွင်းဆောက်လုပ်ပေးသွားမည်ဟု သိရသည်။ ချဉ်းကပ်လမ်းဖောက်လုပ်ခြင်းများဆောင်ရွက်ပြီးပါက ကျေးရွာသစ်များတွင် ရာသီမရွေးသွားလာနိုင်ရေးအတွက် ကျောက်ရောမြေခင်းခြင်းလုပ်ငန်းများကို တစ်ဆက်တည်း ဆက်လက်ဆောင်ရွက်သွားမည်ဟု သိရသည်။

ထို့အပြင် သောက်သုံးရေအဆင်ပြေရေးအတွက် ကျေးရွာများမပြောင်းရွှေ့မီကာလကတည်းက ကျေးရွာသစ်နေရာများနှင့် အနီးတစ်ဝိုက်တွင် ရေရရှိနိုင်သည့် ရေကျများကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက တာဝန်ရှိသူများနှင့် ကျေးရွာသားများပူးပေါင်းရှာဖွေပြီး တွေ့ရှိသော ရေကျနေရာများမှ P.V.C ပိုက်လိုင်းများနှင့် ကျေးရွာသစ်များရှိရာ ရေစုကန်များအရောက် သွယ်တန်းရယူခြင်း၊ ၎င်းရေစုကန်များမှ ရေများကို ကျေးရွာသစ်များရှိ အိမ်ခြေအလိုက် ရေဂါလန် နှစ်ထောင့်ငါးရာ၊ ငါးထောင်၊ တစ်သောင်း၊ တစ်သောင်းငါးထောင်၊ နှစ်သောင်းဝင် အုတ်ရေကန်ပေါင်း ၁၃၇ ကန်ဆောက်လုပ်ပေးထားပြီးဖြစ်သည်ဟုလည်း သိရသည်။

စောင့်ရှောက်ကုသ

ထို့အပြင် ကျေးရွာသစ်များတွင် စတင်ပြောင်းရွှေ့နေထိုင်စဉ် ကျန်းမာရေးအားနည်းချက်များ မဖြစ်ပေါ်စေရေးအတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ပင်လောင်းမြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့်ဆက်သွယ်၍ကျေးရွာများတွင် အခမဲ့ ကျန်းမာရေးစောင့်ရှောက်ကုသမှုလုပ်ငန်းများကို ၂၀၁၃ ခုနှစ်အတွင်းက နှစ်ကြိမ်ဆောင်ရွက်ခဲ့ရာ လူပေါင်း ၁၃၆၀ တို့အား ကျန်းမာရေးစောင့်ရှောက်ကုသမှု ဆောင်ရွက်ပေးခဲ့သည်။

ထို့အပြင် အများနှင့်ဆိုင်သော ဘာသာရေးအဆောက်အအုံများ ဆောက်လုပ်ပေးခြင်းလုပ်ငန်းများအနက် ထိန်ပင်ကျေးရွာအုပ်စုအတွင်းမှ ဘုန်းတော်ကြီးခြောက်ကျောင်းကို ပြီးခဲ့သည့်နှစ် ဝါမဝင်ခင်က ကျောင်းလွှတ်ပူဇော် အခမ်းအနားများ ကျင်းပကာ ကျောင်းထိုင်ဆရာတော်များသို့ စနစ်တကျ ဆက်ကပ်အပ်နှံခဲ့ပြီး ကျန်ရှိသည့်တည်ဆောက်ပြီးဘုန်းတော်ကြီးကျောင်း ၁၂ ကျောင်းကိုလည်း ယခုအခါ ဆောက်လုပ်ပြီးပြီဖြစ်၍ မကြာမီလတွင်း ကျောင်းလွှတ်ပူဇော်အခမ်းအနား ဆက်လက်ကျင်းပကာ ကျောင်းထိုင်ဆရာတော်များထံ ဆက်ကပ်အပ်နှံလှူဒါန်းသွားဦးမည်ဟု သိရသည်။

ပြောင်းရွှေ့ကျေးရွာများမှ တောင်သူလယ်သမားများအနေနှင့် ကျေးရွာသစ်သို့ရောက်ပြီးနောက် လုပ်ကိုင်စားသောက်ရေးအတွက်ကိုလည်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက တောင်သူများနှင့်ညှိနှိုင်းပြီး ကျေးရွာသစ်တွင် လယ်မြေများထုတ်ဖော်ရန် တစ်ဧကအတွက် ငွေကျပ် ၆၀၀၀၀၀၊ စပါးသီးနှံစိုက်ပျိုးသည့်အခါ မြေယာသစ်၌ အထွက်နှုန်းလျော့နိုင်သဖြင့် သီးနှံတစ်ဧက နှစ်နာကြေး ငါးနှစ်အတွက် ငွေကျပ် ၄၅၀၀၀၀ စုစုပေါင်းငွေကျပ် ၁၀၅၀၀၀၀ ကို ဧကရှိသလောက် တောင်သူများသို့ ပေးပြီးဖြစ်သည်။

ညှိနှိုင်းသဘောတူ

ထို့အပြင် ယာနှင့်ကိုင်း လုပ်ကိုင်စားသောက်သည့် တောင်သူများအတွက်ကိုလည်း ဖော်ထုတ်စရိတ် တစ်ဧက ငွေကျပ် ၃၀၀၀၀၀ နှင့် သီးနှံနစ်နာကြေး ငါးနှစ်အတွက် ငွေကျပ် ၁၅၀၀၀၀၊ နှစ်ရပ်ပေါင်း ၄၅၀၀၀၀ ဥယျာဉ်ထောက်ပံ့ကြေးအဖြစ် လက်ဖက်၊ လိမ္မော်ခြံတို့အတွက် မူလစာရင်းပေါက် တစ်ဧကလျှင် ငွေကျပ် ၃၅၀၀၀၀၊ နောက်ထပ်တိုးချဲ့တစ်ဧကနှုန်း၏ ထက်ဝက်ဖြစ်သော ငွေကျပ် ၁၇၅၀၀၀ နှုန်းတို့ဖြင့် ညှိနှိုင်းသဘောတူပေးထားပြီးဖြစ်သည်။

ထို့အပြင် လယ်ယာကိုင်းကျွန်းမရှိသော လက်လုပ်လက်စားအိမ်ထောင်စုများအတွက် ရွာသစ်သို့ရောက်ရှိသည့်အခါ စားဝတ်နေရေး အထိုက်အလျောက်ပြေလည်စေရန်အတွက် သက်ဆိုင်ရာကော်မတီများနှင့် အကြိမ်ကြိမ်ညှိနှိုင်းပြီး အိမ်ထောင်တစ်စုလျှင် ငွေကျပ် ၃၀၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ပေးခဲ့သေးသည်ဟု သိရသည်။

ပြောင်းရွှေ့တောင်သူတို့၏ လယ်ယာကိုင်းကျွန်း ဥယျာဉ်များ ဖော်ထုတ်လုပ်ကိုင်နိုင်ရန် မြေနေရာရရှိရေးအတွက်ကိုလည်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သက်ဆိုင်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြပေးထားပြီးဖြစ်ကြောင်း သိရသည်။

ကမ္ဘာတစ်ဝန်း စမတ်ဖုန်းရောင်းချမှု စံချိန်တင်မြင့်တက်

ဆိုးလ် ဇန်နဝါရီ ၂၉

ပြီးခဲ့သည့်နှစ်အတွင်း ကမ္ဘာတစ်ဝန်း စမတ်ဖုန်းရောင်းချမှုသည် တစ်ဘီလီယံကျော်ရှိခဲ့ရာ ဆမ်ဆောင်းသည် ကမ္ဘာ့အရောင်းရဆုံးကုမ္ပဏီအဖြစ် ဆက်လက်ဦးဆောင်နိုင်ခဲ့ကြောင်း စစ်တမ်းအသစ်ကောက်ယူမှုတစ်ရပ်တွင် ဖော်ပြသည်။

ပြီးခဲ့သည့်နှစ်အတွင်း စမတ်ဖုန်းလုံးရေ ၁ ဒသမ ၀၀၀ ဘီလီယံတင်ပို့ခဲ့ကြောင်း၊ ယင်းမှာ ယမန်နှစ်ကထက် ၃၈ ဒသမ ၄ ရာခိုင်နှုန်းပိုခဲ့ကြောင်း အိုင်ဒီစီစစ်တမ်းတွင် ဖော်ပြသည်။

တောင်ကိုရီးယားဆမ်ဆောင်းကုမ္ပဏီသည် စမတ်ဖုန်းအများဆုံးတင်ပို့ရောင်းချခဲ့ရပြီး ယင်းနောက်မှ အက်ပဲလ်နှင့်တရုတ်ကုမ္ပဏီဟွာဝေးတို့ လိုက်နေသည်။ စမတ်ဖုန်းရောင်းချမှုသည် မိုဘိုင်းဖုန်း ၁ ဒသမ ၈ ဘီလီယံရောင်းချခဲ့ရမှုပေါ် ထက်ဝက်ကျော်ရှိခဲ့သည်။

စမတ်ဖုန်းတင်ပို့ရောင်းချရာတွင် တစ်နှစ်တာအတွင်း တစ်ဘီလီယံကျော်သောနှစ်မှာ ပထမဆုံးအကြိမ်ဖြစ်ကြောင်း အိုင်ဒီစီက ဖော်ပြသည်။

မျက်နှာပြင်ကျယ်ပြီး တန်ဖိုးနည်းသော စမတ်ဖုန်းများအရောင်းတွင်ကျယ်ခဲ့မှုကြောင့် စမတ်ဖုန်းရောင်းချမှုစံချိန်တင် မြင့်တက်ခဲ့ကြောင်း အိုင်ဒီစီမှ ညွှန်ကြားရေးမှူး ရိုင်ယန်ရိဒ်က ပြောသည်။

ဈေးသက်သာသော စမတ်ဖုန်းများသည် ဆွဲဆောင်မှုအားနည်းသော်လည်း ဈေးကွက်ဝေစုအများဆုံးဖြစ်ခဲ့သည်။ တရုတ်နှင့်အိန္ဒိယဈေးကွက်များ၌ အမေရိကန်ဒေါ်လာ ၁၅၀ တန် စမတ်ဖုန်းများသိသိသာသာ ရောင်းအားမြင့်တက်ခဲ့သည်။ **(ဘီဘီစီ)**

ဗဟိုအာဖရိကသမ္မတနိုင်ငံ လုံခြုံရေးတပ်ဖွဲ့ဝင် ၁၀၀၀၀ အထိ လိုအပ်

ဗဟိုအာဖရိက ဇန်နဝါရီ ၂၉

ဗဟိုအာဖရိကသမ္မတနိုင်ငံ၌ မငြိမ်မသက်မှုများ အဆုံးသတ်ရန် အနည်းဆုံးတပ်ဖွဲ့ဝင် ၁၀၀၀၀ လိုအပ်လိမ့်မည်ဟု ယုံကြည်ရကြောင်း ကုလသမဂ္ဂဆိုင်ရာ ပြင်သစ်သံတမန်က ပြောသည်။ အဆိုပါနိုင်ငံ၏ လက်ရှိအခြေအနေမှာ ပို၍ဆိုးရွားလာကြောင်း သံအမတ်ကြီး ဂါရတ်အာရွတ်က ပြောကြားသည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီက အဆိုပါနိုင်ငံ၌ ဥရောပတပ်များစေလွှတ်ရန် ဆုံးဖြတ်လိုက်ပြီးနောက် ၎င်း၏မှတ်ချက်ပေါ်လာခြင်းဖြစ်သည်။

ယင်းနိုင်ငံ၌ လူဦးရေ၏ ၂၀ ရာခိုင်နှုန်းရှိ လူပေါင်းတစ်သန်းခန့် နေအိမ်များ စွန့်ခွာထွက်ပြေးနေကြကြောင်း၊ ပြီးခဲ့သည့်မတ်လက သူပုန်များက အာဏာသိမ်းပြီးနောက် ဘာသာရေး အကြမ်းဖက်မှုများ ဆက်တိုက်ဖြစ်ပွားခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

ယင်းနိုင်ငံ၌ အာဖရိကတပ်ဖွဲ့ဝင် ၆၀၀၀ ခန့်ရှိရာ ယင်းအရေတွက်မှာ နည်းပါးနေကြောင်း၊ တပ်ဖွဲ့ဝင်များထပ်မံဖြည့်တင်းပေးရန် လိုအပ်နေကြောင်း မစ္စတာအာရွတ်က အာဖရိကသမဂ္ဂများနှင့် တွေ့ဆုံစဉ်ပြောကြားလိုက်သည်။

ထိုအတောအတွင်း အီးယူက အာဖရိကနှင့် ပြင်သစ်တပ်များကို ကူညီရန် တပ်ဖွဲ့ဝင် ၆၀၀ စေလွှတ်ပေးရန် သဘောတူလိုက်သည်။ ယင်းနိုင်ငံသည်ပြင်သစ်ကိုလိုနီနိုင်ငံဟောင်းဖြစ်ပြီး လောလောဆယ် ပြင်သစ်တို့က တပ်ဖွဲ့ဝင် ၁၆၀၀ စေလွှတ်ထားသည်။ ယင်းတို့သည် အာဖရိကနိုင်ငံများမှတပ်ဖွဲ့ဝင် ၄၀၀၀ နှင့်အတူ ပူးပေါင်းလုံခြုံရေးတာဝန် ထမ်းဆောင်ပေးလျက်ရှိသည်။ **(ဘီဘီစီ)**

ထိုင်းရွေးကောက်ပွဲတနင်္ဂနွေနေ့ကျင်းပမည်

ဗန်ကောက် ဇန်နဝါရီ ၂၉

ဆန္ဒပြခြိမ်းခြောက်နေသော်လည်း ပါလီမန်ရွေးကောက်ပွဲကို လာမည့်တနင်္ဂနွေနေ့တွင် ကျင်းပမည်ဖြစ်ကြောင်း ထိုင်းအစိုးရက ကြေညာလိုက်သည်။

ဝန်ကြီးချုပ်ရင်လတ်ရှင်နာဝပ်နှင့် ရွေးကောက်ပွဲကော်မရှင်တာဝန်ရှိသူများအကြား ရွေးကောက်ပွဲကို ဆိုင်းထားရန်ဆွေးနွေးခဲ့ပြီးနောက် အထက်ပါအတိုင်း ကြေညာခဲ့ခြင်းဖြစ်သည်။ အဆိုပါ အစည်းအဝေးကျင်းပနေသောစစ်တပ်ဝင်းအတွင်း သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း သတင်းများက ဆိုသည်။

မစ္စရင်လတ်ရှင်နာဝပ်ကို ရာထူးမှဆင်းပေးပြီး နိုင်ငံရေးပြုပြင်ပြောင်းလဲရန် အစိုးရဆန့်ကျင်ဆန္ဒပြသူများက လိုလားလျက်ရှိသည်။ **(ဘီဘီစီ)**

ဗီယက်နမ်သို့ပို့မည့် ကွန်တိန်နာအတွင်း ဆင်စွယ်များတွေ့ရှိ

လုမ်း ဇန်နဝါရီ ၂၉

တိုဂိုနိုင်ငံတွင် ဗီယက်နမ်နိုင်ငံသို့ ပို့မည့် ကွန်တိန်နာတစ်လုံးအတွင်း ထည့်ထားသော ဆင်စွယ်နှစ်တန်နီးပါးကိုတွေ့ရှိပြီးနောက် ရဲတပ်ဖွဲ့က အမျိုးသားသုံးဦးအား ဖမ်းဆီးလိုက်သည်။ **(ယာပုံ)**

သံသယရှိသူနှစ်ဦးမှာ တိုဂိုနိုင်ငံမှဖြစ်ပြီး တစ်ဦးမှာ ဗီယက်နမ်နိုင်ငံမှဖြစ်သည်။ ယင်းအာဖရိကအနောက်ပိုင်းနိုင်ငံသည် အာဖရိကနှင့်အာရှတို့အကြား တရားမဝင်ဆင်စွယ်ရောင်းဝယ်ရာ ကြားနိုင်ငံဖြစ်ကြောင်း တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းသူများက ပြောသည်။

ဆင်စွယ်ရောင်းဝယ်မှုကို လွန်ခဲ့သော ရာစုနှစ်လေးပုံနှစ်ပုံခန့်က ပိတ်ပင်ခဲ့သော်လည်း အာဖရိကဆင်အရေအတွက်မှာ မျိုးသုဉ်းပျောက်ကွယ်ခြင်းဆီသို့ ဦးတည်လျက်ရှိသည်။

ယင်းအမျိုးသားသုံးဦးအား ရဲတပ်ဖွဲ့က တိုဂိုမြို့တော် လုမ်းမြို့၌ ဖမ်းဆီးလိုက်ခြင်းဖြစ်သည်။ အာဖရိကအလယ်ပိုင်းတောရိုင်းဆင်အရေအတွက်သည် လွန်ခဲ့သော ၁၀နှစ်ကထက် ၆၀ ရာခိုင်နှုန်းကျော် ကျဆင်းသွားခဲ့သည်။

ယခု ဖမ်းဆီးရမိသည့် ဆင်စွယ်များသည် ဆင်ကောင်ရေ ၂၃၀ မှ သတ်ဖြတ်ရယူခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောသည်။ **(ဘီဘီစီ)**

ကံကောင်း

အိမ်၊ ခြံ၊ မြေ အကျိုးဆောင်

သီလဝါ၊ ဖလမ်း၊ တပ်ရာကုန်း၊ စံချိန်မီ ၃၊ ၂၊ ၁၊ မြိုင်သာယာ၊ VIP 80'x60' လုံးချင်းတိုက်များ၊ သိန်း၄၀သွင်းရသော VIP မြေကွက်များ၊ သန်လျင်၊ ကျောက်တန်း မြေကွက်များ ရောင်းဝယ်ရန်ရှိသည်။

(သီလဝါ၊ သန်လျင်၊ ကျောက်တန်း) သီးသန့်

ဖုန်း-၀၉-၄၉၃၀၀၉၆၇၊ ၀၉-၄၂၀၁၈၅၅၉၉

၀၉-၄၂၀၁၈၅၅၇၇၊ ၀၉-၇၃၂၂၇၅၅၆၊ ၀၉-၄၄၀၀၀၅၀၁၈

နိုင်ငံခြားသားပျောက်ဆုံးသွားသော ပိုက်ဆံအိတ် ပြန်လည်ပေး

နေပြည်တော် ဇန်နဝါရီ ၂၉

ဇန်နဝါရီ ၂၇ ရက် ညနေ ၄ နာရီခန့်တွင် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် Rich Queen Hotel ၌ တည်းခိုလျက်ရှိသော အမေရိကန်နိုင်ငံသား Mr.Falbawskl Krukzpf သည် ၎င်း၏အနက်ရောင်ခေါက်ပိုက်ဆံအိတ်တစ်လုံး ကျပျောက်သွားပြီး အိတ်အတွင်း၌ VISA ဘဏ်ငွေထုတ်ကတ်တစ်ခု၊ American Express ဘဏ်ငွေထုတ်ကတ်တစ်ခု၊ Empire Medi-Blue အသက်အာမခံကတ်ပြားတစ်ခု၊ ယာဉ်မောင်းလိုင်စင်တစ်ခု၊ အမေရိကန် ၅ ဒေါ်လာတန်နှစ်ရွက်နှင့် ၁ ဒေါ်လာတန် တစ်ရွက်တို့ပါရှိသဖြင့် ကူညီစုံစမ်းရှာဖွေပေးရန် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့စု (မန္တလေး)သို့ ဖုန်းဆက်အကူအညီတောင်းခံခဲ့သည်။

သို့ဖြစ်၍ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေး ရဲတပ်ဖွဲ့စု(မန္တလေး)မှ တပ်ဖွဲ့ဝင်များသည် နိုင်ငံခြားသားများဝင်/ထွက် သွားလာ တတ်သည့်နေရာများအား လိုက်လံစုံစမ်းရှာဖွေခဲ့သည်။

ထိုသို့စုံစမ်းရှာဖွေနေစဉ် အောင်မြေသာစံမြို့နယ် မြနန်းစံကျော် ရွှေနန်းတော် မြက်ခင်းပြင်တွင် အနက်ရောင်ပိုက်ဆံအိတ်တစ်လုံးကို ရှေးဟောင်းဦးစီးဌာန ဝန်ထမ်းများက ယင်းနေ့ ညနေ ၄ နာရီခွဲခန့်တွင် တွေ့ရှိကြောင်းသိရသဖြင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့စု (မန္တလေး)မှ ရဲတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ပြီး မြနန်းစံကျော် ရွှေနန်းတော်ကျောင်းသို့ အဆိုပါ အမေရိကန်နိုင်ငံသားအား ခေါ်ယူပြသခဲ့ရာ ၎င်းပျောက်ဆုံးသွားသော ပိုက်ဆံအိတ်နှင့် ပစ္စည်းများမှန်ကန်သဖြင့် ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)** **(ရဲပြန်ကြား)**

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား သံအမတ်ကြီးများ လာရောက်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၉

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား မြန်မာနိုင်ငံဆိုင်ရာ သြစတြီးယားနိုင်ငံ သံအမတ်ကြီး H.E.Mr.Enno Drofenik သည် ဇန်နဝါရီ ၂၉ ရက် မွန်းလွဲ ၂ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထို့ပြင် ညနေ ၃ နာရီတွင် ပြည်ထောင်စုဝန်ကြီးအား မြန်မာနိုင်ငံဆိုင်ရာ ဖင်လန်နိုင်ငံ သံအမတ်ကြီး H.E.Ms. Kirsti Westphalen သည် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံသည်။

အလားတူ ညနေ ၄ နာရီတွင် ပြည်ထောင်စုဝန်ကြီးအား မြန်မာနိုင်ငံဆိုင်ရာ ပေါ်တူဂီနိုင်ငံ သံအမတ်ကြီး H.E.Mr. Louis Manuel Barreira de Sousa သည် လာရောက်တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိတ္ထီလာသဲကုန်းကျေးရွာအနီး သတ္တဝါနှစ်ကောင်၏ ထူးခြားသောအရိုးစု သုတေသနပြုချက်အရ တောကြောင်မျိုးနွယ်ဝင်သတ္တဝါများဖြစ်ကြောင်းသိရ

မိတ္ထီလာ ဇန်နဝါရီ ၂၉

မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် ညောင်ကန်ကျေးရွာအုပ်စု သဲကုန်းကျေးရွာအနီးတွေ့ရှိသည့် သတ္တဝါနှစ်ကောင်၏ ထူးခြားသောအရိုးစုများအား ရန်ကုန်တက္ကသိုလ်များ သုတေသနဌာနဓာတ်ခွဲခန်းတွင် လေ့လာစမ်းသပ်ချက်များနှင့် သတ္တဗေဒကျွမ်းကျင်ပညာရှင်တစ်ဦး၏ လေ့လာ သုံးသပ်ချက်အရ တောကြောင်မျိုးနွယ်ဝင် သတ္တဝါများ၏ အရိုးစုများသာဖြစ်ကြောင်း သိရှိရသည်။

"သတင်းစာထဲမှာ ထူးခြားတဲ့အရိုးစုတွေရဲ့ သတင်းဓာတ်ပုံကို တွေ့မိတဲ့ အငြိမ်းစားပါမောက္ခတစ်ဦးက အဲဒါကို စိတ်ဝင်စားပြီး အရိုးစုကို သူ့ဆီယူလာပြီး စမ်းသပ်လေ့လာကြည့်ဖို့ပြောတယ်။ ကိုယ့်ဆရာဆိုတော့ သူပြောတဲ့အတိုင်း အရိုးစုတစ်ခုကို ရန်ကုန်ကို ယူသွားတယ်။ သူက အငြိမ်းစားယူပြီးပေမယ့် ရန်ကုန်တက္ကသိုလ်များ သုတေသနဌာနတစ်ခုမှာ ကိစ္စတစ်ခု ဆောင်ရွက်နေတာမို့ အဲဒီမှာပဲ အရိုးစုကို စမ်းသပ်သုတေသနပြု လေ့လာကြည့်တယ်။ အရိုးစုနှစ်ခုတွေ့တာ။ တစ်ခုရဲ့အမြီးပိုင်းမှာ အမွေးအမှင်တွေကပ်နေတာ။ အမွေးအမှင်ရှိရင် တွားသွားသတ္တဝါမျိုး မဟုတ်တော့ဘူး။ နို့တိုက်သတ္တဝါမျိုးဖြစ်မယ်လို့ အစောပိုင်းက တွေးလို့ရတယ်။ သတင်းထဲမှာ နဂါးသတ္တဝါနဲ့ ဆင်တူတဲ့ ထူးခြားတဲ့အရိုးစုတွေလို့ ဆိုထားပေမယ့် အရိုးကိုကြည့်ပြီး အရပ်စကားနဲ့ အလွယ်ပြောလိုက်တာမို့ မြွေမျိုးစိတ်လို့ ထင်မယ်ဆို ထင်နိုင်တယ်လေ။ တကယ်တမ်း သေသေချာချာဓာတ်ခွဲခန်းမှာ မိုက်ကရိုစကုပ်လို အဏုကြည့်မှန်ပြောင်းမျိုးနဲ့ လေ့လာကြည့်တော့ နို့တိုက်သတ္တဝါမျိုးစိတ်ဆိုတာ ပထမသိရတယ်။

အဲဒီနောက် ဘယ်လိုသတ္တဝါမျိုးစိတ်ဖြစ်နိုင်မလဲ ဆက်လက်ပြီး သုတေသနပြုကြည့်တော့ တောကြောင်အနွယ်ဝင် တောကြောင်မျိုးစိတ်သတ္တဝါတွေရဲ့ အရိုးမျိုးဖြစ်ကြောင်း သိရသည်။ တောကြောင်မှာလည်း မျိုးစိတ်တွေက အများကြီးရှိတော့ ဘယ်လိုတောကြောင်မျိုးစိတ်လဲဆိုတာတော့ ဆက်ပြီး မလေ့လာတော့ဘူး။ ဘာကြောင့်လဲဆိုတော့ တောကြောင်မျိုးစိတ်ဆိုတာ မရှားမပါးရှိနိုင်တဲ့ သတ္တဝါမျိုးစိတ်ဖြစ်တယ်။ အစက လေ့လာကြည့်တယ်ဆိုတာ ထူးခြားတဲ့ သတ္တဝါမျိုးစိတ်တစ်ခု ဖြစ်မလားဆိုတဲ့ စိတ်ဝင်စားမှုနဲ့ လေ့လာကြတာ" ဟု အဆိုပါအရိုးစုများအား တွေ့ရှိရသည့် သဲကုန်းကျေးရွာမှတစ်ဆင့် ရန်ကုန်တက္ကသိုလ်များ သုတေသနဌာနသို့ ပို့ဆောင်သုတေသနပြုရာတွင် အဓိကပါဝင်ဆောင်ရွက်ခဲ့သည့် မိတ္ထီလာတက္ကသိုလ် သတ္တဗေဒဌာနမှူး ပါမောက္ခ ဒေါ်မေသက်ဦးက ပြောသည်။

၎င်းအရိုးစုများကို လေ့လာ ကြည့်ရာတွင် များစွာအထောက်အကူပြုခဲ့သည့်အချက်မှာတွေ့ရှိရသည့် အရိုးစုနှစ်ခုအနက် အရိုးစုတစ်ခု၏ အမြီးပိုင်းတွင်ပါရှိသည့် အမွေးအမှင်များသည် တွားသွားသတ္တဝါများ၏ အရိုးစုများမဟုတ်ကြောင်း အတည်ပြုနိုင်ရန်အတွက် များစွာအထောက်အကူပြုခဲ့ကြောင်း သိရသည်။

"ကျွန်မတို့ နောက်တစ်ခေါက်သွားပြီး အရိုးစုတွေတွေ့တဲ့နေရာကို ရှာကြည့်တော့ ဦးခေါင်းပိုင်းအရိုးစုနဲ့ ပထမလည်ဆစ်ရိုးလို့ထင်ရတဲ့ အရိုးစုအချို့ကို ထပ်ပြီးတွေ့ရတယ်။ ပထမတွေ့ရတဲ့အရိုးစုတွေမှာက ဒုတိယလည်ဆစ်ရိုးအထိပဲ ပါလာတော့တာလေ။ အရိုးစုတွေက ကြီးပြီးတော့ ကျောရိုးဆစ်တွေနဲ့ ဆက်စပ်တဲ့ အရိုးငယ်တွေကလည်း ကြီးတော့ တခြားသတ္တဝါမျိုးစိတ်ဖြစ်မယ် ထင်ခဲ့ကြတာ။ လေ့လာကြည့်မှ တောကြောင်မျိုးစိတ်တွေမှာလည်း အဲဒါမျိုးအရိုးဖွဲ့စည်းပုံရှိတယ်ဆိုတာသိရတာ။ လေ့လာရာမှာ အမြီးပိုင်းမှာပါလာတဲ့ အမွေးအမှင်တွေက တွားသွားသတ္တဝါမျိုးစိတ်မဟုတ်နိုင်ကြောင်းဆိုတာ အတည်ပြုဖို့ အထောက်အကူ အများကြီးရတယ်။ တစ်နည်းအားဖြင့် အရိုးစုတွေက နို့တိုက်သတ္တဝါမျိုးစိတ်ရဲ့ အရိုးများသာဖြစ်ကြောင်း အတည်ပြုနိုင်ဖို့ အထောက်အကူပြုခဲ့ပါသည်"ဟု ၎င်းက ပြောသည်။

အဆိုပါထူးခြားသည့် အရိုးစုနှစ်ခုအနက် ရန်ကုန်တက္ကသိုလ်များ သုတေသနဌာနသို့ အရိုးစုတစ်ခုပို့ဆောင်လေ့လာသုတေသနပြုခဲ့ပြီး ကျန်အရိုးစုတစ်ခုကို မန္တလေးမြို့ရှိ သတ္တဗေဒပါမောက္ခအငြိမ်းစား ဆရာကြီးတစ်ဦးထံ ပို့ဆောင်ပြသလေ့လာကြည့်သောအခါတွင်လည်း တောကြောင်မျိုးစိတ်သတ္တဝါများ၏ အရိုးစုများသာဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၀၁၃ ခုနှစ် သြဂုတ်လ ၁၂ ရက် နေ့လယ်ပိုင်းက မိတ္ထီလာမြို့နယ် ညောင်ကန်ကျေးရွာအုပ်စု သဲကုန်းကျေးရွာသို့ ခေတ္တအလည်အပတ် ရောက်ရှိနေသည့် လူငယ်တစ်ဦးက ရွာ၏မြောက်ဘက် မနီးမဝေးရှိ ရေမရှိသည့်အိုင်ငယ်တစ်ခုအနီးမှ သတ္တဝါနှစ်ကောင်၏ ထူးခြားသည့် အရိုးစုများ တွေ့ရှိရကြောင်းကို မြန်မာ့အလင်းသတင်းစာတွင် နယ်မြေခံသတင်းထောက်က သတင်းရေးသားဖော်ပြခဲ့ရာ ရန်ကုန်တက္ကသိုလ်မှ ပါမောက္ခအငြိမ်းစား ဆရာကြီးတစ်ဦးက စိတ်ဝင်တစားလေ့လာသုတေသန ပြုကြည့်ရန် မိတ္ထီလာတက္ကသိုလ် သတ္တဗေဒဌာနမှူး ပါမောက္ခ ဒေါ်မေသက်ဦးနှင့် ဆက်သွယ်ကာ အဆိုပါအရိုးစုများကို ယူဆောင်သုတေသနပြုကြည့်ခဲ့ရာမှ တောကြောင်မျိုးစိတ်ဝင်သတ္တဝါ၏ အရိုးစုများသာဖြစ်ကြောင်း သိရှိခဲ့ရသည်။

ချမ်းသာ(မိတ္ထီလာ)

မိတ္ထီလာ သဲကုန်းကျေးရွာအနီး ထူးခြားသောသတ္တဝါနှစ်ကောင်၏ အရိုးစု တွေ့ရှိသည့်နေရာ။

မိတ္ထီလာ သဲကုန်းကျေးရွာအနီး တွေ့ရှိရသည့် သတ္တဝါ၏အရိုးခြောက်ဖွဲ့စည်းမှုပုံသဏ္ဌာန်။

မိတ္ထီလာ သဲကုန်းကျေးရွာအနီး တွေ့ရှိရသည့် သတ္တဝါ၏အရိုးစု။

ဖခင်အမည်မှန်

အမှတ် (၅) အခြေခံပညာအထက်တန်းကျောင်း လှိုင်သာယာမြို့နယ် တက္ကသိုလ်ဝင်တန်း(E)မှ မစုစုလှိုင်၏ ဖခင်အမည်မှန်မှာ ဦးမြခိုင်ဖြစ်ပါကြောင်း။

ဝန်ထမ်းအလိုရှိသည်။
(၁) Air-Con ကျွမ်းကျင် လစာ ၁၅၀၀၀၀ ကျပ်
(၂) အလုပ်သင်အကူ လစာ ၁၀၀၀၀၀ ကျပ်
☎ 09 5158803, 095198402

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

သင်နှင့်ကျွန်ုပ်တို့၏အနာဂတ်

ချစ်နိုင်(စိတ်ပညာ)

Knowledge is power
Francis Bacon (1561-1626)
British statesman
"အသိပညာသည် စွမ်းအားဖြစ်ပေသည်။"
ဖရန်ဆစ်(စ်)ဘေကန်

နိဒါန်း

အရှေ့တောင်အာရှတွင် စင်ကာပူနိုင်ငံကို ဦးဆောင်ထူထောင်ခဲ့သူ လီကွမ်းယူက ဖြေကြားသော အင်တာဗျူးစာအုပ်အခန်း(၇)ကို သဗ္ဗိုက်(စ်)ဂျာနယ်မှာ ဘာသာပြန်ဖတ်မိသောအခါ သူ၏အမြင်နှင့် သူ၏သုံးသပ်ချက်များကို ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ၊ သူနှင့်သဘောတူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ မိမိတို့နိုင်ငံရှိလူငယ်များ သိရှိထားသင့်သည်ဟု ယူဆပါသဖြင့် ကောက်နုတ်တင်ပြအပ်ပါသည်။ ဂရေဟမ်အာလီဆင်နှင့် ရောဘတ်ဒီ၊ ဘလက်ဝီး(လ်)တို့က အလီဝိန်းနှင့်ပူးတွဲပြုစုထားခြင်းဖြစ်ပါသည်။

ဂလိုဘယ်လိုက်ဇေးရှင်းက ဘယ်လိုစိန်ခေါ်မှုတွေကို ပေါ်ပေါက်စေပါသလဲ။ ဘယ်လိုအခွင့်အရေးတွေကို ရရှိစေပါသလဲဟူသော မေးခွန်းကို စင်ကာပူဝါရင့်ဝန်ကြီး လီကွမ်းယူ(ယခုသက်ရှိထင်ရှားရှိနေဆဲ)က ဖြေဆိုရာတွင် အောက်ပါအချက်များတွေ့ရှိလိုက်ပါသည်-

စိန်ခေါ်ချက်များ

၁။ လူသားရှင်သန်ရပ်တည်ရေးကို အဆိုးရွားဆုံးခြိမ်းခြောက်မှုကတော့ တစ်ကမ္ဘာလုံးပူနွေးလာတာနဲ့ ရာသီဥတုပြောင်းလဲလာတာပဲ။ (လွန်ခဲ့သော အနှစ်နှစ်ဆယ်ကာလ ၁၉၉၃ က စာရေးဆရာ ချစ်စံဝင်းသည် **"ပူနွေးဆူဝေ ကမ္ဘာမြေ"**ဟူသော စာအုပ်ကို ရေးသား၍ သတိပေးခဲ့၏။)

၂။ ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာပါလိမ့်မယ်။ ပင်လယ်ကမ်းခြေနေ လူသားသန်းပေါင်းများစွာ အတိဒုက္ခရောက်ကြရပါလိမ့်မယ်။ ရေအောက်နစ်မြုပ်သွားမယ်။

၃။ လူသားသန်းပေါင်းများစွာ နောက်ထပ်ရေမလုံလောက်မှု ဖြစ်ပေါ်လာမယ်။ (အမျိုးသားစာပေဆုရ ဆရာကျော်ဦး(စက်မှုတက္ကသိုလ်)က **"လူတို့အတွက်ရေ"** ဟူသော စာအုပ်ဖြင့် ၂၀၁၂ ခုနှစ် အမျိုးသားစာပေဆုဆွတ်ခူးရရှိခဲ့ပါ၏။ ကမ္ဘာပေါ်မှာ အနာဂတ်တွင် ရေချိုမည်မျှခက်ခဲရှားပါးလာတော့မည်ကို စေ့စပ်စွာသုတေသနပြုကာ ဖော်ထုတ်ရေးသားထားပါသည်။)

၄။ လေထဲမှာရှိတဲ့ ကာဗွန်ဒိုင်အောက်ဆိုက်နဲ့ ဖန်လုံအိမ်ဓာတ်ငွေ့တွေက ကမ္ဘာတစ်ဝန်းလုံး ရာသီဥတုတွေကို ပြောင်းလဲပစ်တဲ့အတွက် ရေခဲတောင်ထိပ်တွေ ပျော်ကျလာကြမယ်။ (မြန်မာနိုင်ငံရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့် လူမှုရေးအသင်းအဖွဲ့များက သစ်တောသစ်ပင်ထိန်းသိမ်းကာကွယ်ရေးကို စည်းရုံးပညာပေးနေကြပါသည်။ သစ်ခုတ်ပြီး နိုင်ငံခြားသို့ သစ်လုံးများတင်ပို့နေသူများကတော့ နားမပါကြပါ။ ပန်းပန်လျက်ပါ။)

၅။ ကမ္ဘာမြေရဲ့အကန့်အသတ်ရှိတဲ့ အရင်းအမြစ်တွေ အထူးသဖြင့် ရေနံအတွက် တိုက်ကြခိုက်ကြတာကြောင့် သဘောကွဲလွဲမှုတွေ၊ ပဋိပက္ခတွေ ပိုများလာမယ်။ (လတ်တလော ရေနံဈေးခုန်တက်လာသဖြင့် မြန်မာ့ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့တူးဖော်မှုများ ဝင်ငွေတိုးလာဖွယ်ရှိသကဲ့သို့ တပ်မတော်(ရေ)ကိုလည်း ပိုမိုခေတ်မီအောင် အင်အားဖြည့်ဖို့လိုအပ်ပေလိမ့်မည်။)

၆။ အေအိုင်ဒီအက်စ်၊ မူးယစ်ဆေးဝါးပျံ့နှံ့မှုပြဿနာ၊ တရားမဝင်ရွှေ့ပြောင်းအခြေချနေထိုင်မှုများ၊ ကမ္ဘာလုံးဆိုင်ရာ လူဆိုးဂိုဏ်းများ၊ ကမ္ဘာ့အနှံ့ပျံ့နှံ့နေတဲ့ အကြမ်းဖက်ဝါဒတို့ဟာ ကမ္ဘာပေါ်မှာ ဆက်လက်ရှိနေပြီး တွန်းလှန်ဖယ်ရှားနေရဦးမယ်။

၇။ ဂလိုဘယ်လိုက်ဇေးရှင်းရဲ့ ရလဒ်ဆိုးအနေနဲ့ ပေါ်ထွက်လာနေတာက မြင့်မြင့်မားမားပညာတတ်သူများနဲ့ အဆင့်နိမ့်နိမ့်ပညာတတ်သူများအကြား၊ မြို့ပြက ဝင်ငွေနဲ့ ကျေးလက်က ဝင်ငွေအကြား၊ ပင်လယ်ကမ်းရိုးတန်း ပြည်နယ်တွေနဲ့ ကုန်းတွင်းပိုင်းပြည်နယ်တွေအကြား၊ တန်းတူညီမျှမှုမရှိတာက ပို၍ပို၍ အလှမ်းကွာလာတဲ့အဖြစ်ပဲ။

အထက်ပါအခက်အခဲနှင့်စိန်ခေါ်မှုများကို မျက်မှောက်ခေတ်လူငယ်များ အမြင်ကျယ်စွာ သိမြင်ထားရပါမည်။ ဆက်လက်၍ အောက်ပါအခွင့်အရေးအခွင့်အလမ်းများကိုလည်း မိမိရရဆုပ်ကိုင်နိုင်အောင် ကြိုးပမ်းကြဖို့လိုပါလိမ့်မည်။

အခွင့်အလမ်းများ

၁။ ပိုကျန်းမာလာပြီး ပိုအသက်ရှည်လာမယ်။ (ဆေးလိပ်၊ ကွမ်းယာ၊ အရက်၊ ဘီယာနှင့်မူးယစ်ဆေးတို့ကိုကား ရှောင်ရှားနိုင်ရပေမည်။)

၂။ အစားအစာတွေ ပိုပေါလာလိမ့်မယ်။
(အရက်သောက်မည့်အစား နွားနို့သောက်ပါဟု ကျန်းမာအောင်၊ အသက်ရှည်အောင် စေတနာနှင့်ပြောသည့်စကားကို ဟားစရာလှောင်စရာအဖြစ် နောက်ပြောင်ခဲ့သော လူငယ်အချို့၏ အသိဉာဏ်နိမ့်ပါးမှုကို ကြားသိရသောအခါ များစွာသနားကရုဏာသက်မိပါသည်။)

၃။ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုတွေ ကမ္ဘာလုံးချီပြီး တိုးချဲ့လာကြမယ်။ (မြန်မာနိုင်ငံသို့ ၂၀၁၂-၂၀၁၃ မှ စတင်ကာ ဒေါ်လာသန်းထောင်ပေါင်းများစွာ တိုက်ရိုက်ရင်းနှီးမြှုပ်နှံခြင်းများ သိသိသာသာတိုးတက်များပြားလာနေပါပြီ။ အလုပ်အကိုင် အခွင့်အလမ်းများကို ပိုင်နိုင်စွာ ဖမ်းယူထမ်းဆောင်နိုင်အောင် လူငယ်များ မိမိတို့ပညာအရည်အသွေးကို လေ့ကျင့်ပြင်ဆင်ထားကြပါရဲ့လား။ တော်အောင်တတ်အောင် အဆင်သင့် ပျိုးထောင်ထားကြရပါမည်။ အခွင့်အရေးတွေက တန်းစီပြီးလာနေပြီ။ ဖမ်းယူဆုပ်ကိုင်ဖို့အသင့်ပြင်ကြပါကုန်။

၄။ ပိုပြီးများတဲ့ လူဦးရေက ပိုပြီးစီးပွားတိုးတက်ရေး၊ ပိုပြီးချမ်းသာကြွယ်ဝရေးဆီသို့ ဦးတည်ရွေ့လျားနေပြီ။ (နှစ်ဆယ်ရာစုအတွင်း ဆင်းရဲခဲ့သောအာရှသည် နှစ်ဆယ့်တစ်ရာစုမှာ ကမ္ဘာ့အဆင့် သန်းကြွယ်သူဌေးဦးရေများစွာ ပေါ်ထွန်းလာခဲ့ပြီ။ ဆက်လက်တိုးပွားနေဆဲဖြစ်သည်။ ဤလှိုင်းရေစီးပေါ်မှာ မြန်မာတွေပါပါစေ၊ အချင်းချင်းပဲဆဲရေးပုတ်ခတ်ပြီး မနာလိုဝန်တို အကုသိုလ်မများပါနှင့်။)

ဂလိုဘယ်လိုက်ဇေးရှင်းရဲ့ ရလဒ်ဆိုးအနေနဲ့ ပေါ်ထွက်လာနေတာက မြင့်မြင့်မားမားပညာတတ်သူများနဲ့ အဆင့်နိမ့်နိမ့်ပညာတတ်သူများအကြား၊ မြို့ပြက ဝင်ငွေနဲ့ ကျေးလက်က ဝင်ငွေအကြား၊ ပင်လယ်ကမ်းရိုးတန်း ပြည်နယ်တွေနဲ့ ကုန်းတွင်းပိုင်းပြည်နယ်တွေအကြား၊ တန်းတူညီမျှမှုမရှိတာက ပို၍ပို၍ အလှမ်းကွာလာတဲ့အဖြစ်ပဲ။

၅။ နည်းပညာသစ်တွေ၊ ချက်ချင်းဆက်သွယ်လို့ရတဲ့ ဆက်သွယ်ရေးစနစ်တွေ၊ မြန်ဆန်တဲ့သယ်ယူပို့ဆောင်ရေးစနစ်တွေက ကမ္ဘာမြေကြီးကို ပေါင်းစည်းပေးထားတယ်။ (တစ်ရွာနှင့်တစ်ရွာပင် လှေလမ်းလှည်းလမ်း ကြန့်ကြာခဲ့ရသော အခြေအနေမှ နိုင်ငံခြားအထိ ချက်ချင်းဖုန်းပြောနိုင်သည့် အခြေအနေရောက်လာကြပြီ။ ဆက်လက်ပြီး သတင်းနည်းပညာဖြင့် ဘဏ်လုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း၊ ကြော်ငြာလုပ်ငန်း၊ ဆက်လက်ဖွံ့ဖြိုးတိုးတက်လာပါဦးမည်။)

၆။ လျင်မြန်လှတဲ့ နည်းပညာဆိုင်ရာ တိုးတက်မှုတွေက ကမ္ဘာတစ်ဝန်းလွှမ်းခြုံပျံ့နှံ့ရေးကို အကြီးအကျယ်အရှိန်မြှင့်ပေးခဲ့တယ်။ တယ်လီဖုန်း ဆက်သွယ်ရေးစနစ်တွေရဲ့ အကြီးအကျယ်ခုန်ပျံကျော်လွှားတိုးတက်မှုတွေနဲ့ အင်တာနက်လို သတင်းအချက်အလက်နည်းပညာရဲ့ ဆန်းသစ်တီထွင်မှုတွေကြောင့် ကမ္ဘာကြီးဟာ သိပ်ကိုသေးငယ်သွားတဲ့အရာ ဖြစ်သွားပါပြီ။ (ကမ္ဘာ့ရွာဟု ဆိုနေကြချိန်တွင် မိမိတို့က ဘာမှမတတ်၊ ဘာမှမသိ၊ ခေတ်နောက်ကျကျန်ရစ်နေမည့် အခြေအနေမျိုး မဖြစ်သင့်ပေ။)

၇။ ယခုအခါမှာ စိတ်ကူးအသစ်အဆန်းတွေရှာဖို့ ခရီးရှည်ကြီးသွားဖို့ မလိုအပ်တော့ဘူး၊ ကွန်ပျူတာခလုတ်ခုံထိလိုက်ရုံနဲ့ သတင်းအချက်အလက် အရေအတွက်ပေါင်းများစွာကို အချိန်မရွေး၊ နေရာမရွေး၊ ချက်ချင်းထုတ်လွှင့်ပေးလို့ရတယ်။ (အိုင်တီသတင်းအချက်အလက်နည်းပညာကို မသိမဖြစ်သိအောင်လုပ်ပါ၊ အသုံးချပါ။)

၈။ အိုင်တီကဏ္ဍအတွင်း ဖွံ့ဖြိုးတိုးတက်မှုတွေရဲ့ နောက်ပိုင်းမှာ ဖွံ့ဖြိုးပြီး နိုင်ငံတွေအတွက် လူတော်တွေအများကြီး ပိုပြီးလိုအပ်လာပေလိမ့်မယ်။ (မြန်မာလူငယ်များလည်း နိုင်ငံတကာနှင့် ရင်ပေါင်တန်းယှဉ်၍ ပါဝင်နိုင်ပါစေ။)

၉။ နည်းပညာတိုးတက်မှုတွေနဲ့ ခပ်ကင်းကင်းနေတဲ့ တိုင်းပြည်တွေကတော့ အရှုံးသမားတွေဖြစ်လိမ့်မယ်။ (နည်းပညာတိုးတက်မှုကို ကြိုးစားပြီး အသုံးမချလိုက်နိုင်လျှင် လူတစ်ဦးချင်းဟာ ကျွဲဘဝ၊ နွားဘဝကျရောက်သွားကာ ထမ်းပိုးတုံးကို ထမ်းကြရုန်းကြရမည်ကို မြင်ကြဖို့လိုပါသည်။)

၁၀။ အိုင်တီတော်လှန်ပြောင်းလဲမှုပေးတဲ့အခွင့်အလမ်းတွေကို မလွတ်တမ်းယူကြရမယ်။ (လူငယ်တိုင်းက ချက်တင်လောက်၊ ပျော်ရွှင်မှုဖျော်ဖြေမှုသုံးတာလေးလောက်နှင့် ကျေနပ်ရပ်တန့်မနေဘဲ ပညာကြိုးစားကြရမည့် ခေတ်ကောင်းအခါကောင်းရောက်နေပါပြီ။)

၁၁။ အနာဂတ်တိုးတက်မှုဖန်တီးရေးကို သိပ္ပံနဲ့နည်းပညာက အဆုံးအဖြတ်ပေးတယ်။ (စစ်ရေး၊ နိုင်ငံရေးခေါင်းဆောင်များကိုယ်တိုင် နည်းပညာကို အသုံးချနိုင်ရပါမည်။)

၁၂။ ကလေးသူငယ်များ၊ လူငယ်များကို ခိုင်မာလေးနက်တဲ့ လူမှုဝတ္တရားနားလည်မှုနဲ့ အမှားအမှန်ခွဲခြားဝေဖန်နိုင်တဲ့ အသိအမြင်သွတ်သွင်းပေးဖို့ မိသားစုဝင်တွေမှာ တာဝန်ရှိတယ်။ (မိခင်၊ ဖခင်၊ ဆရာဆရာမများသည် ဘာသာတရားအဆုံးအမ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ လူမှုကျင့်ဝတ်၊ ပြည်သူ့နီတိ၊ အမျိုးသားပင်ကိုဟန်လက္ခဏာ၏တန်ဖိုးများကို ငယ်စဉ်ကပင် စွဲမြဲစိမ့်ဝင်အောင် ပြုပြင်သင်ကြားပေးကြရပါမည်။ ဤအချက်များသည် မိဘတိုင်းအတွက် အလွန်အရေးကြီးနေပါသည်။)

[မူရင်းစာအုပ်ကို ဘာသာပြန်သူဆရာကောင်းထက်ဝင်း (ရန်ကုန်တက္ကသိုလ်)ကိုလည်း အထူးကျေးဇူးတင်ပါကြောင်း ဖော်ပြလိုပေသည်။] နိုင်ငံပြုသူခမိန်တစ်ဦး၏ အတွေးအမြင်များကို လူငယ်အချင်းချင်း ဆွေးနွေးတိုင်ပင်ပြီး ဘဝအတွက် လက်တွေ့အသုံးဝင်အောင် အသုံးချဆောင်ရွက်နိုင်ကြလျှင် မြန်မာနိုင်ငံသည် ဆင်းရဲခြင်း၊ ခေတ်နောက်ကျခြင်းနွံအတွင်းမှ လျင်မြန်စွာရုန်းထလွတ်မြောက်ရမည် ဧကန်ပင်ဖြစ်ပါသည်။ လီကွမ်းယူ၏ အမြော်အမြင်ကို လူငယ်များ ကိုယ့်ဘဝနှင့်ထင်ဟပ်၍ အသုံးချကြစေချင်ပါသည်။ ။

မြန်မာနိုင်ငံတွင် ကြီးမားသောပြုပြင်ပြောင်းလဲမှုများကို မြင်တွေ့နေရပြီ

နေပြည်တော် ဇန်နဝါရီ ၂၉

မြန်မာနိုင်ငံတွင် ကြီးမားသောပြုပြင်ပြောင်းလဲမှုများကို မြင်တွေ့နေရပြီး ယခုလက်ရှိ စီးပွားရေးအခြေအနေသည်လည်း အလားအလာကောင်းသည်ဟု အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့က သုံးသပ်ထားသည်။

သို့ရာတွင် ငွေကြေးဖောင်းပွမှုသည် ယခုလက်ရှိ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ခြောက်ရာခိုင်နှုန်း၏အထက်၌ ရှိနိုင်သည့်အတွက် မြင့်မားနေသေးကြောင်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင်လည်း ယခုထက်မြင့်မားနေဦးမည်ဖြစ်ကြောင်း IMF အဖွဲ့၏ မြန်မာ-မက်ခရိုစီးပွားရေးသုံးသပ်ချက်အရ သိရသည်။

ထို့အပြင် မက်ခရိုစီးပွားရေးစီမံခန့်ခွဲမှုစွမ်းရည်မှာ အကန့်အသတ်ရှိနေသေးကြောင်း၊ ကြွေးမြီမြင့်မားနေပြီး ကျပ်ငွေတန်ဖိုးကျလျက် လျှပ်စစ်မီတာနှုန်းမြင့်တင်ခြင်းစိန်ခေါ်မှုများလည်း ရှိနေသေးကြောင်း၊ နိုင်ငံတကာအရန်ငွေကြေးပမာဏလည်း နည်းပါးနေသေးပြီး ငွေကြေးအတက်အကျဒဏ်လည်းရှိနေသေးကြောင်း အဆိုပါအဖွဲ့၏သုံးသပ်ချက်အရ သိရသည်။

တစ်ဖက်တွင်လည်း မြန်မာနိုင်ငံ၌ ဝန်ထမ်းများအား စောင့်ကြပ်ကြည့်ရှုသောအစီအစဉ်သည် အောင်မြင်လျက်ရှိပြီး IMF က အားပေးထောက်ခံပါကြောင်း၊ ဤအစီအစဉ်တွင် ပါဝင်ကူညီခဲ့ရမှုအပေါ်တွင်လည်း အားရကျေနပ်ပါကြောင်းဖြင့် ယင်းသုံးသပ်ချက်တွင် ဖော်ပြထားသည်။

အလားတူ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ နိုင်ငံခြားရန်ပုံငွေတိုးတက်စေရန် ငွေကြေးမူဝါဒစွမ်းရည်ကိုလည်း တည်ဆောက်ရမည်ဖြစ်ကြောင်း IMF က ထောက်ပြထားသည်။

အာဏာပိုင်များသည် ဘဏ္ဍာငွေဖွံ့ဖြိုးတိုးတက်မှုနှင့် တည်ငြိမ်ရေးကို ထိန်းသိမ်းရန်အတွက် ငွေကြေးလိုငွေပြမှုအား ဂျီဒီပီ၏ ငါးရာခိုင်နှုန်းဖြစ်စေရမည်ဟု ရည်မှန်းချက်ထားကြောင်း၊ သို့ရာတွင် ခေတ်မီတိုးတက်သော ဘဏ္ဍာရေးကဏ္ဍရရှိရေးအတွက် ထိရောက်သော ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန်အားထုတ်မှုများ လိုအပ်နေပြီး နှစ်အနည်းငယ်ကြာမြင့်ဦးမည်ဖြစ်ကြောင်းသုံးသပ်ခဲ့သည်။ သို့သော် IMF အနေဖြင့် အာဏာပိုင်များနှင့် အကျိုးရှိသော ပူးပေါင်းဆောင်ရွက်မှုများကို ကျယ်ပြန့်စွာဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဖြိုးစန္ဒာမြင့်

မြန်မာပြည်သူများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုအတွက် ထောက်ပံ့ပေးသွားမည်

နေပြည်တော် ဇန်နဝါရီ ၂၉

ဒုတိယအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်တွင် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ သံအမတ်ကြီးများ၊ မစ်ရှင်ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး ၂၀၁၃ ခုနှစ် ဇန်နဝါရီလမှစတင်၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် "ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးတွင် ထိရောက်မှုရှိစေမည့် နေပြည်တော်သဘောတူညီချက်"၏ ကြိုးပမ်းနေမှုအား ကြိုဆိုကြောင်းကို ယခုဖိုရမ်ကျင်းပစဉ်ကာလအတွင်း ထုတ်ပြန်ခဲ့သည့် ဥရောပသမဂ္ဂ၏ ပူးတွဲကြေညာချက်တွင် ဖော်ပြထားသည်။

အဆိုပါ သဘောတူညီချက်အရ ဥရောပသမဂ္ဂမှ မြန်မာနိုင်ငံတွင် လုပ်ဆောင်ပေးမည့် လုပ်ငန်းများအတွက် ဘက်စုံအကျိုးဝင်သည့် စီမံကိန်းများကိုလည်း ရေးဆွဲသွားမည်ဖြစ်ကြောင်း၊ ဥရောပသမဂ္ဂ၏ ရည်မှန်းချက်မှာ မြန်မာနိုင်ငံတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုများကို ထောက်ခံလျက် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို တန်ဖိုးထားရန်နှင့် မြန်မာအစိုးရအား နိုင်ငံတကာဝန်းကျင်တွင် နေရာပြန်လည် တည်ဆောက်ရန်အတွက် ကူညီပေးရေးပင်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ဥရောပသမဂ္ဂ-မြန်မာ လုပ်ငန်းအကောင်အထည်ဖော်သောအဖွဲ့အား ၂၀၁၃ ခုနှစ် နိုဝင်ဘာလတွင် စတင်ဖွဲ့စည်းခဲ့ပြီး ဥရောပသမဂ္ဂအနေဖြင့် မြန်မာနိုင်ငံအတွက် စီးပွားရေးအခွင့်အလမ်းများကို ဖော်ထုတ်နိုင်ခဲ့ကာ ယခုလက်ရှိ ပြောင်းလဲနေသော အချိန်တွင် အကောင်းဆုံး အကူအညီများ ပေးနိုင်မည်ဖြစ်ကြောင်း ယင်းကြေညာချက်အရ သိရသည်။

ဆက်လက်၍ ဥရောပသမဂ္ဂသည် မြန်မာပြည်သူပြည်သားများ အကျိုးရှိစေမည့် ငြိမ်းချမ်းရေး၊ ဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့် အားလုံးပါဝင်သော စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း အဆိုပါကြေညာချက်တွင် ထည့်သွင်းဖော်ပြထားသည်။

ဖြိုးစန္ဒာမြင့်

လွှတ်တော်ရေးရာကဏ္ဍ

ပြည်သူ့လွှတ်တော်အစည်းအဝေး

ကျွန်းစုမြို့နယ်အတွင်းရှိကိုယ့်အားကိုယ်ကိုးကျောင်းများ မူလတန်းကျောင်းအဖြစ်တိုးမြှင့်ပေးနိုင်ရေး စိစစ်ဆောင်ရွက်မည်

နေပြည်တော် ဇန်နဝါရီ ၂၉

ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေးနဝမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် အစီအစဉ် (၉)ခုဖြင့် ကျင်းပရာ မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော်၏ **"လွှတ်တော်တွင် ကတိပြုထားပြီးဖြစ်သည့် မယ်ဟန်-မိုင်းရယ်-ကျေးသီးလမ်းအပိုင်းရှိ နမ့္ဘောလီတံတား၊ ခိုနားလီ ဘောလီတံတားတို့အား သံကူကွန်ကရစ်တံတားအဖြစ် ပြုပြင်တည်ဆောက်ပေးရန်အတွက် ၂၀၁၄-၂၀၁၅ ဘတ်ဂျက်တွင် လျာထားဆောင်ရွက်ရန် အစီအစဉ်ရှိ /မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က အဆိုပါတံတားနှစ်စင်းအား သံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်ဆောက်လုပ်ရန် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရန်ပုံငွေတွင် နမ့္ဘတံတားအတွက်ငွေကျပ် ၁၆၅ သန်းနှင့်ခိုနားလီတံတားအတွက် ငွေကျပ်သန်း ၁၅၀ တင်ပြထားပြီး မြေစမ်းသပ်ခြင်း၊ တိုင်းတာခြင်း စသည့်အကြိုအင်ဂျင်နီယာလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာစန်းလွင်က ပညာရေးကဏ္ဍဆိုင်ရာ မေးခွန်း(၄)ခုနှင့် စပ်လျဉ်း၍ ရှင်းလင်း

ဒုတိယဝန်ကြီး ဒေါက်တာစန်းလွင် ဖြေကြားစဉ်။
(သတင်းစဉ်)

ဖြေကြားခဲ့သည်။

ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီ၏ **"ကျွန်းစုမြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး ကျောင်းများ အခြေခံပညာ မူလတန်းကျောင်းအဆင့် (Section) တိုးမြှင့်ခွင့်ပြုရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့် စပ်လျဉ်း၍ အဆိုပါကျောင်းများအနေဖြင့် ကျောင်းအဆင့် တိုးမြှင့်ပေးရန်အတွက် အမှုတွဲများအား တင်ပြထားပြီးဖြစ်သည့်အတွက် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်ကျောင်းအဆင့်တိုးမြှင့်ခြင်းများဆောင်ရွက်သည့်အချိန်တွင် အခြေခံပညာမူလတန်းကျောင်းအဖြစ် တိုးမြှင့်ပေးနိုင်ရေးအတွက် စိစစ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင်၏ကိုယ်စား လွိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ၏ **"နမ့်စန်မြို့နယ်အတွင်းရှိ ဟိုက်ဖက်ရွာ၊ အမှတ်(၅)ရပ်ကွက်၊ အမှတ်(၂)ရပ်ကွက်၊ အမှတ်(၁၀)ရွာနှင့်အမှတ်(၄)ရွာတို့ရှိ ကျောင်းများအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ပြုပြင်ပေးရန် (သို့မဟုတ်)အသစ်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့် စပ်လျဉ်း၍ နမ့်စန်မြို့နယ် အမှတ်(၂)ရပ်ကွက် အခြေခံပညာ မူလတန်းကျောင်းတွင် ကျောင်းဆောင် ဆောက်လုပ်ရန်အတွက် ၂၀၁၃- ၂၀၁၄ ဘဏ္ဍာရေးနှစ်ရန်ပုံငွေမှ ငွေကျပ် ၃၆ သန်း ခွဲဝေပေးခဲ့ပြီးဖြစ်ပါကြောင်း၊ အမှတ်(၅)ရပ်ကွက် အခြေခံပညာအလယ်

ကျွန်းစု မဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီ မေးမြန်းစဉ်။
(သတင်းစဉ်)

တန်းကျောင်း(ခွဲ)တွင် ကျောင်းဆောင်ဆောက်လုပ်ရန်အတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရန်ပုံငွေတွင် ငွေကျပ် ၇၂ သန်းအား ထည့်သွင်းလျာထားပြီး ဖြစ်ပါကြောင်း၊ အမှတ်(၁၀)ရွာ အခြေခံပညာမူလတန်းကျောင်းနှင့် အမှတ်(၄)ရွာ အခြေခံပညာ မူလတန်းကျောင်းများအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ငွေလုံးငွေရင်းလျာထားချက်တွင် ပါဝင်မှုမရှိသေးပါကြောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် လျာထားချက်တွင် ပါဝင်နိုင်ရေးအတွက် အမှုတွဲများ ပေးပို့ရန် အကြောင်းကြားထားပြီးဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ရွှေကူမဲဆန္ဒနယ်မှ ဦးဝင်းနိုင်၏ **"ရွှေကူမြို့နယ် စီသာကျေးရွာအခြေခံပညာ အထက်တန်းကျောင်းခွဲကို အထက်တန်းကျောင်းအဖြစ် တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ အဆိုပါကျောင်းအား အခြေခံပညာ အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန်အတွက် အမှုတွဲတင်ပြထားသည်ကို တွေ့ရှိရသည့်အတွက် ၂၀၁၄- ၂၀၁၅ ပညာသင်နှစ်အတွက် ကျောင်းအဆင့်တိုးမြှင့်ခြင်းများ ဆောင်ရွက်သည့်အချိန်တွင် စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်က **"၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ(နှင်ထုတ်ခြင်း)အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း"**ကို လက်ခံဆွေးနွေးရန် အဆိုတင်သွင်းသည်။

အဆိုနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ အကြံပြုချက်နှင့်အညီ ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ(နှင်ထုတ်ခြင်း) အက်ဥပဒေကို မကြာသေးမီက ပြင်ဆင်ခဲ့ပါကြောင်း၊ အထူးလိုအပ်ခြင်းမရှိဘဲ ထပ်မံပြင်ဆင်ရန် မသင့်ပါကြောင်း၊ ယခုပြင်ဆင်လိုသည့် အချက်များသည် အနှစ်သာရအားဖြင့် များစွာ ပြောင်းလဲမှုမရှိပါကြောင်းနှင့် မပြင်ဆင်လျှင် မဖြစ်လောက်သည့်လိုအပ်ချက် မဟုတ်ခြင်းတို့ကြောင့် ပြင်ဆင်သည့်ဥပဒေတစ်ရပ် ပြဋ္ဌာန်းပြီး ပြင်ဆင်ရန် မသင့်ပါကြောင်းဖြင့် ရှင်းလင်းသည်။

ယင်းဥပဒေကြမ်းကို လက်ခံဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်၏ ဆန္ဒရယူရာ ကန့်ကွက်သည့်ကိုယ်စားလှယ်ဦးရေများသည့်အတွက် လက်ခံဆွေးနွေးရန်မရှိကြောင်း ဆုံးဖြတ်ခဲ့သည်။

ယနေ့အစည်းအဝေးကို မွန်းတည့် ၁၂ နာရီတွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်အစည်းအဝေး

အမျိုးသားဆေးဝါးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း ဆွေးနွေးရန်အဆိုတင်သွင်း

နေပြည်တော် ဇန်နဝါရီ ၂၉

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအနေဖြင့် သမိုင်းဝင်ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်

ဒုတိယဝန်ကြီး ဒေါက်တာတင်ရွှေ ဖြေကြားစဉ်။
(သတင်းစဉ်)

များ ထွန်းကားခဲ့သည့် ရခိုင်ပြည်နယ် မြောက်ဦးဒေသသို့ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ ပိုမိုသိရှိပြီး စိတ်ပါဝင်စားစွာဖြင့် လာရောက်လည်ပတ်စေရန်အတွက် ဝန်ကြီးဌာနမှ လုပ်ငန်းလိုင်စင် ရယူဆောင်ရွက်နေကြသော ခရီးသွားကုမ္ပဏီများမှ တစ်ဆင့်လည်းကောင်း၊ ပုဂ္ဂလိကအသင်းအဖွဲ့တစ်ခုဖြစ်သည့် မြန်မာနိုင်ငံဈေးကွက်မြှင့်တင်ရေးကော်မတီမှ တစ်ဆင့်လည်းကောင်း၊ ခရီးစဉ်ဒေသမြှင့်တင်ရေး အစီအစဉ်များကို ဆောင်ရွက်စေလျက်ရှိသည့်အပြင် ဝန်ကြီးဌာန၏ အစီအစဉ်ဖြင့်လည်း ဒေသတွင်းနှင့် နိုင်ငံတကာ ခရီးသွားပြပွဲများတွင် ဖော်ထုတ်ပြသပေးလျက်ရှိပါကြောင်းဖြင့် ဒုတိယဝန်ကြီး ဒေါက်တာတင်ရွှေက ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၂)မှ ဦးကျော်ကျော်၏ **သမိုင်းဝင် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ ထွန်းကားခဲ့သော မြောက်ဦးမြို့တွင် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကို အဆင့်တိုးမြှင့်(Tourism Promotion) လုပ်ဆောင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကို အကြောင်းပြု၍ လေယာဉ်ကွင်းတစ်ခု ပြုလုပ်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြန်လည်ဖြေကြားခဲ့သည်။

ထို့အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နိုင်ငံခြားသားခရီးသွားဧည့်သည်များ သွားလာလည်ပတ်နိုင်သော ခရီးစဉ်ဒေသအသစ်များ

ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၂)မှ ဦးကျော်ကျော် မေးမြန်းစဉ်။
(သတင်းစဉ်)

ဖော်ထုတ်နိုင်ရန်အတွက်ကိုလည်း သက်ဆိုင်ရာ ဒေသအာဏာပိုင် အဖွဲ့အစည်းများနှင့် ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊မြောက်ဦးဒေသသို့ ရေလမ်းခရီးဖြင့်သာ သွားရောက်နိုင်ခဲ့သော်လည်း ယခုအခါတွင် ကုန်းကြောင်းခရီးဖြင့်ပါ သွားရောက်နိုင်ပြီ ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ် မြောက်ဦးမြို့ရှိ မြောက်ဦးလေယာဉ်ကွင်းမှာ မြေသားပြေးလမ်းဖြစ်ပြီး လေယာဉ်ကွင်းအား ပြုပြင်ထိန်းသိမ်းမှုများ မရှိခဲ့သည့်အတွက် လက်ရှိလေယာဉ်ပြေးလမ်းတွင် လေယာဉ်များ ဆင်းသက်နိုင်မှုမရှိသည့် အခြေအနေဖြစ်နေပါကြောင်း၊ မြောက်ဦးလေယာဉ်ကွင်းတွင် လက်ရှိမြန်မာ့လေကြောင်းမှ ဝယ်ယူထားသည့် Cessna Grand Caravan 208-B EX ကဲ့သို့ လေယာဉ်ငယ်များ ဆင်း/တက် အသုံးပြုနိုင်ရေးအတွက် လက်ရှိလေယာဉ်ပြေးလမ်းအား ပြုပြင်မွမ်းမံခြင်းလုပ်ငန်းကို ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

မြောက်ဦး လေယာဉ်ကွင်းတွင် လေယာဉ်ငယ်များ ဆင်း/တက် အသုံးပြုနိုင်ရေးအတွက် လေယာဉ်ပြေးလမ်း ပြုပြင်မွမ်းမံခြင်းလုပ်ငန်း ဆောင်ရွက်ရန် ဦးစွာမြေမျက်နှာပြင်နှင့် ပတ်ဝန်းကျင်အနေအထားစစ်ဆေးခြင်း၊ မြေတိုင်းတာခြင်းလုပ်ငန်းများကို ယခုဘဏ္ဍာရေးနှစ်အတွင်း သွားရောက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ ကုန်ကျစရိတ်များ တွက်ချက်၍ နိုင်ငံတော်သို့ ရန်ပုံငွေခွင့်ပြုချက်ထည့်သွင်းတင်ပြတောင်းခံသွားပြီး ခွင့်ပြုချက်ရရှိပါက လေယာဉ်ပြေးလမ်း ပြုပြင်မွမ်းမံခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ရခိုင်ပြည်နယ် မြောက်ဦးမြို့သို့ ၂၀၁၂ ခုနှစ်တွင် နိုင်ငံခြားသား စုစုပေါင်း ၃၃၉ ဦး လာရောက်လည်ပတ်ခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် ၆၄၆ ဦး လာရောက်လည်ပတ်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ယခုအခါ မြောက်ဦးမြို့တွင် နိုင်ငံခြားသားများ တည်းခိုနိုင်ရန်အတွက် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ လိုင်စင်ရယူဆောင်ရွက်ထားရှိသော ဟိုတယ်ခြောက်လုံး စုစုပေါင်း အခန်း ၁၄၉ ခန်း ရှိပါကြောင်း သိရှိရသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော **မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေကြမ်း**အား ပြည်သူ့လွှတ်တော်ကပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေးတင်ပြခြင်းနှင့် ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းအား တင်သွင်းနိုင်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာခဲ့သည်။

ဆုံးဖြတ်

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းအောင်က **အမျိုးသားဆေးဝါးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးစဉ်းစားရန်** အဆိုတင်သွင်းရာ ယင်းအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်း ဆုံးဖြတ်ခဲ့သည်။

အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် အစီအစဉ် (၁၁)ခုဖြင့် ကျင်းပခဲ့ပြီး **မွေးမြူရေး**နှင့်သက်ဆိုင်သည့် မေးခွန်းနှစ်ခု၊ **ကျန်းမာရေး**နှင့် **ဟိုတယ်နှင့်ခရီးသွားလာရေး**ဆိုင်ရာမေးခွန်းတို့ကိုမေးမြန်းခဲ့ပြီး ဥပဒေကြမ်းတစ်ခု အသိပေးတင်ပြခြင်းနှင့် အဆိုတစ်ခုတင်သွင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပြီး နံနက်ပိုင်းတွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

စာအုပ်စာပေ လှူ့မိတ်ဆွေ

ပြင်ဆင်ဖတ်ရှုပါရန်

ဇန်နဝါရီ ၂၉ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၆ တွင်ပါရှိသော ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်အပေါ် လုံးဝယုံကြည်မှုရှိလာရေး အရေးကြီးဟူသော ခေါင်းစဉ်၏ ကော်လံ ၃ စာကြောင်းရေ ၆ ၌ CSR (Complete Social Responsibility) အစား CSR (Corporate Social Responsibility) ဟု ပြင်ဆင်ဖတ်ရှုပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ **နန္ဒာဝင်း**

ဘင်းမ်စတက် ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများအတွက် အကြို ညှိနှိုင်းစည်းဝေး

နေပြည်တော် ဇန်နဝါရီ ၂၉

ဘင်္ဂလားပင်လယ်အော် ဒေသတွင်း ကဏ္ဍစုံနည်းပညာနှင့်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် ဘင်းမ်စတက်(BIMSTEC) တတိယအကြိမ် ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ၂၀၁၄ ခုနှစ် မတ်လ ၁ ရက်မှ ၄ ရက်အထိ နေပြည်တော်၌ လက်ခံကျင်းပမည်ဖြစ်သည်။

တတိယအကြိမ် ထိပ်သီးအစည်းအဝေးနှင့်ဆက်စပ်အစည်းအဝေးများ ကျင်းပပြုလုပ်နိုင်ရန် ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၂၇ ရက်မှ ၂၈ ရက်အထိ နေပြည်တော် ရွှေနန်းတော်ဟိုတယ်၌ အကြို ညှိနှိုင်းအစည်းအဝေး ပြုလုပ်ပြီး ဘင်းမ်စတက် (BIMSTEC) အဖွဲ့ဝင်နိုင်ငံများအကြား ဆွေးနွေးမည့် Provisional Agenda များကို အသေးစိတ် ဆွေးနွေးကြခြင်းဖြစ်သည်။

အကြို ညှိနှိုင်းအစည်းအဝေးသို့ ဘင်းမ်စတက်(BIMSTEC)အဖွဲ့ဝင်နိုင်ငံများဖြစ်သော ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ Ms.Rezina Ahmed ဦးဆောင်သော အဖွဲ့ဝင်လေးဦး၊ ဘူတန်နိုင်ငံမှ Mr.Tshewang C.Dorji ဦးဆောင်သော အဖွဲ့ဝင်သုံးဦး၊ အိန္ဒိယနိုင်ငံမှ Mr.Sanjay Bhattacharyya ဦးဆောင်သော အဖွဲ့ဝင် လေးဦး၊ နီပေါနိုင်ငံမှ Mr.Yagya Bahadur Hamal ဦးဆောင်သော အဖွဲ့ဝင်နှစ်ဦး၊ သီရိလင်္ကာနိုင်ငံမှ Mr.A.L.M. Lafeer ဦးဆောင်သော အဖွဲ့ဝင်နှစ်ဦး၊ ထိုင်းနိုင်ငံမှ Mrs.Rattikul Chansuriya ဦးဆောင်သော အဖွဲ့ဝင်ငါးဦး၊ အာရှဖွံ့ဖြိုးရေးဘဏ် (ADB) မှ Mr.Ronald Antonio Q. Butic ဦးဆောင်သောအဖွဲ့ဝင် သုံးဦး၊ မြန်မာနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထင်လင်း ဦးဆောင်သောအဖွဲ့နှင့် သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးမှ အရာရှိများတက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)**

(သတင်းစဉ်)

ပြည်တွင်းသတင်း

မြန်မာနှင့် အစ္စရေး နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား နယ်ပယ်စုံ၌ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆွေးနွေး

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးနိုင်ငံသံအမတ်ကြီး H.E.Mr.Hagay Moshe Behar အား လက်ဆောင်ပစ္စည်းပေးအပ်စဉ်။ (မြဝတီ)

နေပြည်တော် ဇန်နဝါရီ ၂၉

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးနိုင်ငံသံအမတ်ကြီး H.E.Mr.Hagay Moshe Behar အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး လှဌေးဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က နှစ်နိုင်ငံသံတမန်ဆက်ဆံရေးနှစ် ၆၀ ကျော်ကြာမြင့်ခဲ့ပြီး ဆက်ဆံရေးလွန်စွာကောင်းမွန်မှုများ ရှိခဲ့ပါကြောင်း၊ လက်ရှိမြန်မာနိုင်ငံတွင် အခြေခံဥပဒေနှင့်အညီ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နေကြောင်း၊ ယင်း ပြုပြင်ပြောင်းလဲမှုများမှာ လွန်ခဲ့သည့် နှစ် ၂၀ ကျော်မှစပြီး စနစ်တကျ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်အစိုးရ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများတွင် အပြည့်အဝ ပူးပေါင်းပါဝင်ဆောင်ရွက်နေပါကြောင်း၊ မြန်မာနိုင်ငံ၏ ဖြစ်ပေါ် ပြောင်းလဲတိုးတက်မှုများအပေါ် အစ္စရေးနိုင်ငံမှ အသိအမှတ်ပြု အားပေးကူညီမှုများအတွက် ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပဏာမဆွေးနွေးပြောကြားသည်။

ထို့နောက် အစ္စရေးနိုင်ငံသံအမတ်ကြီးက မြန်မာနိုင်ငံ၏ သမိုင်းတွင် တပ်မတော်သည် အဓိကအစိတ်အပိုင်းအဖြစ် ပါဝင်ခဲ့သည်ကို သံသယမရှိပါကြောင်း၊ လက်ရှိ ပြုပြင်ပြောင်းလဲမှုများတွင်လည်း တပ်မတော်က ခိုင်မာစွာရပ်တည်ပါဝင်မှုကို သိရှိနားလည်ပါကြောင်း၊ လွန်ခဲ့သည့်နှစ်နှစ်ခွဲခန့်မှစပြီး မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများတွင် အပြုသဘောဆောင်ကာ လွန်စွာတိုးတက်ကောင်းမွန်မှုရှိကြောင်းဖြင့် ပြန်လည်ဆွေးနွေးပြောကြားသည်။

ဆက်လက်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အစ္စရေးနိုင်ငံသံအမတ်ကြီးတို့သည် နှစ်နိုင်ငံမှာ စိန်ခေါ်မှုများနှင့်ရင်ဆိုင်နေရသည့် တူညီသောအခြေအနေရှိပြီး တပ်မတော်က နိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို ကာကွယ်ထိန်းသိမ်းနေကြရသဖြင့် တစ်ဦးနှင့်တစ်ဦး ယုံယုံကြည်ကြည်ဆက်ဆံပြီး နှစ်နိုင်ငံနှင့် တပ်မတော်နှစ်ရပ်အကြား အကျိုးဖြစ်ထွန်းမည့်ကိစ္စရပ်များတွင် နယ်ပယ်စုံ၌ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်ရေးတို့အား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

ကမ္ဘာ့ဇီဝဗေဒ ပညာရှင်များက ဒေသကိုယ်စားပြု ဇီဝမျိုးစုံမျိုးကွဲများအား အထူးအလေးထား ထိန်းသိမ်းကာကွယ်ရမည့်ဒေသအဖြစ် မြန်မာနိုင်ငံအားသတ်မှတ်

နေပြည်တော် ဇန်နဝါရီ ၂၉

ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနနှင့် နော်ဝေနိုင်ငံ ရေသုတေသနတို့ ပူးပေါင်းကျင်းပသည့် ရေသယံဇာတ ဘက်စုံစီမံအုပ်ချုပ်လုပ်ကိုင်ခြင်း သင်တန်းဖွင့်ပွဲကို ယမန်နေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သစ်တောဦးစီးဌာနရုံးချုပ် အင်ကြင်းခန်းမ၌ ကျင်းပရာ **(ယာပုံ)** ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဆက်စပ်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ နော်ဝေသံရုံးမှ တာဝန်ရှိသူများ၊ နော်ဝေနိုင်ငံရေးသုတေသနဌာန (Norwegian Institute of Water Research-NIVA)မှ ကျွမ်းကျင်ပညာရှင်များ၊ ဖိတ်ကြားထားသူများ၊ သင်တန်းသားများ၊ သတင်းမီဒီယာများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက ကမ္ဘာနှင့်အဝန်း ဇီဝမျိုးစုံ မျိုးကွဲများပျက်စီးဆုံးရှုံးမှုပြဿနာများ ရင်ဆိုင်နေရချိန်တွင် မြန်မာနိုင်ငံအား ကမ္ဘာ့ဇီဝဗေဒပညာရှင်များက ဒေသကိုယ်စားပြုဇီဝမျိုးစုံမျိုးကွဲများအား အထူးအလေးထား ထိန်းသိမ်းကာကွယ်ရမည့်ဒေသ (Biodiversity Hot Spot) အဖြစ် သတ်မှတ်ထားပါကြောင်း။

ရေသယံဇာတများ စီမံအုပ်ချုပ်လုပ်ကိုင်မှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံသည် ဟိမဝန္တာတောင်တန်းဒေသအတွင်း ကျရောက်လျက်ရှိပြီး နိုင်ငံ၏ အဓိကမြစ်ကြီးများဖြစ်သော ဧရာဝတီ၊ ချင်းတွင်းနှင့် သံလွင်မြစ်များ မြစ်ဖျားခံစီးဆင်းလာကြခြင်းဖြစ်ကြောင်း၊ အဆိုပါ တောင်တန်းဒေသများသည် တောင်ပေါ်နှင့် မြေပြန့်ဒေသနှစ်ခုစလုံးတွင် နေထိုင်ကြသော ပြည်သူလူထုအတွက်ရေ၊ စားနပ်ရိက္ခာ၊ လောင်စာအစရှိသည်တို့အပြင် ဂေဟစနစ်ဝန်ဆောင်မှုအမျိုးမျိုးကိုလည်း ပံ့ပိုးပေးနေကြောင်း။

နှစ်စဉ်နိုင်ငံအတွင်းရှိ မြစ်ကြီးများမှာ စီးဆင်းနေသော ပျမ်းမျှရေပမာဏ ဧကပေ ၈၇၆ သန်းရှိပြီး အဆိုပါ ပမာဏ၏ ၅ ရာခိုင်နှုန်းခန့်ကိုသာ စိုက်ပျိုးရေး၊ မြို့ပြရေပေးဝေရေးစသည့် လုပ်ငန်းများတွင် သုံးစွဲနေခြင်းဖြစ်ကြောင်း၊ ထို့အပြင် ရေချိုရေကန်ကြီးများဖြစ်သည့် အင်းတော်ကြီး၊ အင်းလေးကန် စသည်တို့သည်လည်း အလွန်အရေးပါသော ရေအရင်းအမြစ်များ ဖြစ်ကြောင်း၊ သဘာဝသယံဇာတများအား စနစ်တကျ စီမံအုပ်ချုပ်ရာတွင် ဗဟုသုတကြွယ်ဝမှုနှင့် အမြော်အမြင်ရှိမှုတို့ လိုအပ်သလို အကျိုးဆက်စပ် ပတ်သက်သူများအကြား အချင်းချင်း ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်မှု၊ စနစ်တကျစီမံကိန်းရေးဆွဲဆောင်ရွက်မှု၊ နည်းပညာနှင့်ရန်ပုံငွေ ပံ့ပိုးမှုအစီအစဉ်များလည်း မဖြစ်မနေလိုအပ်ပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် နော်ဝေနိုင်ငံရေသုတေသနဌာနနှင့် ပူးပေါင်း၍ လုပ်ငန်းစဉ်(၄)ခုပါဝင်သည့် ရေသယံဇာတများဘက်စုံ စီမံအုပ်ချုပ်လုပ်ကိုင်မှု ဆိုင်ရာ လေ့ကျင့်ပညာပေးရေးနှင့် စွမ်းဆောင်ရည် မြှင့်တင်ခြင်းစီမံကိန်းကို စတင်အကောင်အထည်ဖော်မည်ဖြစ်ပါကြောင်း၊ စီမံကိန်းတွင် ပါဝင်သည့် လုပ်ငန်းစဉ်များမှာ စစ်တောင်းမြစ်နှင့် ပဲခူးမြစ်တို့ကို အခြေခံသည့်မြစ်ချောင်းများ ဆိုင်ရာ ရေသယံဇာတဘက်စုံ စီမံအုပ်ချုပ်လုပ်ကိုင်ခြင်း၊ ရှေ့ပြေးစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အင်းလေးကန်၏ ရေအရည်အသွေး၊ ရေနေပေါင်းမြက်ပင်များ ပေါက်ရောက်မှု၊ နုန်းအနည်ကျမှုနှင့် ကန်ရေပြင် ဧရိယာပြောင်းလဲမှုများကို စောင့်ကြည့်စစ်ဆေးခြင်း၊ စနစ်ချမှတ်အကောင်အထည်ဖော်ခြင်း၊ နိုင်ငံ၏ ရေသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှု မူဝါဒနှင့် လမ်းညွှန်ချက်များ၊ ရေးဆွဲပြုစုရန် အကြံပြုချက်များ ဖော်ထုတ်ခြင်း၊ ရေသယံဇာတ ဓာတ်ခွဲခန်းအဆင့် မြှင့်တင်ခြင်းနှင့် အသစ်တည်ဆောက်ခြင်း စသည့်လုပ်ငန်းစဉ်များဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများကို ဆက်စပ်ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး ပီပြင်စွာအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံသံရုံး ပထမအတွင်းဝန် Ms.Marte Briseid က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယခုသင်တန်းကို ရေသယံဇာတနှင့် ဆက်စပ်ပတ်သက်နေသော ဌာနများမှ သင်တန်းသား ၂၂ ဦးဖြင့် ဇန်နဝါရီ ၃၁ ရက်အထိ လေးရက်ကြာ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ-လာအို ချစ်ကြည်ရေးတံတား စီမံကိန်းအတွက် နှစ်နိုင်ငံဒုတိယဝန်ကြီးများအဆင့် လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် ဇန်နဝါရီ ၂၉

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် ကျိုင်းလပ်မြို့နယ်ခွဲတွင် မြန်မာ-လာအိုချစ်ကြည်ရေး တံတားစီမံကိန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၉)က တာဝန်ယူတည်ဆောက်လျက်ရှိရာ ယခုအခါ လုပ်ငန်းပြီးစီးမှုမှာ ၅၃ ဒသမ ၈ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

အဆိုပါ စီမံကိန်းဆိုင်ရာ နှစ်နိုင်ငံ ဒုတိယဝန်ကြီးအဆင့် ဒုတိယအကြိမ် အစည်းအဝေးကို ဇန်နဝါရီ ၂၈ ရက် နံနက် ၉ နာရီတွင် မြန်မာနိုင်ငံ၏ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေဖြစ်သည့် ပုဂံမြို့ရှိ Aureum Place Hotel ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ လာအိုနိုင်ငံ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး H.E.Dr. Bounchan SINTHAVONG နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်နှင့် လာအိုနိုင်ငံ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးတို့က အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် မြန်မာ-လာအို ချစ်ကြည်ရေးတံတားကြီးအတွက် နယ်စပ်ကုန်သွယ်ရေးအဆောက်အအုံများ (Border Control Facilities) တည်ဆောက်မည့်ပုံစံကိစ္စများ၊ ပင်မတံတားသံပေါင် တပ်ဆင်ခြင်းလုပ်ငန်းကို နှစ်နိုင်ငံအဖွဲ့များ ပူးပေါင်းဆောင်ရွက်မည့်ကိစ္စများ၊ တံတား၏ လူသွားလမ်းပုံစံကိစ္စများ၊ တံတားသံပေါင်အရောင် ရွေးချယ်ခြင်းကိစ္စများ၊ တံတားပေါ်တွင်ထားရှိမည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းသတိပေးခြင်းဆိုင်ရာ ဆိုင်းဘုတ်အမှတ်အသားများ၏ သတ်မှတ်ချက်၊ အရောင်၊ ပုံစံများကိစ္စဆွေးနွေးခြင်းများ၊ တံတားပေါ်တွင် တပ်ဆင်မည့်မီးတိုင်များ ပုံစံကိစ္စများ ဆွေးနွေးခဲ့ကြပြီး စီမံကိန်းအမှတ်အသား (Logo) အား ဆွေးနွေးအတည်ပြုခဲ့ကြသည်။

ညနေပိုင်းတွင် အစည်းအဝေးသဘောတူညီချက် (MOM) ကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

သဟဇာတဖြစ်သော လူ့အဖွဲ့ အစည်းတစ်ရပ်ဖြစ်ထွန်းလာစေရေးအတွက် အပြန်အလှန်ယုံကြည်မှု၊ နားလည်မှုနှင့်ကိုယ်ချင်းစာနာမှုများ တည်ဆောက်ပေးရန်လို

နေပြည်တော် ဇန်နဝါရီ ၂၉

ဥရောပသမဂ္ဂသံရုံးမှ သံအမတ်ကြီး H.E.Mr.Rolandkobla ဦးဆောင်သော မြန်မာနိုင်ငံအခြေစိုက် နိုင်ငံတကာသံရုံးများမှ သံအမတ်ကြီးများ ပါဝင်သည့်အဖွဲ့သည် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်ကျော်ဝင်းနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာလာကြရာ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် စစ်တွေလေဆိပ်သို့ ရောက်ရှိကြပြီး ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်၊ ပြည်နယ်အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း၊ ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း၊ ဥရောပသမဂ္ဂသံရုံးမှသံအမတ်ကြီး၊ မြန်မာနိုင်ငံအခြေစိုက် နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံတမန်များ ပါဝင်သည့်အဖွဲ့သည် ပြည်နယ်အစိုးရအဖွဲ့၊ ကုလသမဂ္ဂလက်အောက်ခံ အေဂျင်စီများ၊ INGO များနှင့် တွေ့ဆုံဆွေးနွေးသည်။ **(အောက်ယာပုံ)**

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းက ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များတွင် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများ၊ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ရခိုင်ပြည်နယ်ဖြစ်စဉ်အပေါ် သုံးသပ်သည့်အခါ ဖြစ်စဉ်ဖြစ်ရပ်များသည် သဘာဝဘေးအန္တရာယ် အမျိုးမျိုးကြောင့် ဖြစ်ပေါ်သည့် ပျက်စီးဆုံးရှုံးမှုများနှင့်မတူဘဲ လူ့အဖွဲ့အစည်း နှစ်ရပ်ကြားတွင်ရှိနေသည့် ပဋိပက္ခများကြောင့် ဖြစ်ပွားခဲ့ရသည့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်သည့်အတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသတွင်းတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးသည် မလွဲမသွေလိုအပ်မည်ဖြစ်ပါကြောင်း၊ အဆိုပါ လုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် သဟဇာတဖြစ်သော လူ့အဖွဲ့အစည်းတစ်ရပ်ဖြစ်ထွန်းလာစေရေးအတွက် နှစ်ဖက်အသိုင်းအဝိုင်းအကြားတွင် အပြန်အလှန်ယုံကြည်မှု၊ နားလည်မှုနှင့် ကိုယ်ချင်းစာနာမှုများ တည်ဆောက်ပေးရန်လိုအပ်မည် ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်အတွင်း ပြည့်စုံကောင်းမွန်သော၊ ရေရှည်တည်တံ့ခိုင်မြဲသော နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များ၊ နှစ်ဖက်အဖွဲ့အစည်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၊ ရေရှည်သဟဇာတဖြစ်သော လူ့အဖွဲ့အစည်းပေါ်ပေါက်ရေးလုပ်ငန်းစဉ်များတွင် နည်းလမ်းကောင်းများ ပေးအပ်နိုင်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သော ပဋိပက္ခများကြောင့် နှစ်ဖက်သော လူ့အသိုက်အဝန်းအတွင်း မငြိမ်သက်မှုများစတင်ခဲ့မှု အခြေအနေများ၊ နေရာဒေသအလိုက် ကျယ်ပြန့်စွာ ဖြစ်ပေါ်လာမှုအပေါ် နိုင်ငံတော်နှင့် ပြည်နယ်အစိုးရအဖွဲ့တို့က လုံခြုံရေးကိုတာဝန်ယူကာ တည်ငြိမ်အေးချမ်းရေးအတွက်ဆောင်ရွက်ခဲ့မှုအခြေအနေများ၊ ကယ်ဆယ်ထောက်ပံ့ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဥရောပသမဂ္ဂသံရုံးမှ သံအမတ်ကြီးက မိမိတို့အနေဖြင့် ယမန်နေ့က ရန်ကုန်မြို့၌ ကျင်းပခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပြောကြားခဲ့သည့်အတိုင်း ရခိုင်ပြည်နယ်ကိစ္စသည် ပြည်တွင်းရေးကိစ္စဖြစ်သည်ကို သဘောပေါက် နားလည်လက်ခံပါကြောင်း၊ ရှုပ်ထွေးသိမ်မွေ့နက်နဲသည့် အခြေအနေများကို မိမိတို့အနေဖြင့် ကောင်းမွန်စွာ သဘောပေါက်နားလည်ပါကြောင်း၊ ယခုကဲ့သို့ ပထမဆုံးအကြိမ်လာရောက်သည့် မိမိတို့အနေဖြင့် အဖွဲ့ဝင်နိုင်ငံများစွာပါဝင်လျက်ရှိရာ မိမိတို့သည် မည်သည့်နေရာ၊ မည်သည့်ဒေသများကို မည်သို့သော အကူအညီကောင်းများ၊ ပေးအပ်နိုင်မည်ဆိုခြင်းကို နားလည်သိရှိကာ ကူညီပေးလိုပါကြောင်း၊ မိမိတို့အနေဖြင့် နှစ်ဖက်သော လူ့အသိုင်းအဝိုင်းအကြား မည်သည့်ဘက်ကိုမှ ဘက်လိုက်ခြင်းမရှိဘဲ မျှမျှတတ အကောင်းဆုံးဖြစ်အောင် ကူညီဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှုရှိရှိ ဆောင်ရွက်သွားရန် အကြံပြုပြောကြားလိုပါကြောင်းဖြင့် ဆွေးနွေးပြောကြားခဲ့သည်။ ထို့နောက် မြန်မာနိုင်ငံအခြေစိုက် နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံတမန်များက သိရှိလိုသည်များကို မေးမြန်းခြင်း၊ ဆွေးနွေးခြင်းများပြုလုပ်ကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ အထွေထွေကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

နိုင်ငံ၏စက်မှုနှင့်စီးပွားရေးလုပ်ငန်းများ ခေတ်မီဖွံ့ဖြိုးတိုးတက်ရန် မရှိမဖြစ်လိုအပ်သည့် လျှပ်စစ်ဓာတ်အားကို ပိုမိုထုတ်လုပ်ဖြန့်ဖြူးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၂၉

ဘဏ္ဍာရေးဝန်ကြီးဌာန ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနနှင့် အာရှဖွံ့ဖြိုးရေးဘဏ် (ADB)တို့အကြား ချေးငွေစာချုပ် (Loan Agreement) လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၈ ရက် မွန်းလွဲ ၁ နာရီက လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်နှင့် တာဝန်ရှိသူများ၊ အာရှဖွံ့ဖြိုးရေးဘဏ်မှ မြန်မာနိုင်ငံဌာနေကိုယ်စားလှယ် Mr. Putu Kamayana နှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက နိုင်ငံ၏စက်မှုနှင့်စီးပွားရေးလုပ်ငန်းများ ခေတ်မီဖွံ့ဖြိုးတိုးတက်ရန် မရှိမဖြစ် လိုအပ်သည့် လျှပ်စစ်ဓာတ်အားကို ပိုမိုထုတ်လုပ်ဖြန့်ဖြူးနိုင်ရေးအတွက် လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေး မူဝါဒများနှင့်အညီ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိတွင် တစ်နိုင်ငံလုံးရှိ အိမ်ထောင်စု စုစုပေါင်း၏ ၃၀ ရာခိုင်နှုန်းသာ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးထားနိုင်သည့်အတွက် ကျန်အိမ်ထောင်စုများမှာ လျှပ်စစ်ဓာတ်အား တိုးတက်သုံးစွဲနိုင်ရေးကိုလည်း ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိကြောင်း၊ လျှပ်စစ်ကဏ္ဍသည် ဓာတ်အားထုတ်လုပ်မှု၊ ပို့လွှတ်မှုနှင့်ဖြန့်ဖြူးမှုအပိုင်း သုံးပိုင်းလုံးကို အချိုးညီညီ ရင်းနှီးမြှုပ်နှံနိုင်မှသာ အရည်အသွေးကောင်းမွန်ပြည့်ဝသည့် လျှပ်စစ်ဓာတ်အားကို အကျိုးရှိရှိဖြန့်ဖြူးပေးနိုင်မှာ ဖြစ်ကြောင်း၊ လိုအပ်သည့်အရင်းအနှီးများကို နိုင်ငံတော်၏ ဘတ်ဂျက်တစ်ခုတည်းမှ လုံလောက်စွာ ဖြည့်ဆည်းပေးရန် မဖြစ်နိုင်သည့်အတွက် နိုင်ငံတကာဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများထံမှ ချေးငွေနှင့် အကူအညီ အထောက်အပံ့များ ရယူခြင်း၊ ပုဂ္ဂလိကမှ ပိုမိုပါဝင်လုပ်ကိုင်စေခြင်း မူဝါဒများဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ အာရှဖွံ့ဖြိုးရေးဘဏ်အနေနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအတွက် Power Sector Advisor ၊ Model PPA နှင့် IPP Frame Work ၊ လျှပ်စစ်ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများရေးဆွဲရေးနှင့် Financial Management တို့အတွက် ကျွမ်းကျင်မှုဆိုင်ရာ အကူအညီများကို ပေးအပ်ထောက်ပံ့လျက်ရှိကြောင်း။

ယနေ့ လက်မှတ်ရေးထိုးမည့် Loan Agreement အရ ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၆၀ ဖြင့် တိုင်းဒေသကြီး လေးခုဖြစ်သည့် ရန်ကုန်၊ မန္တလေး၊ မကွေးနှင့်စစ်ကိုင်းတို့ရှိ ဓာတ်အားဖြန့်ဖြူးရေးစနစ်အတွင်း သုံးစွဲဝန်အားပိုနေသော ဓာတ်အားခွဲရုံများတွင် ထရန်စဖော်မာအသစ်များ တိုးချဲ့တပ်ဆင်ခြင်း၊ ဟောင်းနွမ်းနေသော ဓာတ်အားလိုင်းကြိုးများကို အသစ်လဲလှယ်တပ်ဆင်ခြင်း၊ ၄၀၀ ဗို့ ဓာတ်အားလိုင်းတွင် မူလကြေးကြိုးအစား Aerial Bundled Conductor (ABC)များ လဲလှယ်ခြင်းနှင့် Digital မီတာများ အစားထိုးတပ်ဆင်ခြင်းတို့ကို ဆောင်ရွက်ရန်အတွက် Technical နှင့် Non Technical Losses တိုက်တွန်းလိုကြောင်း၊ လေးရာခိုင်နှုန်းအထိ လျှော့ချပေးနိုင်ရန် ရည်မှန်းထားကြောင်း၊ လုပ်ငန်းဆောင်ရွက်သည့် တိုင်းဒေသကြီးလေးခုမှာ လျှော့ချနိုင်သည့် ဓာတ်အားပျောက်ဆုံးမှုများကို ဓာတ်အားမရရှိသေးသည့် အခြားနေရာဒေသများမှာ ဓာတ်အား ပိုမိုသုံးစွဲနိုင်မည်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးအတွက် အကျိုးရှိသည့် စီမံကိန်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ဝင်းနှင့် အာရှဖွံ့ဖြိုးရေးဘဏ်မှ မြန်မာနိုင်ငံဌာနေကိုယ်စားလှယ် Mr. Putu Kamayana တို့သည် ချေးငွေစာချုပ် (Loan Agreement)တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း သတင်းရရှိသည်။

(အပေါ်ဝဲပုံ) (သတင်းစဉ်)

အာဆီယံနိုင်ငံများ၏ စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ နှီးနှောဖလှယ်ပွဲ ၂၀၁၄ ကျင်းပမည်

နေပြည်တော် ဇန်နဝါရီ ၂၉

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာဆီယံနိုင်ငံများ၏ စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ နှီးနှောဖလှယ်ပွဲ ၂၀၁၄ ကို ဖေဖော်ဝါရီ ၃ ရက်မှ ၄ ရက်အထိ မင်္ဂလာသီရိဟိုတယ် နေပြည်တော်၌ Library for Society ခေါင်းစဉ်Theme ဖြင့် ဒစ်ဂျစ်တယ်စာကြည့်တိုက်များသို့ ရှေးရှုသော စာကြည့်တိုက်ပညာရှင်များ၏ အသိပညာမြင့်မားရေး (Professional Development Towards Digital Library Environment ၊ စာကြည့်တိုက်ပိုင် စာပေပစ္စည်းများ ထိန်းသိမ်းစောင့်ရှောက်ရေး (Preservation of Library Materials) နှင့် လူထုအခြေပြုစာကြည့်တိုက်လှုပ်ရှားမှုများ (Community-based Library Activities) ဟူ၍ ခေါင်းစဉ်သုံးခုခွဲခြားကာ သက်ဆိုင်ရာခေါင်းစဉ်အလိုက် စာကြည့်တိုက်များနှင့် စာကြည့်တိုက်ပညာသင်ကြားရေးဌာနများတွင် တွေ့ကြုံရသော အခက်အခဲများ၊ ဖြေရှင်းနိုင်မည့်နည်းလမ်းများ၊ အောင်မြင်မှုများ၊ တိုးမြှင့်ဆောင်ရွက်နေသော လုပ်ငန်းရပ်များ၊ ပူးပေါင်းဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးကြမည် ဖြစ်သည်။

အဆိုပါ နှီးနှောဖလှယ်ပွဲသို့ စာကြည့်တိုက်အသင်းအဖွဲ့များမှ စာကြည့်တိုက်ပညာရှင်များ၊ စာကြည့်တိုက်ပညာသင်ကြားရေးမှ ဆရာ ဆရာမများ၊ အငြိမ်းစားစာကြည့်တိုက်ပညာရှင်များ စုစုပေါင်း ၇၀ ခန့်နှင့် အာဆီယံနိုင်ငံများ၏ စာကြည့်တိုက်များမှ စာကြည့်တိုက်ပညာကျွမ်းကျင်သူ ၃၀ ခန့် တက်ရောက်ကြမည်ဖြစ်သည်။

နှီးနှောဖလှယ်ပွဲ၏ Registration Form နှင့် Schedule ကို အမျိုးသားစာကြည့်တိုက်(ရန်ကုန်)နှင့် အမျိုးသားစာကြည့်တိုက် (နေပြည်တော်) တို့တွင် ရယူနိုင်ပြီး ဇန်နဝါရီ ၂၉ရက်နောက်ဆုံးထား၍ ပြန်လည်ပေးပို့ကြရမည် ဖြစ်သည်။ အသေးစိတ်အချက်အလက်များကို အမျိုးသားစာကြည့်တိုက် (ရန်ကုန်) ဖုန်း ၀၁-၆၆၂၄၇၀၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန (နေပြည်တော်) ဖုန်း-၀၆၇ -၄၀၈၃၈၄ Email:libraryforum 2014@gmail.com တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မောင်တောမြို့ ဒုချီးရားတန်းအနောက်ရွာ၌ မီးလောင်မှုဖြစ်ပွား သတင်းမှားထုတ်လွှင့်ခြင်းများ မဖြစ်စေရေးအတွက် ခရိုင်၊ မြို့နယ်ရှိ တာဝန်ရှိသူများထံ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သတင်းထုတ်ပြန်ထား

စစ်တွေ ဇန်နဝါရီ ၂၉

မောင်တောမြို့နယ် ဒုချီးရားတန်း အနောက်ကျေးရွာ၌ ဇန်နဝါရီ ၂၈ ရက် ည ၈ နာရီ ၄၅ မိနစ်ခန့်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

မီးလောင်မှုဖြစ်ပွားရာနေရာသို့ ရဲတပ်ရင်းများ၊ ကွပ်ကဲရေးအဖွဲ့မှ တပ်ဖွဲ့မှူး၊ မောင်တောခရိုင်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးမင်း၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာအုပ်ချုပ်ရေးမှူးများက လာရောက်ငြိမ်းသတ်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုမှာ ဒုချီးရားတန်းအနောက်ရွာနေ အဘူဖွေယာ့ (၅၀ နှစ်) (ဘ) ကာဆိမ်း၏ နေအိမ်မှ စတင်လောင်ကျွမ်း၍ မီးငြိမ်းသတ်နေစဉ် တောင်ဘက် ကိုက် ၁၅၀ အကွာ အဏ္ဏဝါဆလာမ် (၅၀ နှစ်) (ဘ) ဆီရာဇူ၏နေအိမ် ထပ်မံမီးလောင်သည့်အတွက် မီးငြိမ်းသတ်ရန်သွားစဉ် ဘင်္ဂါလီလူမျိုးငါးဦးခန့် ထွက်ပြေးသွားသည်ကို တွေ့ရှိခဲ့ရကြောင်း သိရသည်။

မီးလောင်မှုဖြစ်စဉ်တွင် အိမ်များ ထူထပ်ခြင်း၊ သက်ငယ်၊ ဝါးများဖြင့် ဆောက်လုပ် ထားခြင်းကြောင့် နေအိမ်အကြီး လေးလုံး၊ အိမ်သေး ၁၂ လုံး စုစုပေါင်း ၁၆ လုံး မီးလောင်ဆုံးရှုံးသွားခဲ့ပြီး လူသေဆုံးမှု၊ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း၊ မီးရှို့မှုဖြစ်စဉ်အား တပ်ဦးချောင်းကျေးရွာအုပ်ချုပ်ရေးမှူးက တရားလိုပြုလုပ်ကာ မီးရှို့သွားခဲ့သူများအား အမှုဖွင့်တိုင်ကြားခဲ့သဖြင့် မောင်တောရဲစခန်းက (ပ) ၁၉/၂၀၁၄၊ ပုဒ်မ ၄၃၆ ဖြင့် အမှုဖွင့်ဆောင်ရွက်လျက်ရှိသည်။

မီးလောင်မှု ဖြစ်ပွားသည့် ကျေးရွာအနီးတွင် ရခိုင်တိုင်းရင်းသားကျေးရွာများမရှိဘဲ ဘင်္ဂါလီရွာများသာရှိကြောင်း၊ ၎င်းတို့ကိုယ်တိုင်၎င်းတို့အိမ်များကို မီးရှို့ပြီးထွက်ပြေး၍ ဖြစ်စဉ်အားပုံကြီးချဲ့ကာ သတင်းမှားထုတ်လွှင့်ခြင်းများ မဖြစ်စေရေးအတွက် သတင်းအချက်အလက်များအား သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်ရှိ တာဝန်ရှိသူများသို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း ပြည်နယ်အစိုးရက သတင်းထုတ်ပြန်ထားသည်။

(ပြည်နယ် ပြန်/ဆက်)

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ

ဒုတိယအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေးဖိုရမ် ဒုတိယနေ့တွင် စားပွဲဝိုင်းဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၂၉

ယနေ့နံနက်ပိုင်းက နေပြည်တော်၌ ကျင်းပသည့် ဒုတိယအကြိမ် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေးဖိုရမ် ဒုတိယနေ့တွင် စားပွဲဝိုင်းဆွေးနွေးမှု၌ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များက မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် မည်သို့မည်ပုံ ပူးပေါင်းဆောင်ရွက်ရမည်ကို အလေးထားဆွေးနွေးခဲ့ကြသည်။

Mr. Chris Milligan (USAID)

ဒီအစည်းအဝေးကတစ်ဆင့် ပုဂ္ဂလိကကဏ္ဍ လူမှုရေးကဏ္ဍတွေမှာ ပိုမိုပူးပေါင်း ဆောင်ရွက်မှု အရှိန်ရလာတာကို ထိန်းသိမ်းထားဖို့လိုပါတယ်။ အစိုးရနဲ့ နှစ်ဦးသဘောတူ လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။ အစိုးရဘက်က အရာရှိတွေက NGO အဖွဲ့တွေနဲ့ ပူးပေါင်းဆောင်ရွက်လာကြပြီး ပြတ်သားတဲ့လုပ်ဆောင်မှုတွေကို မြန်မာပြည်သူတွေအတွက် ဆောင်ရွက်ကြတာကို တွေ့ရပါတယ်။ မူဘောင်သဘောတူညီချက်တွေကို ရရှိခဲ့ကြပါတယ်။ သန်းခေါင်စာရင်းကောက်ယူရေးကိစ္စမှာ USAID အဖွဲ့အနေနဲ့ မန္တလေးနဲ့ ရန်ကုန်ဒေသတွေမှာ ပါဝင်ကူညီသွားကြမှာဖြစ်ပါတယ်။

ဒါ့အပြင် အုပ်ချုပ်ရေးကဏ္ဍနဲ့ ဗီဇာကိစ္စမျိုးမှာ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနနဲ့ ညှိနှိုင်းဆောင်ရွက်ရတာ ကျေနပ်မှုရှိပါတယ်။ မြန်မာပြည်သူတွေရဲ့ဘဝ မြှင့်တင်ရေးမှာ ပါဝင်ခွင့်ရတဲ့အတွက် ကျေးဇူးတင်ပါတယ်။

ဦးငွေသိန်း (Capacity Building Initiative)

ပြည်သူတွေရဲ့ အကြံပေးမှုနဲ့ အတူ လုပ်ငန်းအောင်မြင်အောင် ဆောင်ရွက်နေပါတယ်။ လွှတ်တော်မှာ CSO ဥပဒေတစ်ခု ပြဋ္ဌာန်းနိုင်ဖို့ ဆွေးနွေးနေကြပြီး အဲဒီ ဥပဒေထွက်လာပါက နိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပိုပြီးလုပ်ဆောင်နိုင်မှာဖြစ်ပါတယ်။ အဲဒီကတစ်ဆင့် လူ့အခွင့်အရေး၊ အလုပ်သမားအခွင့်အရေး၊ ကျား၊ မ သာတူညီမျှရှိရေး၊ မြေယာပိုင်ဆိုင်ခွင့် စတာတွေကို ပိုပြီးလုပ်ဆောင်လာနိုင်မှာဖြစ်ပါတယ်။ နိုင်ငံတော်မူဝါဒပိုင်းမှာ ထူးခြားစွာ ပြောင်းလဲလာပေမယ့်လည်း အောက်ခြေအဆင့်ထိ အသက်ဝင်ဖို့လိုအပ်ပါတယ်။ ဒီစင်ထရယ်လိုက်ဇေးရှင်းဖြစ်စဉ်မှာ CSO ရဲ့ပါဝင်မှု အပြည့်အဝရရေးဟာ အရေးကြီးပါတယ်။ ဒါ့ကြောင့် Stakeholder တွေရဲ့ ပူးပေါင်းပါဝင်မှုက အဓိကကျပါတယ်။

Mr.Philippe Hamel (INGO Forum Myanmar)

ပညာရေးနဲ့ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုတွေမှာ ဦးစားပေးလုပ်ဆောင်မှာဖြစ်ပါတယ်။ ဒါ့အပြင် လူ့အခွင့်အရေး၊ အလုပ်သမားအခွင့်အရေး၊ မြေယာပိုင်ဆိုင်မှု၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအပြင် Registration ဥပဒေမြှင့်တင်ဖို့ အစိုးရနဲ့ ပူးပေါင်းဆောင်ရွက်မှာဖြစ်ပါတယ်။ ပုဂ္ဂလိကကဏ္ဍနဲ့ အရပ်ဘက်လူ့အဖွဲ့အစည်းတွေမှာ မြန်မာအစိုးရနဲ့အတူ ပြည်သူများအကျိုးအတွက် အရှိန်အဟုန်မြှင့်လုပ်ဆောင်မှာဖြစ်ပါတယ်။ လုပ်ငန်းတွေအောင်မြင်ဖို့ဆိုရင် Coordination အစီအစဉ်တစ်ရပ်ထူထောင်ဖို့ အရေးကြီးပါတယ်။ မြန်မာပြည်သူတွေကို ကူညီခွင့်ရတဲ့အတွက် ကျေနပ်ပါတယ်။

Mr. Putu M. Kamayana (အာရှဖွံ့ဖြိုးရေးဘဏ်)

အခုအစည်းအဝေးကတစ်ဆင့် အစိုးရနဲ့ ပြည်သူသာမက အရပ်ဘက်လူ့အဖွဲ့အစည်းပါ အကျိုးများစွာရနိုင်ပါတယ်။ Stakeholder တွေ အကူအညီပေးမယ့်အစီအစဉ်တွေကို ချမှတ်နိုင်ခဲ့ပါတယ်။ Assistance Program တွေ ထိထိရောက်ရောက်ဖြစ်ရေးအတွက် ပိုမိုကောင်းမွန်တဲ့နည်းလမ်းတွေ ရှာဖွေဖို့လိုပါတယ်။ မြန်မာနိုင်ငံအတွက် အာရှဖွံ့ဖြိုးရေးဘဏ်ရဲ့ ရေရှည်ရည်မှန်းချက်ကတော့ မဟာဗျူဟာတစ်ရပ်ချမှတ်ပြီး မြန်မာကို ငွေကြေးဆိုင်ရာ အစီအစဉ်တစ်ရပ် ရေးဆွဲပေးမှာဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံအတွက် အာရှဖွံ့ဖြိုးရေးဘဏ်ရဲ့ အခန်းကဏ္ဍဟာ ကြီးမားပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ပြည်သူ့ဘဝ တိုးတက်မြင့်မားရေးအတွက်လည်း ကူညီဖို့အစီအစဉ်ရှိပါတယ်။

ဒုတိယအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေးဖိုရမ် ဒုတိယနေ့တွင် စကားဝိုင်းဆွေးနွေးနေစဉ်။

Mr. Michael Hassett (ဩစတြေးလျ)

မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းတွေဟာ ရေရှည်လုပ်ငန်းတစ်ရပ်ဖြစ်တဲ့အတွက် အစိုးရနဲ့ ပြည်သူတွေရဲ့ ပူးပေါင်းဆောင်ရွက်မှုဟာ အရေးကြီးပါတယ်။ ကျွန်တော်တို့အနေနဲ့ အရပ်ဘက်လူ့အဖွဲ့အစည်းမှာ ပါဝင်ကူညီပြီး ပြည်သူတွေရဲ့ ပညာရေးအဆင့်အတန်းမြင့်မားရေးအတွက် ပါဝင်ဆောင်ရွက်မှာဖြစ်ပါတယ်။ ပုဂ္ဂလိကကဏ္ဍနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းတွေမှာ Assistance Program တွေချမှတ်ထားပြီး မြန်မာနိုင်ငံအနေနဲ့ အဲဒီပရိုဂရမ်တွေကို အကောင်အထည်ဖော်ဖို့ စိန်ခေါ်မှုတွေရှိနိုင်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံနဲ့ မြန်မာပြည်သူတွေအတွက် အခုလို ကူညီခွင့်ရတာကို ကျေနပ်အားရပါတယ်။

Mr.Olivier Lacroix (ပြင်သစ်)

အရင်နှစ်ကရယူခဲ့တဲ့ နေပြည်တော် သဘောတူညီချက်ကတစ်ဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းမှု၊ ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသရေရရှိရေးတွေမှာ ကျွန်တော်တို့က ဦးစားပေးအစီအစဉ်ချမှတ်ခဲ့ပါတယ်။ လူ့အခွင့်အရေးနဲ့ ကျား/မ တန်းတူအခွင့်အရေးရရှိရေး၊ ပုဂ္ဂလိကကဏ္ဍနဲ့ အရပ်ဘက်လူ့အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးနဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြန်အလှန် ပူးပေါင်းဆောင်ရွက်နေပါတယ်။ ပြည်တွင်းမှာ ပြုပြင်ပြောင်းလဲမှုများစွာလုပ်ဆောင်သော်လည်း ထိရောက်ပြီး လက်တွေ့ကျကျဆောင်ရွက်ဖို့လိုပါတယ်။

Ms.Maria Pia Dradi (အီတလီ)

အစိုးရနဲ့ဖွံ့ဖြိုးတိုးတက်ရေးမိတ်ဖက် ပိုမိုဆောင်ရွက်နိုင်ဖို့ နေပြည်တော်သဘောတူညီချက်ကတစ်ဆင့် ဆောင်ရွက်နေပါတယ်။ EU နိုင်ငံတစ်နိုင်ငံအနေနဲ့ သဘောတူညီချက်များစွာရေးထိုးနိုင်ခဲ့ပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ မွေးမြူရေးကဏ္ဍအတွက် ငွေကြေးအကူအညီပေးအပ်ကာ လုပ်ငန်းဆောင်ရွက်ခဲ့ပါတယ်။ လုပ်ငန်းပိုမိုအောင်မြင်ရေးအတွက် Soft Loans တွေနဲ့ အကူအညီပေးခဲ့ပြီး မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနက ထိရောက်စွာပူးပေါင်းဆောင်ရွက်နေပါတယ်။

Mr.Choi Jae Young (ကိုရီးယား)

အရင်နှစ်ကပြုလုပ်တဲ့ ပထမအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်က ချမှတ်ခဲ့တဲ့ နေပြည်တော်သဘောတူညီချက်အရ ကိုရီးယားနဲ့ မြန်မာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ခဲ့ပါတယ်။ နှစ်နိုင်ငံအကြား အတွေ့အကြုံတွေ ဖလှယ်ခဲ့ကြပြီး လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာနနဲ့ပူးပေါင်းပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်တွေမှာ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ပါတယ်။ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးနဲ့ အရပ်ဘက်လူ့အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်တွေနဲ့အတူ UNDP နဲ့လည်း ပူးပေါင်းဆောင်ရွက်နေပါတယ်။ ကျွန်တော်တို့ရဲ့ ဆောင်ရွက်ချက်တွေဟာ မြန်မာပြည်သူတွေအတွက် အကျိုးများစွာဖြစ်ထွန်းမယ်လို့ ယုံကြည်ပါတယ်။

Dr.Juergen Zoll (ဂျာမနီ)

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးမှာ အရှိန်အဟုန်မြှင့်တင်ဖို့ ကျွန်တော်တို့အစိုးရက ဆုံးဖြတ်ထားပြီးဖြစ်ပါတယ်။ လွန်ခဲ့တဲ့သုံးနှစ်က ဖြစ်ပေါ်လာတဲ့ မြန်မာနိုင်ငံရဲ့ တိုးတက်မှုတွေကို အသိအမှတ်ပြုပါတယ်။ ၂၀၁၄ ခုနှစ်အတွင်းမှာ မြန်မာကိုကူညီဖို့ အစီအစဉ်ချမှတ်ထားပါတယ်။ လူမှုရေးနဲ့စီးပွား ရေးပြုပြင်ပြောင်းလဲမှုများစွာကို တွေ့မြင်ရတဲ့အတွက် ဝမ်းသာပါတယ်။

Mr. Gautam Mukhopadlhaya (အိန္ဒိယ)

လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍတွေနဲ့ ပညာရေးကဏ္ဍတွေအပြင် မွေးမြူရေးကဏ္ဍတွေမှာလည်း ကျွန်တော်တို့ အကူအညီပေးခဲ့ပါတယ်။ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆည်မြောင်းနဲ့နည်းပညာဆိုင်ရာ အကူအညီတွေပေးခဲ့ပြီး ယခုအခါ ပညာရေးကဏ္ဍ၊ လေကြောင်းပျံသန်းရေးနဲ့ အင်္ဂလိပ်စာဖွံ့ဖြိုးတိုးတက်ရေးအတွက် အကူအညီတွေ ပေးနေပါတယ်။ နေပြည်တော် သဘောတူညီချက်က

စာမျက်နှာ ၁၁ သို့

နတ်လူ သာဓုခေါ်စေသော်

၁၃၇၅ခုနှစ် ပြာသိုလပြည့်ကျော် ၄ရက်၊ ၁၉-၁-၂၀၁၄ရက်၌ မြို့နယ်သံဃနာယက ဆရာတော်ဘဒ္ဒန္တဇာနေယျ (အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ)၏ ဓမ္မမေဒိနီ ပရိယတ္တိစာသင်တိုက်နှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတိုက်အတွင်း သုံးထပ်စာသင်ကျောင်းဆောင်ဆောက်လုပ်ရေးအတွက် အလှူငွေကျပ်(သိန်းခြောက်ရာ)တိတိကို ဦးခမိသားစုမှလည်းကောင်း၊ အလှူငွေကျပ်(သိန်းလေးရာ)တိတိကို ဒေါက်တာလှမြင့် မိသားစု(ခေတ္တU.S.A)တို့မှလည်းကောင်း အသီးသီးလှူဒါန်းကြသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအောက်ရှိ နယ်လေဆိပ်များနှင့် ရုံးချုပ်တို့တွင်အသုံးပြုရန် လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	Internet System	1 Lot
၂။	Conference System	1 Lot

၂။ အိတ်ဖွင့်တင်ဒါစည်းကမ်းနှင့် လျှောက်လွှာပုံစံများအား ၃၁-၁-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး ၄-၂-၂၀၁၄ ရက် ၁၅း၀၀ နာရီတွင် တင်ဒါပိတ်မည်ဖြစ်ပါသည်။ တင်ဒါအချက်အလက်များနှင့်ပတ်သက်၍ မေးမြန်းစုံစမ်းလိုပါက အောက်ဖော်ပြပါလိပ်စာအတိုင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ညွှန်ကြားရေးမှူး
အုပ်ချုပ်ရေးနှင့်စီမံရေးဌာနခွဲ
လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၃၃၀၀၆၊ ၀၁-၅၃၃၀၃၀ လိုင်းခွဲ ၅၀၆

ဖောင်းကြွန်ပါတ်ပြား လျှောက်ထားခြင်း

ယာဉ်အမှတ် ၃၁/၂၂၉၁ ၏ ဖောင်းကြွန်ပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွန်ပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

စာမျက်နှာ ၁၀ မှ

တစ်ဆင့်လည်း ဖွံ့ဖြိုးတိုးတက်ရေးအကူအညီပေးခဲ့ပြီး ပြည်သူ့ဗဟိုပြုဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အသေးစားနဲ့ အလတ်စားလုပ်ငန်းတွေမှာ အကူအညီပေးခဲ့ပါတယ်။

Janet E.Jackson (UNFPA)

ကျွန်မတို့ဟာ မြန်မာအစိုးရနဲ့ ဆက်ဆံရေးကြာညောင်းခဲ့ပြီး ညှိနှိုင်းဆွေးနွေးမှုတွေမှာ ကဏ္ဍအလိုက်ဆွေးနွေးမှုတွေ လုပ်ဆောင်ခဲ့ပါတယ်။ နေ့စဉ် လူ့အဖွဲ့အစည်းမှာ ပြောင်းလဲမှုတွေရရှိဖို့ လူမှုရေးပြဿနာ၊ ကျား ၊ မ တန်းတူအခွင့်အရေး၊ ကျန်းမာရေး၊ ပညာရေးမှာ ပါဝင်ကူညီခဲ့ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံရဲ့ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်မှာ ကျွန်မတို့ရဲ့အခန်းကဏ္ဍဟာ အလွန်ကြီးမားတယ်လို့ယူဆပါတယ်။ အခုဖိုရမ်က ဆွေးနွေးချက်တွေဟာလည်း အဆင့်မြင့်တာကိုတွေ့ရပါတယ်။ အခုဖိုရမ်ကတစ်ဆင့် စွမ်းဆောင်ရည်မြှင့်တင်မှုတွေ၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်တွေ၊ ခေါင်းဆောင်မှုနဲ့ စီမံခန့်ခွဲမှုတို့မှာ ပိုပြီးပြောင်းလဲဖို့ လိုအပ်ပါတယ်။ ပြုပြင်ပြောင်းလဲရေးမှာ လူမှုရေးနဲ့ စီးပွားရေးပြုပြင်ပြောင်းလဲမှုတွေရဲ့ အသီးအပွင့်တွေကို အောက်ခြေလူတန်းစားတွေ ခံစားရမှု နည်းပါးသေးပါတယ်။

Mrs. Suchada Thaibunthao (ထိုင်းနိုင်ငံ)

မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲမှုမှာ အစိုးရရဲ့အားထုတ်မှုကို အသိအမှတ်ပြုပါတယ်။ ထိုင်းနိုင်ငံဟာ ၁၉၆၁ ခုနှစ်ကတည်းက မြန်မာနိုင်ငံကို နည်းပညာအရ ကူညီမှုပေးခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်မှာ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုသဘောတူညီချက် လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ အခြေခံအဆောက်အအုံများဖွံ့ဖြိုးတိုးတက်ရေး၊ အာဆီယံ connectivity ပိုမိုထိရောက်မှုရှိလာဖို့ ကူညီပေးခဲ့ပါတယ်။ ပင်လယ်ရေနက်ဆိပ်ကမ်းဖွံ့ဖြိုးတိုးတက်ရေး၊ ကျား၊ မ တန်းတူ အခွင့်အရေးရရှိရေး၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးတွေမှာ အသိပညာအတွေ့အကြုံတွေ ဖလှယ်ခဲ့ကြပါတယ်။ ၂၀၁၅ ခုနှစ်မှာလည်း စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးရရှိဖို့ မြန်မာအစိုးရနဲ့ ပူးပေါင်းမယ့်အစီအစဉ်တွေရှိပါတယ်။ ဒီနေ့ မြန်မာအစိုးရရဲ့ ပြုပြင်ပြောင်းလဲမှုတွေဟာ ပြည်သူတွေအတွက် အထူးအရေးကြီးပါတယ်။

ဒေါက်တာသက်သက်ခိုင် (UMFCCI)

လူမှုဖွံ့ဖြိုး တိုးတက်ရေးမှာ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ဖို့လိုအပ်ပါတယ်။ အဲဒီလိုပဲ ကောင်းမွန်တဲ့ လုပ်ငန်းခွင်တစ်ရပ် ဖန်တီးရေး၊ အသေးစား စီးပွားရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ရေးနဲ့အတူ ကျေးလက်မြို့ပြနေ ပြည်သူလူထု ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာနဲ့ အသက်မွေးဝမ်းကျောင်းသင်တန်းတွေ ရရှိဖို့အတွက် ဖွံ့ဖြိုးမှုမိတ်ဖက်တွေနဲ့အတူ ပူးပေါင်းဆောင်ရွက်မှာ ဖြစ်ပါတယ်။

ဖြိုးစန္ဒာမြင့်၊ မြတ်မွန်ထွေး

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

ထိုင်းနိုင်ငံမှ မြန်မာအလုပ်သမားခုနစ်ဦး အမှတ်(၁)ချစ်ကြည်ရေးတံတား၌ လွှဲပြောင်း

တာချီလိတ် ဇန်နဝါရီ ၂၉

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့၌ ဇန်နဝါရီ ၂၈ ရက် နံနက် ၁၁ နာရီက မြန်မာ-ထိုင်း အမှတ်(၁)ချစ်ကြည်ရေးတံတား၌ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းအောင်၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ ဒုရဲအုပ်မင်းဇော်နှင့် ဌာနဆိုင်ရာများ ပါဝင်သောအဖွဲ့သည် ထိုင်းနိုင်ငံ လဝကဦးစီးအရာရှိ စာစီတွန်၊ မယ်ဆိုင်ခရိုင် လဝကမှူး Kanlayar Phommalin၊ မယ်ဆိုင်ခရိုင် ဒုလဝကမှူး Sadaryansukyan တို့မှ မြန်မာအလုပ်သမား အမျိုးသား ငါးဦး၊ အမျိုးသမီး နှစ်ဦး စုစုပေါင်း ခုနစ်ဦးတို့အား လာရောက်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

လွှဲပြောင်းလက်ခံခဲ့သော မြန်မာနိုင်ငံသား ခုနစ်ဦးတို့အား တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက်ရှိ မဟာမြတ်မုနိကျောင်းဝင်းအတွင်း အခြေပြုပြီး ပူးပေါင်းအဖွဲ့ဖြင့် စစ်ဆေးခဲ့ရာ ထိုင်းနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်ခဲ့ပြီး နေထိုင်ခွင့်ကတ်များမရှိခြင်းနှင့် နယ်စပ်ဖြတ်သန်းခွင့် ခုနစ်ရက်ကျော်လွန်ခြင်းတို့ကြောင့် ရှောင်တခင်စစ်ဆေးချက်အရ ဖမ်းဆီးခံရခြင်းဖြစ်ပြီး ၎င်းတို့မှာ လူကုန်ကူးခံရခြင်းမရှိကြောင်း၊ လွှဲပြောင်းအလုပ်သမား ခုနစ်ဦးအား မြို့နယ်အုပ်ချုပ်ရေးမှူးအစီအစဉ်ဖြင့် မွန်းလွဲ ၂ နာရီခွဲက ၎င်းတို့၏ မိဘဆွေမျိုးများထံ ခံဝန်ဖြင့် အပ်နှံပေးခဲ့ကြောင်း သိရသည်။၂၀၁၀ ခုနှစ် နိုဝင်ဘာ ၁၉ ရက် မှ ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၂၈ ရက်အထိ လွှဲပြောင်းပေးအပ်ခဲ့သည့် တရားမဝင်မြန်မာအလုပ်သမားစာရင်းမှာ အမျိုးသား ၅၀၂၁ ဦး၊ အမျိုးသမီး ၁၇၃၁ ဦး စုစုပေါင်း ၆၇၅၂ ဦးရှိကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

တရုတ်နှစ်သစ်ကူးကြောင့် ရွှေဈေးငြိမ်

"ယနေ့ မြန်မာ့ရွှေဈေးက အေးနေပါတယ်။ ကမ္ဘာ့ရွှေဈေးနဲ့ ငွေဈေး (အမေရိကန်ဒေါ်လာဈေး) နဲ့က တန်းတူညီနေတယ်။ နောက်တရုတ်နှစ်သစ်ကူးရက်တွေက နီးလာတဲ့အတွက် နယ်စပ်မှာ အလုပ်သိပ်မလုပ်ကြတော့ဘူး။ ဒါကြောင့် ကမ္ဘာ့ရွှေဈေးငြိမ်သလို မြန်မာ့ရွှေဈေးကလည်းလိုက်ပြီး ငြိမ်ချက်သားကောင်းနေတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးဝင်းမြင့်က မြန်မာ့အလင်းသို့ ပြောခဲ့သည်။

ဇန်နဝါရီ ၂၇ ရက် နံနက်ဈေးအဖွင့်၌ ကမ္ဘာ့ရွှေဈေးမှာတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၂၇၁ ဖြစ်ခဲ့သလို မြန်မာ့ရွှေဈေးမှာ တစ်ကျပ်သားလျှင် ငွေကျပ် ၆၆၄၉၀၀ ဖြင့် အဖွင့်ဈေးခေါ်ခဲ့သည်။

စည်ကား

အသင်းရုံးခန်းအတွင်း၌ မီးလင်းရွှေ(အခေါက်ရွှေ) တစ်ဆယ်သားအပိုင်း ဈေးစကား ပြောခေါ်ကြပေးကြသည်။ ကမ္ဘာ့ရွှေဈေး ဖြစ်ပေါ်မှုအပြောင်းအလဲပေါ် ဈေးသတ်မှတ်ကြသည်။ ရောင်းသူဝယ်သူတို့၏ ဈေးခေါ်သံ ဈေးပေးသံတို့ဖြင့် စည်စည်ကားကားရှိနေသည်။

အသင်း၏ အလုပ်အမှုဆောင်တစ်ဦးဖြစ်သူ ဦးအေးချိုက "အမှန်တော့ ယနေ့ ငွေဈေးနဲ့ ကမ္ဘာ့ရွှေဈေး"ဒဲ့"ဖြစ်နေတယ်။ အဲဒီလိုဆိုရင် ရွှေဈေးက တက်ရမှာ မတက်နိုင်ဘူးဖြစ်နေတယ်။ လကုန်ပိုင်းဖြစ်တာရယ်၊ တရုတ်နှစ်သစ်ကူးရက်တွေကြောင့် မတက်ဘူးငြိမ်နေတယ်။ နှစ်ကူးအပြီး လဆန်းရက်လောက် ဆိုရင်တော့ ရွှေဈေးက တစ်မျိုးတစ်ဖုံ အပြောင်းအလဲရှိနိုင်တယ်" ဟု သုံးသပ်ပြောကြားသည်။

လမ်းမတော်မြို့နယ်ရွှေဆိုင်တန်း၊ လသာမြို့နယ် ရွှေဆိုင်တန်း၊ ဗိုလ်ချုပ်ဈေးရွှေဆိုင်တန်းများ၌ သွားရောက်သည်နှင့်သူ အရောင်းအဝယ်မပျက်ရှိနေသည်ကို တွေ့ရသည်။

တွေ့မြင်ရ

ထို့အပြင် မန္တလေးမြို့နှင့် မိုးကုတ်မြို့ရှိ ရွှေဆိုင်များကိစ္စနှင့်ပတ်သက်၍ ရွှေဆိုင်များအနီးဝန်းကျင်၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များရှိနေသကဲ့သို့ ဆိုင်လုံခြုံရေးဝန်ထမ်းကလည်း လုံခြုံရေးသတိ အစဉ်ရှိနေသည်ကို တွေ့မြင်ရသည်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

မိသားစုဝင်ငွေတိုးဖို့ တစ်ပိုင်တစ်နိုင်မော်ဒယ်ပန်းစိုက်ကြစို့

ရမည်းသင်း ဇန်နဝါရီ ၂၉

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ဥသျှစ်ကုန်းကျေးရွာအုပ်စု ကင်မွန်းချုံကျေးရွာတွင် မော်ဒယ်ပန်းစိုက်ပျိုးရောင်းချသူများ အဆင်ပြေဝင်ငွေရနေကြောင်း သိရသည်။ ကင်မွန်းချုံကျေးရွာဒေသခံများသည် တောင်သူလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသူများသော်လည်း မိသားစုဝင်ငွေ တစ်ဖက်တစ်လမ်းမှ ရရှိစေရန် တစ်ပိုင်တစ်နိုင် မော်ဒယ်ပန်းများ စိုက်ပျိုးရောင်းချလျက်ရှိသည်။ **(အပေါ်ပုံ)**

မော်ဒယ်ပန်းပျိုးပင်များကို ပြင်ဦးလွင်နှင့် လားရှိုးမြို့များမှ ဝယ်ယူရပြီး ပန်းပျိုးပင်တစ်ပင်လျှင် ၆ ကျပ် ၅၀ ပြားနှုန်း ဝယ်ယူရကြောင်း၊ ဆောင်းပန်းအဖြစ် နိုဝင်ဘာလတွင် မြေပေါင်ပြုလုပ်၍ စတင်စိုက်ပျိုးရကြောင်း၊ စိုက်ပျိုးရက် ရက် ၆၀/၇၀ ကျော်လျှင် အဖူးအပွင့်များဝင်၍ ရောင်းတန်းဝင်နေပြီဖြစ်ကြောင်း၊ အပင်တစ်ပင်လျှင် သန်မာသည့်ကိုင်းသုံးကိုင်းသာယူပြီး ကျန်ကိုင်းများကိုပယ်ပစ်ကြောင်း၊ လက်ကားဈေးအဖြစ် အခိုင် ၂၅ ခိုင်ပါ ပန်းတစ်စည်းကို ငွေကျပ် ၁၀၀၀ ရောင်းရပြီး တစ်ခိုင်ချင်း ငွေကျပ် ၄၀ နှုန်းရောင်းချရကြောင်း၊ ပန်းများကို စိုက်ခင်းအထိလာရောက်ဝယ်ယူသဖြင့် အဆင်ပြေကြောင်း ပန်းစိုက်ပျိုးသူ ဦးရဲမင်းထွန်းက ပြောပြသည်။

အကျယ်နှစ်ပေ၊ အရှည်ပေ ၁၀၀ မြေပေါင်တစ်ခုလျှင် အပင် ၁၃၅၀ ခန့် စိုက်ပျိုးနိုင်ပြီး အပင် ၅၀၀၀ ခန့်စိုက်ပျိုးနိုင်လျှင် ဝင်ငွေလေးသိန်းနီးပါးရရှိပြီး ကုန်ကျငွေမှာ လေးသောင်းကျော်၊ ငါးသောင်းအထိသာရှိ၍ အဆင်ပြေဝင်ငွေကောင်းနေကြောင်း သိရသည်။

အောင်ငွေး(မလှိုင်)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၉-၁-၂၀၁၄

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး ၁၆ ပဲရည် တစ်ကျပ်သား	၆၆၂၅၀၀
ရန်ကုန်ရွှေဈေး ၁၅ ပဲရည် တစ်ကျပ်သား	၆၂၃၅၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၈၂-၉၉၀	ကျပ်
ဥရောပ	တစ်ယူရို	၁၃၃၀-၁၃၃၅	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၇၀-၇၈၀	ကျပ်
ထိုင်း	တစ်ဘတ်	၃၀.၃၇-၃၀.၄	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅.၅-၁၅.၉	ကျပ်
တရုတ်	တစ်ယွမ်	၁၅၀-၁၆၀	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၃၀၂-၃၂၀	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၉၄၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၂၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၁၀၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၇၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၃၂၀၀-၄၁၀၀ ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၇၀၀-၃၂၀၀ ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၄၆၀၀-၇၅၀၀ ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀ ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၅၂၀၀-၈၀၀၀ ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၁၁၀၀၀-၂၅၀၀၀ ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၇၅၀၀-၁၂၀၀၀ ကျပ်
၈။ ကြက်	တစ်ပိဿာ	၅၀၀၀-၁၀၀၀၀ ကျပ်
၉။ ဝက်	တစ်ပိဿာ	၅၀၀၀-၈၀၀၀ ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၄၀၀၀-၈၀၀၀ ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၅၀၀၀ ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။ မိုးဆန်(ဇီယာအသစ်)	တစ်အိတ်	၁၆၀၀၀
၂။ ပေါ်ကျွဲ(အသစ်)	တစ်အိတ်	၁၆၀၀၀
၃။ ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၂၀၀၀-၂၆၀၀၀
၄။ မြေပဲဆီ	တစ်ပိဿာ	၃၁၀၀
၅။ စားအုန်းဆီ	တစ်ပိဿာ	၁၄၇၈
၆။ ဆိပ်ဖြူကြက်သွန်နီ (အသစ်)	တစ်ပိဿာ	၃၇၅-၆၅၀
၇။ ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၃၀၀-၂၁၅၀
၈။ ကြက်သွန်ဖြူ (ကြူကုတ်)	တစ်ပိဿာ	၁၀၉၀
၉။ အာလူး(ဆင်ဖြူကျွန်း)	တစ်ပိဿာ	၄၀၀-၇၈၀
၁၀။ ငရုတ်ရှည် (ပျော်ဘွယ်မိုး)	တစ်ပိဿာ	၂၆၀၀-၂၇၅၀
၁၁။ ငရုတ်ပွ (ဆင်ဖြူကျွန်း)	တစ်ပိဿာ	၄၀၀၀-၄၅၀၀
၁၂။ သကြား	တစ်ပိဿာ	၈၈၀-၉၀၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

အခွန်ဆောင်လို့ ဘဏ္ဍာတိုး တိုင်းပြည်စီးပွား ဖွံ့လို့ဖြိုး

ဥပဒေရေးရာ တရားမျှတမှု(ဒုတိယ)အပတ် ဆင့်ပွားသင်တန်းပို့ချ

ပဲခူး ဇန်နဝါရီ ၂၉

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ရုံးကြီးရပ်ကွက်ရှိ တိုင်းဒေသကြီး ဥပဒေချုပ်ရုံးခန်းမ၌ ဇန်နဝါရီ ၂၅ ရက် နံနက် ၉ နာရီခွဲက ဥပဒေရေးရာ တရားမျှတမှု ဆင့်ပွားသင်တန်းပို့ချမှု ဖွင့်ပွဲအခမ်းအနားကျင်းပသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး ဥပဒေချုပ် ဦးမြင့်အောင်နှင့် တိုင်းဒေသကြီး ဥပဒေအရာရှိ ဦးဇော်လင်းမောင်တို့က တက်ရောက်ဖွင့်လှစ်ပေးခဲ့ပြီး ဖွင့်ပွဲတွင် တိုင်းဒေသကြီး ဥပဒေချုပ် ဦးမြင့်အောင်က သင်တန်းသားများအား ဆင့်ပွားသင်တန်းဖြစ်သော်လည်း သင်တန်းပို့ချနေသော ဆရာများမှာ နေပြည်တော်တွင် ပို့ချခဲ့သည့်အတိုင်း အသေးစိတ်မှတ်သားထားပြီး ပို့ချမည့်သင်တန်းဖြစ်ကြောင်း၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံးတို့နှင့် ပူးပေါင်းဖွင့်လှစ်သော ထူးခြားသော သင်တန်းဖြစ်သောကြောင့် သင်တန်းသားများက သင်တန်းပို့ချသူများ၏ ပို့ချချက်များကို ဂရုတစိုက်မှတ်သားထားကြပြီး (ပထမ)ပတ်သင်တန်းနှင့် မတူဘဲ လက်တွေ့သရုပ်ပြတရားရုံး ပါဝင်မှာဖြစ်ကြောင်း ပြောကြားသည်။ **(ဝဲပုံ)**အဆိုပါသင်တန်းသို့ တောင်ငူခရိုင်နှင့်သာယာဝတီခရိုင်တို့မှ ဥပဒေအရာရှိများတက်ရောက်ခဲ့ကြသည်။ **သန့်စင်**

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင်မြိုင် ၈/မဘန(နိုင်)၀၃၁၄၀၀ ၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၃၁၁၀၈၈၅

အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၊ မြေကွက်အမှတ် ၃၄၉၊ အကျယ်အဝန်းပေ (၂၀×၆၀)ရှိသော နှစ် ၆၀ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အအုံအပါအဝင် ဆက်နွယ်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်များ အားလုံးတို့အား တရားဝင်ဝယ်ယူပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုလာသူ ဒေါ်နန်းစံဖူး ၁၃/လလန(နိုင်)၀၀၀၅၉၃ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်ညှိနှိုင်းသဘောတူညီချက်အရ စရန်ငွေပေးချေပြီးဖြစ်ပါ၍ အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့် ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်းကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးစိန်ဝင်း (စဥ်-၆၀၈၂)

B.A, H.G.P, C.B.L, D.B.L, D.M.L ဥပဒေအကျိုးဆောင်

အမှတ် ၁၀/၁၂၊ ပထမထပ်(အေ-၅)၊ ၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊

ဖုန်း-၀၉-၅၀၇၀၆၇၇၊ ၀၉-၇၃၂၀၇၅၂၅

MTSH မြန်မာသီလဝါအက်စ်အီးဇက်ဟိုးလ်ဒင်းပတ်ဘလစ်လီမိတက် (Myanmar Thilawa SEZ Holdings Public Limited.)

ဖွဲ့စည်းပြီးဖြစ်ကြောင်း ကြေညာခြင်း

မြန်မာသီလဝါအက်စ်အီးဇက်ဟိုးလ်ဒင်းပတ်ဘလစ်လီမိတက် (Myanmar Thilawa SEZ Holdings Public Limited.)ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ကုမ္ပဏီမှတ်ပုံတင်လက်မှတ် အမှတ် ၄၈၄/၂၀၁၃-၂၀၁၄ (၃-၅-၂၀၁၃)ဖြင့် အများနှင့်သက်ဆိုင်သော ကုမ္ပဏီအဖြစ် ဖွဲ့စည်းတည်ထောင်ခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။

မြန်မာသီလဝါအက်စ်အီးဇက်ဟိုးလ်ဒင်းပတ်ဘလစ်လီမိတက်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်တွင် တည်ရှိသည့် သီလဝါအထူးစီးပွားရေးဇုန် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန် ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းထားပြီး သီလဝါအထူးစီးပွားရေးဇုန်အတွင်းရှိ တည်ဆောက်ရေးလုပ်ငန်းများ၊ စက်မှုလက်မှုလုပ်ငန်းများ၊ ရောင်းဝယ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများအပြင် ဆက်စပ်လျက်ရှိသည့် အထောက်အကူပြု လုပ်ငန်းများတွင်လည်း ဥပဒေခွင့်ပြုချက်နှင့်အညီ လုပ်ကိုင်သွားမည်ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံရန် စိတ်ပါဝင်စားသူများအား အစုရှယ်ယာနှင့်ပတ်သက်သော အသေးစိတ်အချက်အလက်များကို ဆက်လက်အသိပေးကြေညာသွားမည်ဖြစ်ပါသည်။

ကုမ္ပဏီရုံးခန်းကို အခန်းအမှတ်(၁၁၀၃၊ ၁၁လွှာ)၊ UMFCCI Office Tower၊ အမှတ် ၂၉၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားပါသည်။

ဒါရိုက်တာအဖွဲ့

မြန်မာသီလဝါအက်စ်အီးဇက်ဟိုးလ်ဒင်းပတ်ဘလစ်လီမိတက်

ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၆စီ၂၊ မြေကွက်အမှတ် ၇၆၊ ဧရိယာ ၀ ဒသမ ၀၁၉ ဧက(ပေ ၂၀× ပေ ၄၀) အကျယ်အဝန်းရှိ နှစ်၆၀ ဂရန်မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအရှေ့ရပ်ကွက်၊ ဗိုလ်သူရလမ်း၊ အမှတ် ၈၂ ဟုခေါ်တွင်သော လေးထပ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် ဦးထွန်းတင် ၁၂/လသန(နိုင်)၀၁၀၈၃၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဈေးတန်ဖိုး၏ တစ်စိတ်တစ်ပိုင်းကို ပေးချေပြီးဖြစ်ပါသည်။ ထိုကဲ့သို့ အရောင်းအဝယ်ပြုခြင်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားများဖြင့် ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးလိမ္မော် LL.B ဦးမျိုးသူရအောင်(စဥ်-၄၂၂၁၀)၊ ဦးဝေယံဦး(စဥ်-၄၂၂၂၇)

တရားလွှတ်တော်ရှေ့နေ (စဥ်-၄၃၁၄) အထက်တန်းရှေ့နေများ

အမှတ် ၄၆ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊

ဖုန်း-၃၇၃၄၉၉၊ ၀၉-၈၆၃၀၇၀၄

ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၇၄(ကမာရွတ်)၊ မြေကွက်အမှတ် ၁၃၇၊ ဧရိယာ ၀ ဒသမ ၀၂၈ ဧကရှိ နှစ် ၆၀ဂရန်မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ ဗဟိုလမ်း (ခိုင်ရွှေဝါ)၊ အမှတ် ၁၆၀ ဟုခေါ်တွင်သော မြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ဒေါ်ခင်မာမိုး ၁၂/ကမတ(နိုင်)၀၃၆၄၂၉ ထံမှ အရောင်းအဝယ်စာချုပ်အမှတ် ၆၄၉၈/၁၂ နှင့် (၄-၁၀-၂၀၁၃)ရက်စွဲပါ အရပ်ကတိစာချုပ်တို့အရ ဝယ်ယူထားသူဖြစ်သော ဦးဇော်ရဲနိုင် ၁၂/ကတတ(နိုင်)၀၂၇၇၈၁ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် ရောင်းဈေးတန်ဖိုး၏တစ်စိတ်တစ်ပိုင်းကို ပေးချေပြီးဖြစ်ပါသည်။ ထိုကဲ့သို့ အရောင်းအဝယ်ပြုခြင်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားများဖြင့် ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါကြောင်းကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးလိမ္မော် LL.B ဦးမျိုးသူရအောင်(စဥ်-၄၂၂၁၀)၊ ဦးဝေယံဦး(စဥ်-၄၂၂၂၇)

တရားလွှတ်တော်ရှေ့နေ(စဥ်-၄၃၁၄) အထက်တန်းရှေ့နေများ

အမှတ် ၄၆ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊

ဖုန်း-၃၇၃၄၉၉၊ ၀၉-၈၆၃၀၇၀၄

✱ ကျောဖုံးမှ

ရေသယ်ယာဉ်တစ်စီးအနီးမှ သန္တေမီးသတ်တပ်ဖွဲ့ဝင်တစ်ဦးက "ညွှန်ချုပ်ကိုယ်တိုင်မီးလောင်နေတဲ့အပေါ်ထပ်ကို တက်သွားပြီး အနီးဆုံးကနေကြီးကြပ်ပေးနေပါတယ်။ မီးကဒီလောက်လောင်ဖို့မဟုတ်ဘူး။ စခန်းကိုအကြောင်းကြားမှုနောက်ကျတာရယ်၊ ယာဉ်တစ်စီးသာသွားလမ်းရှိတဲ့ ပက်လမ်းကွေ့တက်နေရတဲ့အတွက် ဆုံးရှုံးမှုများသွားတာ"ဟု ပြောကြားသည်။

မီးလောင်ရခြင်းအကြောင်းမှာ ပရိဘောဂလုပ်ငန်းမှ ထွက်ရှိသော လွှစာမှုန့်များနှင့် အခြားသောအမှုန့်များက အိပ်ဇောပန်ကာအတွင်းသို့ ဝင်ရောက်ပြီး မော်တာဂျန့်ဖြစ်၍ အပူလွန်ကဲရာမှ မီးစတင်လောင်ကျွမ်းခြင်းဖြစ်ကြောင်း တိုင်းဒေသကြီးမီးသတ်တပ်ဖွဲ့ထံမှ သိရသည်။

မီးလောင်မှုကြောင့် အဆောက်အအုံ၊ သစ်သားထိုင်ခုံ အလုံး ၃၀၊ ဆက်တီထိုင်ခုံသုံးခုံ၊ ဗီရိုအလုံး ၂၀၊ အိပ်ဇောပန်ကာအလုံး ၂၀ နှင့် လုပ်ငန်းသုံးပစ္စည်းများမီးလောင်ဆုံးရှုံးခဲ့ရပြီး တန်ဖိုးငွေကျပ် စုစုပေါင်း ၁၂၁ သိန်းဟု ဖော်ပြထားသည်။

မီးလောင်ရာသို့ သန္တေမီးသတ်တပ်ဖွဲ့ဝင်အင်အား ၂၈၇ ဦး၊ အရန်မီးသတ်အင်အား ၁၇၆ ဦး၊ ကြက်ခြေနီတပ်ဖွဲ့ဝင် ၅၀ တို့က မီးလောင်နေစဉ်နှင့် မီးကြွင်းမီးကျန်ငြိမ်းသတ်ရေးအတွက် ရေဂါလန် ၂၇၈၆၇၀ အသုံးပြုခဲ့ရကြောင်း သိရသည်။ မီးလောင်ခဲ့ရခြင်းနှင့် ပတ်သက်၍ ကြည့်မြင်တိုင်မြို့မရဲတပ်ဖွဲ့ရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ဘိန်းညိုမှုန့် ၁၀၆၇ ကီလို သိမ်းဆည်းရမိ

နေပြည်တော်　ဇန်နဝါရီ　၂၉

ဇန်နဝါရီ ၂၄ ရက် ညနေ ၄ နာရီခွဲတွင် ရှမ်းပြည်နယ် အမှတ်(၂၁) မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရဲတပ်ဖွဲ့ (ကွမ်းလုံ)မှ တပ်ဖွဲ့ဝင်များ နယ်စပ်ကုန်သွယ်မှုဦးစီးဌာနနှင့်အကောက်ခွန်ဦးစီးဌာနတို့မှ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် ကွမ်းလုံမြို့နယ် ဖောင်ဆိပ်နယ်စပ်ကုန်သွယ်ရေးစခန်းတွင် လားရှိုးမြို့မှ ချင်းရွှေဟော်မြို့သို့ ရှမ်းပြည်နယ် မိုင်းကိုင်းမြို့နေ စိုင်းကျော်နိုင်မောင်းနှင်ပြီး လားရှိုးမြို့ (၁၂)ရပ်ကွက်နေ အောင်ဖေ(၃၄နှစ်) လိုက်ပါလာသည့် YGN 4G/--- နံပါတ်ဆန်း ခြောက်ဘီးယာဉ်ကို ရှာဖွေရာ ပြောင်းဖူးအိတ်များအောက်မှ ပီနန်အိတ် ၃၇ အိတ်ဖြင့်ထည့်လျက် ဘိန်းညိုမှုန့် ၁၀၆၇ ကီလိုအား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် အောင်ဖေနှင့်စိုင်းကျော်နိုင်တို့ကို ကွမ်းလုံမြို့မရဲစခန်းက အမှုဖွင့်အရေးယူခဲ့သည်။

သိမ်းဆည်းရမိ

စစ်ဆေးပေါ်ပေါက်ချက်များအရ အမှတ်(၂၁)မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ (ကွမ်းလုံ)မှ တပ်ဖွဲ့ဝင်များ၊ လောက်ကိုင်ခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လောက်ကိုင်မြို့ အမှတ် (၁) ရပ်ကွက်နေ လူကွယ်ယွင်း(ခ)ကျန်ဝှာ၏နေအိမ်အား ဆက်လက်ရှာဖွေခဲ့ရာ နေအိမ်အိပ်ခန်းခုတင်အောက် သံသေတ္တာအတွင်းမှ ဘိန်းစိမ်း ခြောက်ကီလို၊ တန်ဖိုးငွေကျပ် ၇၂ သိန်းနှင့် အဖြူရောင်ပလတ်စတစ်ဖြင့် ထုပ်ထားသည့် ဘိန်းဖြူ ဝ ဒသမ ၃၅ ကီလိုပါ လေးထုပ်၊ စုစုပေါင်း ဘိန်းဖြူ ၁ ဒသမ ၄ ကီလို၊ တန်ဖိုးငွေကျပ် သိန်း ၂၈၀၊ အိပ်ခန်းအတွင်း ဗီရိုပေါ်ရှိ အပြာရောင်ကပ်ခွာအိတ်အတွင်းမှ WY စာတန်းပါ နီညိုရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ တန်ဖိုးငွေကျပ် သိန်း ၃၀ နှင့်အဖြူရောင် ပလတ်စတစ်အိတ်အတွင်း ထည့်ထားသော အိုက်စ်(မက်သာဖက်တမင်းဟိုက်ဒြိုကလိုရိုဒ်)တစ်ကီလိုဂရမ်စီပါ ၁၅ ထုပ်၊ စုစုပေါင်းအလေးချိန် ၁၅ ကီလိုခန့် တန်ဖိုးငွေကျပ် သိန်း ၃၀၀၀ ခြံဝင်းအတွင်းရှိ ၃ခ/--- တိုယိုတာခဲပုပ်ရောင်ယာဉ်ပေါ်မှ Sodium Hydroxide ၁၀၀ ကီလို၊ တန်ဖိုးငွေကျပ် ခြောက်သောင်းနှင့် ကားဂိုဒေါင်ဘေးမှ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့်အစိမ်းရောင်ဂက်စ်အိုး ခုနစ်အိုးတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။

ရဲပြန်ကြား

အင်္ဂလန်၊ စပိန် ပြည်တွင်းပွဲစဉ်များ

သီဟ

အင်္ဂလန်ချန်ပီယံရှစ် ပွဲစဉ်–၂၈　ဇန်နဝါရီ ၃၁

နော်တင်ဟမ်　-　ဝက်ဖို့ဒ်　နံနက် ၂း၁၅

စပိန်ကိုပါဒယ်ရေးဖလား　ဇန်နဝါရီ ၃၁

ရေးဆင်း　-　ဆိုစီဒက်　နံနက် ၂း၃၀

အီတာလီစီးရီးအေ ပွဲစဉ်(၂၁)အပြီး ရပ်တည်မှု ဇယား

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရမှတ်
၁	ဂျူဗင်တပ်စ်	၂၁	၁၈	၂	၁	၅၆
၂	ရိုးမား	၂၁	၁၅	၅	၁	၅၀
၃	နာပိုလီ	၂၁	၁၃	၅	၃	၄၄
၄	ဖီအိုရင်တီးနား	၂၁	၁၂	၅	၄	၄၁
၅	အင်တာ	၂၁	၈	၉	၄	၃၃
၆	တိုရီနို	၂၁	၈	၈	၅	၃၂
၇	ပါးမား	၂၁	၈	၈	၅	၃၂
၈	ဗီရိုနာ	၂၁	၁၀	၂	၉	၃၂
၉	အေစီမီလန်	၂၁	၇	၇	၇	၂၈
၁၀	လာဇီယို	၂၁	၇	၇	၇	၂၈
၁၁	ဂျီနိုအာ	၂၁	၇	၆	၈	၂၇
၁၂	အတ္တလန္တာ	၂၁	၇	၃	၁၁	၂၄
၁၃	ဆမ်ဒိုးရီးယား	၂၁	၅	၇	၉	၂၂
၁၄	ကက်ဂလီယာရီ	၂၁	၄	၉	၈	၂၁
၁၅	အူဒီးနိစ်	၂၁	၆	၂	၁၃	၂၀
၁၆	ချီယေဗို	၂၁	၄	၆	၁၁	၁၈
၁၇	ဘိုလော့ဂ်နာ	၂၁	၃	၉	၉	၁၈
၁၈	ဆက်ဆူအိုလို	၂၁	၄	၅	၁၂	၁၇
၁၉	လီဗော်နို	၂၁	၄	၄	၁၃	၁၆
၂၀	ကာတာနီးယား	၂၁	၃	၅	၁၃	၁၄

သတင်းထောက်များ စာမူရှင်များနှင့် ကာတွန်းပညာရှင်များသို့ ပန်ကြားချက်

မြန်မာ့အလင်းသတင်းစာသို့ အနယ်နယ်အရပ်ရပ်မှ မြို့နယ်သတင်းထောက်များ၊ အလွတ်သတင်းထောက်များ၊ ဆောင်းပါးစာမူရှင်များနှင့် ကာတွန်းပညာရှင်များသည် သတင်း၊ သတင်းဆောင်းပါး၊ ဆောင်းပါးနှင့် ကာတွန်းများ ပေးပို့ကြရာတွင် မိမိတို့ကိုယ်တိုင်ရေးသားကြောင်းနှင့် အခြားမည်သည့် စာနယ်ဇင်းတစ်ခုခုကိုမျှ ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံချက်နှင့်အတူ မြန်မာ့အလင်းသတင်းစာတိုက် အီးမေးလ်လိပ်စာ mmalin.npt @gmail. com နှင့် ဖက်စ်နံပါတ် ၀၆၇-၃၆၁၄၆ တို့သို့ ဆက်သွယ်ပေးပို့နိုင်ပါကြောင်း။ **စာတည်းအဖွဲ့**

နိုင်ငံဘက်စုံတည်ဆောက်ဖို့ မှန်မှန်ကန်ကန် အခွန်ပေးစို့

၂၀၁၄ ခုနှစ် မတ်လ ၂ ရက်တွင်ကျရောက်မည့် တောင်သူလယ်သမားနေ့အား ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဟင်းသီးဟင်းရွက် သစ်သီးဝလံပြိုင်ပွဲ ကြေညာချက်

၁။ အရည်အသွေးကောင်းသီးနှံများ စိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူလယ်သမားများ၏ ဝင်ငွေတိုးတက်ရေးအတွက် ရည်ရွယ်၍ ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်သည့် ဟင်းသီးဟင်းရွက် သစ်သီးဝလံပြိုင်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်ပါမည်။

ကျင်းပမည့်ရက်　- ၂၀၁၄ ခုနှစ် မတ် ၂ ရက် (တောင်သူလယ်သမားနေ့)
ကျင်းပမည့်နေရာ　- စက်စက်ယိုအဆင့်မြင့်ဇေက ၉၀၀စံပြစိုက်ကွင်း၊ နေပြည်တော်

၂။ သီးနှံအလိုက်ပြိုင်ပွဲဆုရရှိသူများကို
ပထမဆု　- ကျပ် ၁ သိန်း
ဒုတိယဆု　- ကျပ် ၇ သောင်း
တတိယဆု　- ကျပ် ၃ သောင်းချီးမြှင့်ပါမည်။

၃။ နေပြည်တော်ကောင်စီနယ်မြေအတွင်း မြို့နယ် ၈ မြို့နယ်မှ ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်သူ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်သည်။

၄။ ယှဉ်ပြိုင်မည့်ပုဂ္ဂိုလ်များသည် မိမိစိုက်ခင်းနှင့်အတူ မှတ်တမ်းဓာတ်ပုံကြိုတင်တင်ပြရမည်ဖြစ်ပြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကြိုတင်ကွင်းဆင်းကြည့်ရှုစစ်ဆေးသွားမည်ဖြစ်ပါသည်။

၅။ မည်သူမဆို ပါဝင်ယှဉ်ပြိုင်လိုသည့် စိတ်ကြိုက်သီးနှံအမျိုးအစားနှင့်သီးနှံအရေအတွက်ကို မတ် ၁ ရက် နံနက် ၁၀ နာရီမတိုင်မီအရောက် စက်စက်ယိုအဆင့်မြင့်ဇေက ၉၀၀ စံပြစိုက်ကွင်း၊ သစ်သီးဝလံပြခန်းသို့ ပေးပို့အပ်နှံရပါမည်။

၆။ သီးနှံအလိုက် ယှဉ်ပြိုင်ရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို အချိန်မီ ဆက်လက်ထုတ်ပြန်ကြေညာမည်ဖြစ်ပြီး လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ပညာရှင်များက အကဲဖြတ်အမှတ်ပေးမည်ဖြစ်ပါသည်။

၇။ ပြိုင်ပွဲဆိုင်ရာ အချက်အလက်များနှင့်ပတ်သက်၍ သိရှိလိုပါက အောက်ပါအတိုင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

(က) **ဆက်သွယ်ရမည့်ဌာန**　- စိုက်ပျိုးရေးဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
(ခ) **ဆက်သွယ်ရမည့်ဖုန်း**　- ၀၆၇-၄၁၀၀၀၇
(ဂ) **ဆက်သွယ်ရမည့်ဖက်စ်အမှတ်**　- ၀၆၇-၄၁၀၁၃၈

ရွှေဘိုတက္ကသိုလ် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရွှေဘိုတက္ကသိုလ် တတိယအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားအတွက် ဓာတ်ပုံလုပ်ငန်းနှင့် ဗီဒီယိုလုပ်ငန်းများရိုက်ကူးခြင်း လုပ်ကိုင်ခွင့်အတွက် အိတ်ဖွင့်တင်ဒါဈေးနှုန်းလွှာတင်သွင်းရန် ဖိတ်ခေါ်ပါသည်။ အိတ်ဖွင့်ဈေးနှုန်းလွှာကို ၃၁-၁-၂၀၁၄ရက် မွန်းလွဲ ၁၂း၃၀ နာရီတွင် နောက်ဆုံးထား၍ တင်သွင်းရပါမည်။ အသေးစိတ်အချက်အလက်များကို ရွှေဘိုတက္ကသိုလ်သင်တန်းရေးရာဌာန၊ စီမံရေးရာဌာနနှင့် ဘဏ္ဍာဌာနများတွင် ရုံးချိန်အတွင်း ဖုန်း-၀၇၅-၂၁၆၀၃ တွင် စုံစမ်းနိုင်ပါသည်။

ဓာတ်ပုံနှင့်ဗီဒီယိုလုပ်ငန်းအိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ရွှေဘိုတက္ကသိုလ်

မွေးနေ့ဆုတောင်း

ချစ်သောသားသားကြီး **မောင်သန့်နေရောင်** Grade 5-D (TTC), Primary -4(ILBC)၏ ၃၀-၁-၂၀၁၄ရက်တွင် ကျရောက်သော (၁၀)နှစ်ပြည့်မွေးနေ့မှစ၍ နောင်နှစ်ပေါင်းများစွာတိုင်အောင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံသောသားကောင်းရတနာလေးအဖြစ် အောင်မြင်မှုများစွာပိုင်ဆိုင်နိုင်ပါစေ-

နှစ်ဖက်သော - **ဘိုးဘိုး-ဘွားဘွား**
ဖေဖေ - **ဦးနေလင်း**
မေမေ - **ဒေါ်သက်သက်အောင်**
ညီလေး - **မောင်ဘုန်းနေရောင်**
Grade 2-A(TTC), Primary 1-B(ILBC)

ဈေးပြိုင်လေလံခေါ်ယူခြင်း

၁။ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်အတွက် မကွေးမြို့နယ်စည်ပင်သာယာရေးကော်မတီပိုင် အရပ်ရပ်အခွင့်အရေးလုပ်ငန်းလိုင်စင်များအား ဈေးပြိုင်စနစ်ဖြင့် အောက်ပါအစီအစဉ်အတိုင်း လေလံတင်ရောင်းချသွားမည်ဖြစ်ပါသည်-

(က)နေရာ　- မကွေးမြို့နယ် စည်ပင်သာယာရေးကော်မတီရုံး မကွေးမြို့၊ မကွေးတိုင်းဒေသကြီး
(ခ) အချိန်　- နံနက် ၉း၀၀ နာရီ
(ဂ) ဈေးပြိုင်လေလံတင် ရောင်းချမည့်နေ့ရက်　- ၁၀-၂-၂၀၁၄ ရက် (တနင်္လာနေ့)
(ဃ)လျှောက်လွှာတင် သွင်းရမည့်နောက်ဆုံးနေ့ရက်　- ၇-၂-၂၀၁၄ ရက် (သောကြာနေ့)

၂။ အဆိုပါအခွင့်အရေးလုပ်ငန်းလိုင်စင်များ ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချခြင်းနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက မကွေးမြို့နယ် စည်ပင်သာယာရေးကော်မတီရုံးသို့ လူကိုယ်တိုင်ဖြစ်စေ ဖုန်း-၀၆၃-၂၅၀၄၈ သို့ဖြစ်စေ ဆက်သွယ်စုံစမ်းနိုင်ပါသည်။ **မြို့နယ်စည်ပင်**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
ပြည်သူ့အင်အားဦးစီးဌာန
၂၀၁၄ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ
သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းသုံးပစ္စည်းများ ဖြန့်ဖြူးရန်အတွက်
စီးလုံးငှားကုန်တင်ယာဉ်များ ငှားရမ်းနိုင်ရေးအတွက် တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၄ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းတွင် အသုံးပြုမည့်မေးခွန်းပုံစံများ၊ လုပ်ငန်းထိန်းပုံစံနှင့် စာရင်းစစ်၊ စာရင်းကောက် အသုံးအဆောင်ပစ္စည်းများအား ပြည်နယ်တိုင်းဒေသကြီးများသို့ ဖြန့်ဖြူးပေးရန် စီးလုံးငှားကုန်တင်ယာဉ်များ ငှားရမ်းအသုံးပြုလိုပါသဖြင့် ငှားရမ်းလိုသည့်ယာဉ်ပိုင်ရှင်များအနေဖြင့် နေပြည်တော်မှ အထက်မြန်မာနိုင်ငံ ပြည်နယ်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးစိုက်ရာ မြို့ကြီးများသို့လည်းကောင်း၊ ရန်ကုန်မြို့မှ အောက်မြန်မာနိုင်ငံ ပြည်နယ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးစိုက်ရာ မြို့ကြီးများသို့လည်းကောင်း၊ ငှားရမ်းမည့်ယာဉ်၏ တင်ဆောင်တန်ချိန်၊ အဆိုပြုဈေးနှုန်းများဖော်ပြရန် ဤတင်ဒါခေါ်ယူသည့် ၃၁-၁-၂၀၁၄ရက်မှ ၅-၂-၂၀၁၄ရက် ညနေ ၁၆း၃၀နာရီအတွင်း ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့အင်အားဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ရုံးအမှတ် (၄၈)၊ နေပြည်တော်သို့ လာရောက်တင်သွင်းနိုင်ပါသည်။

၂။ အသေးစိတ်သိရှိလိုသော အချက်များရှိပါက ဖုန်း-၀၆၇-၄၁၃၁၃၆၇နှင့် ၀၆၇-၄၁၃၁၀၆၆သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့
ပြည်သူ့အင်အားဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၇၊ မြေကွက်အမှတ် ၈၈၆-ခ၊ အမည်ပေါက် ဦးမူတူး စီအက်စ်- ၀၀၁၃၆၈၏မြေကွက်သည် ဆေးရုံနှင့်မလွတ်သဖြင့် ပြောင်းရွှေ့ခြင်းခံရပါသည်။ ယင်းမြေကွက်အစား ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၆၈/၃၊ မြေကွက်အမှတ် ၃၃-ခကို ပြန်လည်ချထားပေးခဲ့ပါသည်။ အစားပြန်လည်ချထားပေးသော ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆၈/၃ မြေကွက်အမှတ် ၃၃-ခ အမည်ပေါက် ဦးမူတူး စီအက်စ်-၀၀၁၃၆၈(ကွယ်လွန်)၏ဇနီးဖြစ်သူ ဒေါ်ကြည် ၁၂/သကတ(နိုင်) ၀၀၀၅၇၂မှ အမည်ပေါက်အမည်ဖြင့်မြေချပါမစ်ပြုလုပ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း ဤဦးစီးဌာနသို့လာရောက်၍ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြေနှင့်အခွန်ဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

TAXI ယာဉ်မောင်းအလိုရှိသည်

7F (1.3) တစ်လက်ကိုင် (နေ့မောင်း)
စပေါ် - ၂၀၀၀၀
နံနက် ၆ နာရီမှ ည ၈ နာရီ
ဖုန်း-၀၉-၄၂၀၂၈၀၅၃၉၊ ၀၉-၂၅၀၆၅၀၁၀၂

မွေးသက္ကရာဇ် အမှန်

ကချင်ပြည်နယ်၊ ရွှေကူမြို့၊ အမှတ်(၃)ရပ်ကွက်၊ ဆိုင်းကုန်းရပ်နေ ဦးမြင့်ရွှေ၏သား အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း နဝမတန်း (A)-1 တွင် ပညာသင်ကြားနေသော မောင်နေရဲထွန်း၏ မွေးသက္ကရာဇ်အမှန်မှာ ၈-၁-၂၀၀၀ ဖြစ်ပါသည်။

ကြော်ငြာ


GOLDEN CITY
Myanmar's lifestyle
is set to improve
TODAY
National Landmark • Exclusively Yours
Launching soon
• Royal treatment at our hotel • Platinum privilege club
• International Office Building • Premium luxury shopping • Australian landscape design team
• Comfortable luxury living space • Top global property management company • Modern classical fusion
• Elite Community • French inspired Garden
Presented by Golden Land Real Estate Development Company Limited
Hotline:+95(0)1-8605111 +95(0)1-8605222
Golden Land Real Estate Development Co.,Ltd.
Address:Yankin Road,CMA Old building,Yankin Township,Yangon Myanmar
Http://www.glredel.com

ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီသို့ မေးမြန်းအကြံပြုချက် သက်ဆိုင်ရာဌာနများ၏ ဆောင်ရွက်ချက်များအား ထုတ်ပြန်ကြေညာ

ယမန်နေ့မှအဆက်

၂။ သံဖြူဇရပ်မှ ရေးသို့သွားသော ပြည်ထောင်စုလမ်းမကြီးသည် ဝဲခမိကျေးရွာမှ သံဖြူဇရပ်မြို့အထိ အချို့သောနေရာများတွင် ချိုင့်ခွက်များဖြစ်နေပါသဖြင့် ပြန်လည်ပြုပြင်ပေးပါရန် မေးမြန်းချက်နှင့် ပတ်သက်၍ သံဖြူဇရပ်-ရေးလမ်းမှာ သံဖြူဇရပ်မြို့နယ်အပိုင်းတွင် မိုင် (၃၉/၆) မှ (၆၅/၀) ထိ (၂၅ မိုင် ၂ ဖာလုံ)ရှိပြီး ဝဲခမိကျေးရွာ မိုင် (၅၇/၀)တွင်ရှိပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ၁၂ ပေ မှ ၁၈ ပေ အကျယ်ချဲ့၍ မူလ ၁၂ ပေအား ကတ္တရာထပ်ပိုးလွှာတင်ခြင်း တစ်မိုင်၊ ပေ ၄၀ အကျယ် မြေသားတာပေါင်ချဲ့ခြင်း (၇ ဖာလုံ)စသည့် လုပ်ငန်းများဆောင်ရွက်ရန် လျာထားပြီး ဆောင်ရွက်ဆဲဖြစ်ပါကြောင်း ဖြေကြားပါသည်။

၃။ မော်လမြိုင် (ဒိုင်းဝန်းကွင်း) မြို့ရှောင်လမ်း လမ်းကွေ့ဖြစ်နေ၍ လမ်းဖြေလျှော့ပေးပါရန် မေးမြန်းချက်နှင့်ပတ်သက်၍ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ပြည်နယ်ရန်ပုံငွေဖြင့်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားပါသည်။

၄။ ရေးမြို့နယ် မော်လမြိုင်-ရေးလမ်းပိုင်းတည်ဆောက်မှုမှာ တစ်မိုးသာခံသည့်အတွက် ရာသီဥတုကြောင့်လား၊ စံချိန်စံညွှန်းလမ်း အရည်အချင်း မပြည့်စုံလို့လား၊ Quality စစ်ဆေးရေးအဖွဲ့ ရှိ/မရှိ သိရှိလိုကြောင်း မေးမြန်းချက်နှင့် ပတ်သက်၍ မော်လမြိုင်-ရေလမ်းအပိုင်းကို လမ်းကောင်းဖြစ်စေချင်သည့်ဆန္ဒဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ကတ္တရာလမ်းပျက်ခြင်းသည် ရေကြောင့်ဖြစ်၍ ရေမဝပ်ရန် ရေစီးမြောင်းများဖောက်ခြင်း၊ လမ်းတာပေါင်မြှင့်ရမည့်အပိုင်းများလည်း ရှိပါသည်။ လမ်းဦးစီး၊ လမ်းသုတေသနအဖွဲ့ကို စေလွှတ်၍ လမ်းဒီဇိုင်းထုတ်ပြီး ပိုမိုကောင်းမွန်အောင် စံချိန်စံညွှန်းမီဖြစ်အောင် စစ်ဆေးကြပ်မတ်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။

၅။ သံဖြူဇရပ်မြို့နယ် သံဖြူဇရပ်-ရေးလမ်းကို သံဖြူဇရပ်မြို့နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ မိုင်တိုင်(၃၉/၆)မှ (၅၂/၄)အထိ ၁၃ မိုင် ၆ ဖာလုံ ဆောင်ရွက်ပြီး မော်လမြိုင်မြို့နယ် အင်ဂျင်နီယာမှ မိုင်(၅၂/၄)မှ (၆၅/၀)အထိ ၁၃ မိုင် ၄ ဖာလုံ စုစုပေါင်း ၂၇ မိုင် ၂ ဖာလုံ ၁၂ ပေ အကျယ်လမ်းမကြီးသည် ယာဉ်သွားယာဉ်လာအများဆုံးလမ်းဖြစ်သည့်အတွက် လမ်းကောင်းမွန်ရေးနှင့် တစ်ဖက်သုံးပေအကျယ် လမ်းတိုးချဲ့ပေးနိုင်ပါရန်နှင့် အဆိုပါလမ်းပေါ်ရှိ မိုင်တိုင် (၄၉/၁) နှင့် (၄၉/၂) အတွင်း ပေ ၁၂၀ ဘေလီတံတားအဖြစ် တည်ဆောက်ပေးပါရန် မေးမြန်းချက်နှင့် ပတ်သက်၍ မော်လမြိုင်ခရိုင်မှ တာဝန်ယူဆောင်ရွက်သော သံဖြူဇရပ်-ရေးလမ်းပိုင်း မိုင် (၃၉/၆) မှ (၆၅/၀) အထိ အပိုင်းကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုရန်ပုံငွေသန်း ၃၉၀ ဖြင့် ၁၂ပေမှ ၁၈ ပေ အကျယ်ချဲ့ခြင်း ၁ မိုင် ၄ ဖာလုံ၊ ပြည်နယ်ရန်ပုံငွေ ၁၂၇ ဒသမ ၃၅ သန်းဖြင့် ၁၂ ပေ မှ ၁၈ ပေ ကတ္တရာလမ်းချဲ့ခြင်း ၈ မိုင် ၄ ဖာလုံ၊ ပေ ၄၀ အကျယ်ရရန် မြေသားတာပေါင်ချဲ့ခြင်း ၁ မိုင် ၄ ဖာလုံ၊ ကတ္တရာထပ်ပိုးလွှာတင်ခြင်း (၁ မိုင် ၆ ဖာလုံ)၊ သံကူကွန်ကရစ် ရေထွက်ပေါက် ၁၆ စင်းတည်ဆောက်ရန် လျာထားပြီး ၃၀ ရာခိုင်နှုန်းခန့် လုပ်ငန်းဆောင်ရွက်ပြီးဖြစ်ပါသည်။ ဘေလီတံတားအမှတ် (၄/၅၀) ပေ ၁၂၀ အား သံကူကွန်ကရစ်တံတားဆောင်ရွက်ရန် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင်ရန်ပုံငွေတင်ပြထားပါကြောင်းဖြေကြားပါသည်။

သမိုင်းဝင် သားခိုတောင်စေတီတော် ရွှေထီးတော်နှင့် စိန်ဖူးတော်တင်လှူ

နေပြည်တော် ဇန်နဝါရီ ၂၉

နေပြည်တော် တပ်ကုန်းမြို့နယ် အုန်းပင်ကျေးရွာ၌ တည်ထားကိုးကွယ်သော ရှေးဟောင်းသမိုင်းဝင် သားခိုတောင်စေတီတော် ရွှေထီးတော်နှင့် စိန်ဖူးတော်တင် မင်္ဂလာအခမ်းအနားကို ဇန်နဝါရီ ၂၃ ရက် နံနက် ၉ နာရီတွင် အဆိုပါစေတီတော်၌ ကျင်းပရာ တပ်ကုန်းမြို့နယ် ရွာဦးစန္ဒာရုံကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိက မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တစန္ဒာသီရိ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့ ဝိဇ္ဇာတောင် သာသနာပြုဆရာတော် အရှင်ဉာဏသိဒ္ဓိနှင့် အလှူရှင်တို့က ရွှေထီးတော်ဘုံအဆင့်ဆင့်နှင့် စိန်ဖူးတော်တို့ကို မြလေယာဉ်မင်္ဂလာပန်းရထားဖြင့် စေတီတော်အထွတ်သို့ တင်လှူပူဇော်ခဲ့ကြသည်။

ထို့နောက် ဆရာတော် သံဃာတော်များက စေတီတော်အား ဗုဒ္ဓါဘိသေကအနေကဇာတင်တော်မူကြပြီး ရွှေမိုးငွေမိုး ရွာသွန်းဖြိုးပေးသည်။

သားခိုတောင် စေတီတော်မှာ ဘုရားအလောင်း ကျွဲမင်းဘဝဖြစ်စဉ်က ဒေဝဒတ်ကျွဲမင်း၏ ရန်ပြုခြင်းကို ရှောင်ရှားခိုလှုံရာ တောင်တော်၌ တည်ထား ကိုးကွယ်ထားခြင်းဖြစ်ပြီး ဝိဇ္ဇာတောင်သာသနာပြုဆရာတော်၏ ဦးဆောင်မှုဖြင့် အလှူရှင် မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် လျှော်ဖြူကုန်းကျေးရွာနေ ဦးစန်းဝင်း-ဒေါ်တင်တင်မူ မိသားစုတို့က ရွှေထီးတော်အသစ် ပြုလုပ်လှူဒါန်းကြခြင်းဖြစ်ကြောင်း သိရသည်။ **အေးသန်း**

အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သင်တန်းများဖွင့်

ဒိုက်ဦး ဇန်နဝါရီ ၂၉

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကြီးမှူး၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၁ ရက်က ဒိုက်ဦးမြို့နယ် ရွှေအင်ဒုံကျေးရွာနှင့် ဆင်စခန်းကျေးရွာ၌ တစ်ဆက်တည်း ကျင်းပသည်။

အဆိုပါ သင်တန်းကို ဇန်နဝါရီ ၂၁ ရက်မှစတင်၍ တစ်လကြာ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းတွင် ပန်းရန်၊ လက်သမားပညာ၊ ငါးမွေးမြူရေးနှင့် စီးပွားဖြစ်တိရစ္ဆာန်မွေးမြူရေးပညာများကို သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ သင်တန်းဖွင့်လှစ်ပေးခြင်းကြောင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိကာ ဝင်ငွေတိုးတက်၍ ကျေးလက်လူနေမှုဘဝ တိုးတက်မြင့်မားစေရန်ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသဖြင့် ဒေသခံပြည်သူများဝမ်းသာလျက်ရှိသည်။

နေလင်း(ညောင်လေးပင်)

စစ်ကိုင်းတိုင်းဒေသမှ ကုလားပဲစိုက်ခင်းများ ပိုးလွတ်၍ အထွက်နှုန်းကောင်းမည်ဟုဆို

စစ်ကိုင်း ဇန်နဝါရီ ၂၉

စစ်ကိုင်းမြို့နယ် ပဲကတိုးကျေးရွာအုပ်စုမှ တောင်သူလယ်သမားကြီးများသည် မနေ့သုခစပါးရိတ်သိမ်းပြီး တန်ဆောင်မုန်းလဆန်းမှစ၍ကုလားပဲများ စတင်စိုက်ပျိုးခဲ့ကြရာ ယခုနှစ်တွင် ကုလားပဲစိုက်ခင်းများတွင် ပိုးလွတ်သဖြင့် အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမည်ဟု ပဲကတိုးကျေးရွာမှ သက်ကြီးတောင်သူလယ်သမားကြီး ဦးဘိုးချောထံမှသိရသည်။

"ပဲကတိုးကျေးရွာ အုပ်စုမှာ တောင်သူလယ်သမားကြီးများ စိုက်ပျိုးထားတဲ့ ကုလားပဲစိုက်ခင်းဧက ၆၀၀ ကျော်ရှိပါတယ်။ မနှစ်က ကုလားပဲတစ်တင်း ကျပ်တစ်သောင်း ရရှိခဲ့ကြောင်း၊ ယခုနှစ် ဈေးအတိအကျမသိရသေးကြောင်း" သိရသည်။

❑ ယခုနှစ်တွင် ကုလားပဲစိုက်ခင်းများတွင် ပိုးလွတ်သဖြင့် အောင်မြင်စွာ ဖြစ်ထွန်း

"မနှစ်က စပါးဈေးလည်း မကောင်းဘူး။ တစ်တင်း ၅၀၀၀ နဲ့ ရောင်းရပြီး အချို့တောင်သူလယ်သမားကြီးများက မရောင်းဘဲ ဝမ်းစာအဖြစ်ထားကြတယ်။ ကုလားပဲရိတ်သိမ်းပြီးရင် ပဲတီစိမ်းစိုက်မယ်။ မနှစ်က ပဲတီစိမ်းတစ်တင်းကို ငွေကျပ် ၁၅၀၀၀ ရတယ်။ ပဲကတိုးကျေးရွာအုပ်စုမှာ စပါး၊ ကုလားပဲနှင့် ပဲတီစိမ်းကိုပဲ စိုက်ကြတယ်"ဟု တောင်သူကြီးတစ်ဦးက ပြောသည်။ (၁၃၇)

အမည်မှန်

ဖြူးမြို့နယ်၊ ဇဟားကျေးရွာအုပ်စု၊ (ပ·လ·ဖ)စိုက်ကွင်းနေ ဦးသောင်းလွင်၏သမီး မမြသက်ကြူ ၇/ဖမန(နိုင်)၁၅၉၈၄၁ ၏အမည်မှန်မှာ မမြတ်သက်ကြူ ဖြစ်ပါကြောင်း။ **မမြတ်သက်ကြူ ၇/ဖမန(နိုင်)၁၅၉၈၄၁**

ဖခင်အမည် ဖြည့်စွက်ခြင်း

မယုယုခိုင် ၇/လပတ(နိုင်)၁၆၃၈၄၈ ၏ဖခင် ဦးသောင်းကြည် ၇/လပတ(နိုင်)၁၁၈၉၈၈သည် ဦးမြင့်ဆွေနှင့် လူပုဂ္ဂိုလ်အရ တစ်ဦးတည်းဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **ဦးသောင်းကြည်(ခ)ဦးမြင့်ဆွေ**

(ယခင် ABM, BBM) အထက(၃)ပုသိမ်၊ စတုတ္ထအကြိမ်မြတ်ဆရာပူဇော်ကန်တော့ပွဲ ကျေးဇူးအထူးတင်ရှိခြင်း

၁၇-၁-၂၀၁၄ ရက်မှ ၁၉-၁-၂၀၁၄ ရက်အထိ အထက(၃) ပုသိမ်မြို့တွင် ကျင်းပခဲ့သော စတုတ္ထအကြိမ်မြတ်ဆရာပူဇော်ကန်တော့ပွဲသို့ တက်ရောက်ချီးမြှင့်ခဲ့သော ကန်တော့ခံ ဆရာကြီး ဆရာမကြီးများအားလည်းကောင်း၊ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မေတ္တာဖြင့် အဝေးမှ ကန်တော့ခံခဲ့သော ဆရာကြီး ဆရာမကြီးများအားလည်းကောင်း၊ ၁၉-၁-၂၀၁၄ ရက် ညစာစားပွဲသို့ တက်ရောက်ချီးမြှင့်ခဲ့သော ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများအားလည်းကောင်း၊ အားပေးကူညီခဲ့ကြသော ပုသိမ်မြို့မှ ဒေသဆိုင်ရာအဖွဲ့အစည်းများအားလည်းကောင်း၊ အခမ်းအနားများတွင် ပါဝင်ကူညီပေးခဲ့ကြသော အထက(၃) ပုသိမ်မှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများအားလည်းကောင်း၊ ရပ်ဝေးရပ်နီးမှ လူကိုယ်တိုင်လာရောက် ဂါရဝပြုကြသော ကျောင်းသား ကျောင်းသူဟောင်းများအားလည်းကောင်း၊ ကိုယ်တိုင်မလာရောက်နိုင်သော်လည်း မြန်မာနိုင်ငံအတွင်းနှင့် နိုင်ငံရပ်ခြားမှ အလှူငွေများ ပေးပို့လှူဒါန်းကြသော ကျောင်းသား ကျောင်းသူဟောင်းများအားလည်းကောင်း၊ မေတ္တာဖြင့်ဖျော်ဖြေပေးခဲ့သော အဆိုတော်များနှင့် The Goldies တီးဝိုင်းအဖွဲ့သားများအားလည်းကောင်း၊ အခမ်းအနားကြီး အောင်မြင်စွာဖြစ်မြောက်ရေးအတွက် ဩဂုတ်လ ၂၀၁၃ မှစတင်ကာ တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ပေးခဲ့ကြသော ပုသိမ်မြို့နှင့် ရန်ကုန်မြို့မှ အဖွဲ့သားများနှင့် ကူညီပေးကြသော ကျောင်းသား ကျောင်းသူဟောင်းများအားလုံးကိုလည်းကောင်း အထူးပင် ကျေးဇူးတင်ရှိပါကြောင်း။

ကျင်းပရေးကော်မတီ

မြန်မာနိုင်ငံဗိသုကာအသင်း

OCYA (Orientation Course for Young Architects)

လုပ်ငန်းခွင်ဝင်မွမ်းမံသင်တန်းဖွင့်မည်

လုပ်ငန်းခွင်ဝင်ရန် လူငယ်ဗိသုကာများအတွက် Orientation Course for Young Architects အမှတ်စဉ်(၀၃/၂၀၁၄)ကို အောက်ပါအစီအစဉ်အတိုင်း ဖွင့်လှစ်မည်ဖြစ်ပါသောကြောင့် မြန်မာနိုင်ငံဗိသုကာအသင်းနှင့် ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါပြီ။

တက်ရောက်ခွင့်ရှိသူ - AMA အသင်းဝင် အသက်(၃၀)အောက် လူငယ်ဗိသုကာများ
သင်တန်းကာလ - ၃ ရက် (၁ ရက်မှ ၃ ရက် ဖေဖော်ဝါရီအထိ)
သင်တန်းကြေး - တစ်သောင်းကျပ် (စာရွက်စာတမ်းကြေးများပါပြီး)
သင်တန်းချိန် - နံနက် ၉ နာရီမှ ညနေ ၅း၁၅ နာရီအထိ
သင်တန်းနေရာ - မြန်မာနိုင်ငံဗိသုကာအသင်း၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန (တတိယထပ်)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
စာရင်းပေးသွင်းရန် - ၃၁ ရက် ဇန်နဝါရီ နောက်ဆုံးထားပြီး အသင်းသို့ တယ်လီဖုန်းနှင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါသည်။

မြန်မာနိုင်ငံဗိသုကာအသင်း
ဖုန်း-၀၉-၇၃၁၅၄၄၆၀

ဖောင်းကြွနံပါတ်ပြားပျောက်ဆုံးခြင်း

ယာဉ်အမှတ် ၈/၉၂၅၇ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ကလေး)

ဖောင်းကြွနံပါတ်ပြားပျောက်ဆုံးခြင်း

ယာဉ်အမှတ် ၄င/၇၄၄၀ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ကလေး)

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ကျေးလက်လမ်းနှင့် တံတားများ ပြုပြင်တည်ဆောက်

ကျပ်သိန်းတစ်ထောင်ကို ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းများ အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရေးအတွက် လျာထားသတ်မှတ်

ကံမ ဇန်နဝါရီ ၂၉

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ်တွင် လွှတ်တော်ကိုယ်စားလှယ်များ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ရရှိသည့် ကျပ်သိန်းတစ်ထောင်ကို ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လျာထားသတ်မှတ်ထားသည့် ကျေးရွာ ၃၆ ရွာသို့ ရန်ပုံငွေများခွဲဝေချထားပေးခဲ့သည်။ ၎င်းရန်ပုံငွေဖြင့် ကျေးရွာများတွင် လိုအပ်လျက်ရှိသော ကျေးလက်လမ်းနှင့် တံတားပြုပြင်တည်ဆောက်ရေး လုပ်ငန်း ၂၈ ခု၊ သောက်သုံးရေရရှိရေးလုပ်ငန်းသုံးခု၊ ပညာရေးဆိုင်ရာ အဆောက်အအုံ တည်ဆောက်ပြုပြင်ခြင်းလုပ်ငန်းလေးခု၊ ကျန်းမာရေးဆိုင်ရာ အဆောက်အအုံပြုပြင်ခြင်းလုပ်ငန်းသုံးခုနှင့် မြို့နယ်အတွင်း အမှန်တကယ်လိုအပ်သော အခြားလုပ်ငန်းနှစ်ခု စုစုပေါင်း လုပ်ငန်း ၄၀ တို့ကို အကောင်အထည်ဖော်စတင်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ လုပ်ငန်းများဆောင်ရွက်နေမှုတို့ကို အချိန်နှင့်တစ်ပြေးညီ ပြီးစီးအောင်မြင်ရေးအတွက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့် တာဝန်ရှိသူတို့က ကျေးရွာများသို့ ကွင်းဆင်း၍ လိုအပ်သည်များကို ဆက်စပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မီးဘေး ကင်းဝေးရေး ပညာပေး

နေပြည်တော် ဇန်နဝါရီ ၂၉

နေပြည်တော် တပ်ကုန်းမြို့နယ် မီးဘေးကြိုတင်ကာကွယ်တားဆီးရေး ကြီးကြပ်မှုကော်မတီနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ မြို့နယ်အတွင်း ပညာပေးဟောပြောခြင်း၊ စစ်ဆေးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၄ ရက် နံနက်ပိုင်းက မြို့မ(၆)ရပ်ကွက်အတွင်း ကွင်းဆင်း စစ်ဆေးကြသည်။

အဆိုပါ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ကွင်းဆင်းစစ်ဆေးရာသို့ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ တပ်ရင်းမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းတင်၊ မြို့မရဲစခန်းမှူး ဒုတိယရဲမှူးသန်းဝင်း၊ ဗိုလ်မင်းရောင်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးအုန်းနွဲ့နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လိုက်ပါလျက် ထင်း၊ မီးသွေး၊ ဂက်(စ်)မီးဖို အသုံးပြုနေသူများ မီးသုံးစွဲမှု၊ မီးချိတ်၊ မီးကပ်ထားရှိမှု၊ သဲပုံး၊ ရေပုံးထားရှိမှု၊ အရေးပေါ် မီးသတ်ကားသွားလာနိုင်မှုများ၊ လျှပ်စစ်ဝိုင်ယာကြိုး သွယ်တန်းထားမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(၁၆၂)

နေ့ချင်းပြီးမှတ်ပုံတင်ပြုလုပ်ပေး

သီပေါ ဇန်နဝါရီ ၂၉

ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှ မြို့ပေါ်နှင့်ကျေးလက်နေပြည်သူများ နေ့ချင်းပြီးမှတ်ပုံတင်ပြုလုပ်ပေးခြင်းကို ဇန်နဝါရီ ၂၆ ရက် နံနက် ၁၀ နာရီက အုပ်ကျင်းရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

မှတ်ပုံတင် ဆောင်ရွက်ပေးခြင်း အခမ်းအနားသို့ သီပေါမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနဦးစီးမှူး ဦးစိုင်းထွန်းအေးနှင့်အတူ ရုံးဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် လူမှုရေးအထောက်အကူပြုအဖွဲ့များ ပူးပေါင်း၍ ရပ်ကွက်ပြည်သူများအား နေ့ချင်းပြီးမှတ်ပုံတင်များ ပြုလုပ်ပေးခဲ့သည်။ **(ယာပုံ)** **စိုင်း(သီပေါ)**

မူးယစ်ဆေးဝါးဟောပြောပွဲ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၉

ဇန်နဝါရီ ၂၅ ရက် မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ မြစ်ကြီးနားမြို့ ယုဇနရပ်ကွက်ရှိ SHINE HOPE ကုမ္ပဏီအစည်းအဝေးခန်းမ၌ မူးယစ်ဆေးဝါး အန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကျင်းပသည်။

ဟောပြောပွဲတွင် အမှတ်(၂)မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု(မြစ်ကြီးနား)မှ ရဲအုပ်ဇော်မျိုးလွင်က မူးယစ်ဆေးဝါးဆိုင်ရာ ဥပဒေ၊ ပြည်သူလူထုပူးပေါင်းပါဝင်သော တားဆီးနှိမ်နင်းရေးစီမံချက်ပါလုပ်ငန်းများ၊ လူငယ်များအကြားမူးယစ်ဆေးဝါးသုံးစွဲမှု ပျံ့နှံ့မှုမရှိစေရေးနှင့် မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ဖြစ်ပေါ်လာမည့် ကျန်းမာရေးဆိုးကျိုးများအကြောင်းကို ဟောပြောခဲ့ပြီး အခမ်းအနားသို့ SHINE HOPE ကုမ္ပဏီမှ မန်နေဂျင်း ဒါရိုက်တာ ဦးတင်ဆောင်နှင့် ကုမ္ပဏီဝန်ထမ်း ၅၀ တို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

ရဲပြန်ကြား

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂၊ ရွှေပြည်သာ ၆ လမ်း၊ မြေကွက်အမှတ် ၁၁၅၈ ဟုခေါ်တွင်သည့် မြေအကျယ်ပေ(၆၀×၄၀)ရှိ ပါမစ်မြေကွက်ကြီးထဲမှ တရားဝင် ခွဲခြမ်းစိတ်ဖြာခြင်းမပြုရသေးသည့် ထိုမြေကွက်ကြီး၏ ခြေရင်းဘက်အခြမ်း၊ မြေအကျယ်ပေ(၆၀×၂၀)ရှိမြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်များကို မြေချပါမစ်အမည်ပေါက် ဦးသန်းဦးထံမှ ဝယ်ယူပိုင်ဆိုင်ထားသည်ဟု အဆိုရှိသူ ဦးသောင်းရှိန်က ကျွန်ုပ်ထံသို့ရောင်းချရာ ကျွန်ုပ်မှ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးပြတ်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ဒေါ်ဌေးဌေးဝင်း
ဖုန်း-၀၉-၅၀၈၁၈၇၇

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ ကာယဉာဏ ဂရန်ပေးရေးစီမံချက်အတွင်းရှိ မြေတိုင်းရပ်ကွက်အမှတ်၅၃၂/စီ၁၊ မြေကွက်အမှတ်၂/၉၊ရေိယာ ၀ ဒသမ ၃၃၅၈ဧက၊ မြေကွက်တည်နေရာအမှတ် ၂၃၅/က၊ မဥ္ဇူလမ်း၊ ရွှေနံ့သာကျေးရွာအုပ်စု၊ သဃ်န်းကျွန်းကြီးကျေးရွာရှိ မြေကွက်အား ငယ်စာရင်းအမည်ပေါက် ဒေါ်ခင်မြိုင်ထံမှ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ပိုင်ဆိုင်ခဲ့သူ ဦးမြင့်ဇော် ၉/သစန(နိုင်)၀၂၉၁၁၇က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအုပ်ချုပ်ရေးမှူး၊ ရွှေနံ့သာကျေးရွာအုပ်ချုပ်ရေးမှူး ထောက်ခံချက်များတင်ပြ၍ နှစ်၆၀မြေငှားစာချုပ်ဂရန်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၇၅၊ မြေကွက်အမှတ်၅ထဲမှ တစ်စိတ်တစ်ဒေသ၊ အကျယ်အဝန်း (၄၄ပေ၆လက်မ× ပေ၄၀) မြေကွက်တည်နေရာအမှတ်၃၈၊ ၄၀၊ အောင်သစ္စာလမ်း၊ (၁)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ မြေအမျိုးအစားအစိုးရမြေ၊ အမည်ပေါက် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီမြေအား ဦးသိန်းရင် ၁၂/ကမရ(နိုင်)၀၄၉၉၆၃၊ ဒေါ်မီလန် ၁၂/ကမရ(နိုင်)၀၄၃၇၉၈တို့မှ နှစ်၆၀ မြေငှားစာချုပ်ဂရန်လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ



သဇင်ပန်း

ထားဝယ်သဇင်ဥစစ်စစ်၊ သဇင်ဥမျိုးစုံ/တိုင်။

ဖုန်း-၀၁-၅၆၀၅၆၇၊၀၉-၃၁၂၆၁၂၆၀

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ဝါဆို၊ မြေကွက်အမှတ် ၄၀၄၊ မြေကွက်တည်နေရာအမှတ် ၁၃၊ သီရိရတနာလမ်း၊ ဝါဆိုရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးသောင်းဖေ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးသောင်းဖေ(ဖခင်)နှင့် (မိခင်)တို့ ကွယ်လွန်သဖြင့် ဒေါ်မြမြ ၁၂/ဒပန(နိုင်)၀၁၃၃၇၀၊ ဦးထွန်းတင် ၁၂/ပဇတ(နိုင်)၀၀၅၈၅၁၊ ဦးစိန်ဝင်း ၁၂/ဒပန(နိုင်)၀၁၅၅၉၆၊ ဒေါ်ခင်ခင်သောင်း ၁၂/သကတ(နိုင်)၀၅၇၇၂၅၊ ဒေါ်ခင်ငြိမ်း ၁၂/ဒပန(နိုင်)၀၁၃၃၆၁၊ ဒေါ်မာလာ ၁၂/ဒပန(နိုင်)၀၁၃၃၆၅၊ ဦးထိန်လင်း ၁၂/ဒပန(နိုင်)၀၄၂၀၇၉၊ ဒေါ်ခင်မာချို ၁၂/ဒပန (နိုင်)၀၁၂၅၆၂တို့ထံမှ GP (၂၄၈၃၃/၄-၁၂-၁၃) ဖြင့်ရရှိသူ ဦးတင်မြင့် ၁၄/ဘကလ(နိုင်)၀၃၅၀၆၂မှ ကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၄၊မြေကွက်အမှတ် ၆၄၂/က၊ မြေကွက်တည်နေရာအမှတ် ၆၄၂/က၊ အောင်သစ္စာ ၂လမ်း၊(၄/တောင်)ရပ်ကွက်၊ သာကေတမြို့နယ် ဦးထွန်းတင်(ခင်ပွန်း)အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးထွန်းတင်(ခင်ပွန်း) ကွယ်လွန်သဖြင့် ပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် ၄၆၈၅/၂၀၁၃ (၅-၁၂-၂၀၁၃)အရ ဒေါ်သိန်းရင် ၁၂/သကတ(နိုင်)၀၇၈၉၆၇မှ ပိုင်ဆိုင်ခဲ့ပြီး မြေစာရင်းမှတ်ချက်အရ(၂၀၁၂)ခုနှစ်တွင် ဒေါ်သိန်းရင်မှ (ပိုင်ဆိုင်-အရောင်း) မြေပုံကူးလျှောက်ထားခဲ့ခြင်းနှင့် ပတ်သက်၍ အရောင်းအဝယ် မြေပုံမူရင်းပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာတင်ပြပြီးအမည်ပြောင်းလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅/ကြည်စု၊ မြေကွက်အမှတ် ၅၅၈၊ မြေကွက်တည်နေရာအမှတ်၅၅၈၊အလင်းရောင်၁လမ်း၊ ကြည်စုရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးထွန်းရွှေ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးထွန်းရွှေ (ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီး ဒေါ်အုန်းမြင့် ၁၂/ဒပန(နိုင်)၀၀၅၄၀၇မှ ကျမ်းကျိန်လွှာနှင့် သေစာရင်းများတင်ပြလျက် ၎င်းကိုယ်စား GP ၂၀၃၃၁/၂၀၁၃ရသူ ဦးမောင်မင်း ၁၂/ဒဂန(နိုင်) ၀၂၁၇၅၉က အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၁၄/၁၊ မြေကွက်အမှတ် ၁၅၂/၂၊ မြေကွက်တည်နေရာအမှတ် ၁၅၂/၂၊ ၂ လမ်း၊ (၁၄/၁)ရပ်ကွက်၊ တောင်ဥက္ကလာပ ဦးမြင့်မွန် အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးမြင့်မွန်ထံမှ အရောင်းအဝယ်စာချုပ်-၄၀၉၈(၁၇-၁၁-၀၆)ဖြင့် (၂၀'×၆၀')အား ဒေါ်တင်မူမြင့် ၁၂/ဥကတ(နိုင်)၁၂၀၃၅၃မှ ဝယ်ယူခဲ့ပြီး ကျန်ဧရိယာအား အမည်ပေါက်ဦးမြင့်မွန်နှင့် ဇနီးဒေါ်ခင်မေတို့ ကွယ်လွန်သဖြင့် ဦးထွန်းထွန်းနိုင် ၁၂/ဥကတ(နိုင်)၁၀၃၀၁၅၊ဒေါ်တင်မူမြင့် ၁၂/ဥကတ(နိုင်)၁၂၀၃၅၃၊ ဦးစောလှဦး ၁၂/ဥကတ(နိုင်)၁၀၃၅၇၀တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် စွန့်လွှတ်စာချုပ်ရန် ကိုယ်စားလှယ်လွှဲစာအမှတ် ၂၃၂၉၀(၁၉-၁၁-၁၃)ဖြင့် အထွေထွေကိုယ်စားလှယ် ဦးမောင်မင်းဆွေ ၁၂/ဥကတ(နိုင်)၁၀၆၀၄၆က ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့်ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ ၇၅၂(၂၆-၁၁-၁၃)ကို တင်ပြ၍ မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် စံပြ၊မြေကွက်အမှတ် ၃၇၀၊ မြေကွက်တည်နေရာအမှတ် ၃၇၀၊ စံပြ ၁ လမ်း၊ စံပြရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ် ဦးမြင့်စိုး ၁၂/သဃက(နိုင်)၀၅၁၉၆၉ အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက်ဦးမြင့်စိုး(ခင်ပွန်း) ကွယ်လွန်သဖြင့် ဒေါ်ကြည်လှ ၁၂/သဃက(နိုင်)၀၅၁၉၆၅က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းစာချုပ်ရန် GP No-၂၃၁၉၈/၁၉-၁၁-၁၃ ရသူ ဒေါ်မြတ်သန္တာလင်း ၈/စလန(နိုင်)၀၇၀၇၀၆က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါရုပ်သိမ်းခြင်းမရှိသေးကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သတင်းဆောင်းပါး

မြန်မာ့သစ်တောဖုံးလွှမ်းမှု အားကောင်းလာတော့မည်

ယခုဘဏ္ဍာနှစ်အတွင်း ကျွန်းနှင့် သစ်မာ ထုတ်လုပ်မှု လျှော့ချမည်ဟုဆို

မြန်မာ့သစ်တော ကြိုးဝိုင်းများအတွင်း သစ်တောများ ဖုံးလွှမ်းမှု ပိုမိုအားကောင်းလာစေရန်အတွက် လာမည့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှစပြီး သစ်တောများအတွင်း ကျွန်းသစ်နှင့် သစ်မာထုတ်လုပ်မှုကို လျှော့ချသွားမည်ဖြစ်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ သတင်းရရှိသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း ကျွန်းသစ်တန်ချိန် ၂၀၀၀၀ ထုတ်လုပ်ခဲ့ရာမှ ယခု ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် တန်ချိန် ၆၀၀၀၀ သို့ လျှော့ချမည်ဖြစ်ပြီး၊ သစ်မာထုတ်လုပ်မှု ကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း တန်ချိန် ၁၂ သိန်း ထုတ်လုပ်သွားရန် လျာထားဆောင်ရွက်ခဲ့ရာမှ ယခုဘဏ္ဍာနှစ်တွင် တန်ချိန် ခြောက်သိန်းအထိ လျှော့ချသွားမည်ဖြစ်သည်။

ထိုကဲ့သို့ ကျွန်းသစ်နှင့် သစ်မာထုတ်လုပ်မှုလျှော့ချလိုက်ခြင်းဖြင့် ကျွန်းသစ်ထုတ်လုပ်မှုသည် ၇၀ ရာခိုင်နှုန်းသို့ လည်းကောင်း၊ သစ်မာထုတ်လုပ်မှုသည် ၄၄ ရာခိုင်နှုန်းသို့ လည်းကောင်း ကျဆင်းသွားမည် ဖြစ်ပြီး နိုင်ငံအတွင်း ကျွန်း၊ သစ်မာထုတ်လုပ်တင်ပို့ရောင်းချမှု သိသိသာသာ ကျဆင်းသွားမည် ဖြစ်သော်လည်း စီးပွားရေးတိုးတက်မှု ဂျီဒီပီကို ကာမိစေရန် သစ်အချောထည် ထုတ်လုပ်တင်ပို့သည့် သစ်အခြေခံ စက်မှုလုပ်ငန်းများကို ပိုမိုလုပ်ကိုင်လာကြမည်ဖြစ်ကြောင်း သိရသည်။

ပုဂ္ဂလိက သစ်အခြေခံ စက်မှုလုပ်ငန်းများ ထူထောင်ပေးပြီး တန်ဖိုးမြှင့်သစ်အချောထည် တင်ပို့ရေး လုပ်ငန်းများ အရှိန်အဟုန်ဖြင့် ပေါ်ပေါက်လာစေရန် ဆောင်ရွက်နေပြီဖြစ်ပြီး မြန်မာ့သစ်လုပ်ငန်းကို ပုဂ္ဂလိက ပုံစံပြောင်းလဲ လုပ်ကိုင်သွားနိုင်ရန် စီစဉ်ဆောင်ရွက်နေပြီ ဖြစ်သည်။

သစ်အချောထည် ထုတ်လုပ် တင်ပို့ရေးလုပ်ငန်းများ ပေါ်ပေါက်လာစေရန်အတွက် ဧပြီ ၁ ရက်မှစပြီး သစ်အလုံးလိုက် ပြည်ပသို့ တင်ပို့ရောင်းချခြင်းကိုပိတ်ပင်လိုက်ပြီဖြစ်သည်။ ကျွန်းနှင့်သစ်မာ ထုတ်လုပ်မှုကို လျှော့ချခြင်း၊ သစ်အလုံးလိုက် တင်ပို့ခြင်းကို ပိတ်ပင်ခြင်းဖြင့် သစ်တော ဧရိယာအတွင်း ဇီဝမျိုးကွဲ ထိန်းသိမ်းရေးနှင့် သစ်တောများ သိပ်သည်းစွာ ပြန်လည် ဖုံးလွှမ်းနိုင်ရေးကို ထိထိရောက်ရောက် ဆောင်ရွက်သွားမည်ဖြစ်သည်။ အသစ် ပေါက်ရောက်လာမည့် သစ်တောများသည် နောင်အနာဂတ်မျိုးဆက်များအတွက် သယံဇာတအမွေအနှစ်များ ဖြစ်ရာ သစ်တောများ ပြုစုပျိုးထောင်ပေးခြင်းကို လက်တွေ့ကျကျဆောင်ရွက်သွားရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် သစ်တောဖုံးလွှမ်းမှုသည် ၄၆ ဒသမ ၉၆ ရာခိုင်နှုန်းရှိပြီး သစ်ထုတ်လုပ်မှု လျှော့ချလိုက်သဖြင့် သစ်တောသိပ်သည်းမှု ပိုမိုအားကောင်းလာမည်ဖြစ်သည်။ **မြင့်မောင်စိုး**

နိုင်ငံခြားသို့ တင်ပို့ရောင်းချရန် သယ်ဆောင်လာသည့် သစ်မာ၊ သစ်လုံးများအား မြင်တွေ့ရစဉ်။ ဓာတ်ပုံ- သက္က

အုတ်ခုံနှင့်ဘဏ်အကြား ကာထား၍လမ်းသွားများ အနှောင့်အယှက်ဖြစ်

ရန်ကုန် ဇန်နဝါရီ ၂၉

လမ်းမတော်မြို့နယ် ၂ ရပ်ကွက်၊ ကမ်းနားလမ်းမနှင့် ၆ လမ်းထိပ်ရှိ ပုဂ္ဂလိကဘဏ် တစ်ခု၏ ရှေ့တွင် လူသွားလမ်းပေါ်သို့ သစ်ပင် အုတ်ခုံ တိုးချဲ့ပြုလုပ်ပြီး အုတ်ခုံနှင့်ဘဏ်အကြားရေမြောင်းပေါ်တွင် သံအကာအရံတန်းများ နှစ်ဖက်ပြုလုပ်ထားရာ ယင်းနေရာသို့ရောက်တိုင်း လမ်းဘေးတွင် ရပ်ထားသော ယာဉ်များရှေ့ ကားလမ်းမပေါ်သို့ ဆင်းလျှောက်နေရရာ ယာဉ်အန္တရာယ် စိုးရိမ်ရသည်ဟု လမ်းမတော်မြို့နယ်အတွင်းနေထိုင်သူက ဆိုသည်။

(၅) ရပ်ကွက် ၁၂ လမ်းနှင့်မဟာဗန္ဓုလလမ်းပေါ်တွင် အဆိုပါဘဏ်ခွဲ တစ်ခု ရှိနေသော်လည်း လူသွားလမ်းများကို ပိတ်ဆို့ကာရံထားခြင်းမရှိဟု လမ်းသားတစ်ဦးကပြောသည်။ လမ်းမတော် မြို့နယ်အတွင်းရှိ အခြား ပုဂ္ဂလိကဘဏ်များ ရှေ့တွင်မှပိတ်ဆို့ကာရံမှုမရှိဘဲ လွတ်လပ်စွာသွားလာ၍ ရကြောင်း၊ (၂)ရပ်ကွက်အတွင်းရှိ အဆိုပါနေရာနှင့် (၃)ရပ်ကွက်အတွင်းရှိ အနော်ရထာလမ်းနှင့်ကိုင်းတန်းလမ်းထောင့် ဓာတ်ဆီဆိုင်ရှေ့တို့တွင်သာ လူသွားလမ်းကိုပိတ်ဆို့ကာရံထားပြီး ကားလမ်းပေါ်တွင်ဆင်း၍ လျှောက်နေရကြောင်း လမ်းသွားလမ်းလာများကဆိုသည်။ လမ်းမတော်မြို့နယ်အတွင်းရှိ လမ်းသွယ်နှင့် အမည်တပ်လမ်းထောင့်များတွင် အိမ်စီးယာဉ်ငယ်များ ပိတ်ဆို့ရပ်ထားခြင်း၊ အမိုးအကာများရှိသော ဈေးရောင်းချခြင်းများရှိရာ လမ်းအဝင်အထွက်တွင် မြင်ကွင်းကွယ်နေသဖြင့် အန္တရာယ်ရှိရုံမျှမက လမ်းသွားလမ်းလာများအတွက် အနှောင့်အယှက်ဖြစ်နေရကြောင်း မြို့နယ်အတွင်း နေထိုင်သူများထံမှ သိရသည်။ **ခင်ဆိုင်**

ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေး မွန်ပြည်နယ် သထုံမြို့၌ ဆွေးနွေးပွဲကျင်းပ

သထုံ ဇန်နဝါရီ ၂၉

ဆရာတော် ဘဒ္ဒန္တပဏ္ဍိတဝရက ဘာသာတရားသည် လူသားတို့ကို ဆုံးမပဲ့ပြင်ပေးလျက်ရှိသည့် အပြင် ဘာသာအားလုံး ရိုင်းပင်းကြရေး၊ အေးချမ်းစွာ နေထိုင်ကြရေးနှင့် အားနည်းသူများကို ဖေးမကူကြရေးအတွက် မွန်ပြည်နယ်၊ သထုံမြို့ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေး ဆွေးနွေးပွဲအတွင်း မိန့်ကြားခဲ့သည်။ ဇန်နဝါရီ ၂၅ ရက်က သထုံမြို့၊ သုဝဏ္ဏခန်းမ၌ ကျင်းပသည့် အဆိုပါ ဆွေးနွေးပွဲအတွင်း နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် သဒ္ဓမ္မဇောတိကာရာမကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တသုမင်္ဂလ ဦးဆောင်သော မြို့နယ်သံဃနာယက ဆရာတော်များ မွန်ပြည်နယ် လမ်းပန်းဆက်သွယ်ရေးနှင့် သာသနာရေးဝန်ကြီး ဦးသက်ဝင်း၊ မွန်ပြည်နယ် လူမှုရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဒေါက်တာလှဦး၊ မွန်ပြည်နယ်ဆောက်လုပ်ရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး ဒေါက်တာခင်မောင်သွင်၊ မွန်ပြည်နယ်အစိုးရအဖွဲ့နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

မွန်ပြည်နယ် လမ်းပန်းဆက်သွယ်ရေးနှင့် သာသနာရေး ဝန်ကြီး ဦးသက်ဝင်းမှ ဘာသာပေါင်းစုံနှင့် တိုင်းရင်းသားပေါင်းစုံ စည်းလုံးညီညွတ်စွာဖြင့် အတူလက်တွဲ နေထိုင်ကာ တိုင်းပြည်အကျိုးကို စုပေါင်းဆောင်ရွက်ကြရန် ပြောကြားပြီး လွှတ်တော်ကိုယ်စားလှယ် ဦးစောအုန်းမှ ဘာသာတရားအားလုံး အပြန်အလှန် လေးစားမှုရှိရေး၊ ဘာသာရေး ပဋိပက္ခမဖြစ်ပွားစေရေး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်ရန် တွန်းဆုတ်စေသည့် တိုင်းပြည် မတည်ငြိမ်မှုများ ထပ်မံမဖြစ်ပွားစေရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

> တိုင်းပြည် မတည်ငြိမ်မှုများ ထပ်မံမဖြစ်ပွားရေးစုပေါင်းကာကွယ်. .

မောင်မောင်ငြိမ်းချမ်း

မွေးနေ့မင်္ဂလာဆုမွန်လွှာ

၃၀-၁-၂၀၁၄ ရက်တွင် ကျရောက်သော Trust and Gain Company Limited, Managing Director ဦးကြည်ထွန်း၏ မွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းရာကျော်တိုင်အောင် စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာစွာဖြင့် ချစ်သောမိသားစု၊ ဝန်ထမ်းများနှင့်အတူ သာသနာအကျိုး၊ နိုင်ငံအကျိုး၊ အများအကျိုးကို တိုးမြှင့်ဆောင်ရွက်နိုင်ပြီး ကြည်နူးပျော်ရွှင်ဖွယ်ရာ ဘဝခရီးကို လျှောက်လှမ်းနိုင်စေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

Trust and Gain Company Limited. **ဝန်ထမ်းများ**

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် L.16-၅၈၊ မြေကွက်အမှတ် ၁၄၀၊ အကျယ်(၄၀'×၆၀')အနက်မှ မခွဲမစိတ်ရသေးသော မြေ၏ခြေရင်းဘက်ခြမ်း အကျယ်(၂၀'×၆၀')၊ မြေအမျိုးအစား ပါမစ်မြေပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၅၈)ရပ်ကွက်၊ ဆရာခြုံလမ်း၊ အမှတ် ၁၄၀ ဟုခေါ်တွင်သော မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် ဦးသိန်း(ခ)ဦးသိန်းကျော်(ခ)မောင်သိန်း ၁၂/ဥကတ(နိုင်)၀၇၀၃၉၉အမည်ဖြင့် ချထားပေးလျက်ရှိပြီး ၎င်းထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်ဆက်အရ ဒေါ်ယဉ်ထွေး ၇/ဒဥန(နိုင်)၀၂၀၆၄၄မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေကဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကောင်းမြတ်ဇော် — အထက်တန်းရှေ့နေ(စဉ်-၃၇၂၂၅)

ဦးသန့်ဇော် — တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၁)

အမှတ် ၄၆၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ဒေါ်မေဇင်သူနှင့် အများသိစေရန်ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ သမိန်ဗရမ်းလမ်း၊ မေတ္တာရိပ်မွန်အိမ်ရာ၊ အမှတ် ၁၅၊ ၁၆၊ ၁၇ တွင်ရှိ ပြည်ရွှေဝါကုမ္ပဏီ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ ရာဇသူရလမ်း၊ အမှတ် ၁၀၈၆နေ ဒေါ်မေဇင်သူ (ဘ) ဦးဉာဏ်ဝင်း ၇/ပမန(နိုင်)၁၃၈၄၈၇သည် ပြည်ရွှေဝါကုမ္ပဏီတွင် စာရင်းကိုင်ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၂၉-၁၁-၂၀၁၃ ရက်တွင် နှစ်ချုပ်စာရင်းပိတ်ရန် စာရင်းစစ်ရာမှ ဒေါ်မေဇင်သူ တာဝန်ယူဆောင်ရွက်ရသည့် ငွေစာရင်းတွင် ငွေကြေးကွာဟမှုများရှိနေသည့်အတွက် ဒေါ်မေဇင်သူအား ဖြေရှင်းရန် ကုမ္ပဏီရှိ တာဝန်ရှိသူများမှ စီစဉ်ဆောင်ရွက်နေစဉ် ဒေါ်မေဇင်သူသည် ၎င်းတာဝန်ယူကိုင်တွယ်ခဲ့သည့် ငွေစာရင်းစာအုပ် (Cash Book Register)အား ယူဆောင်၍ အလုပ်မှ ထွက်ပြေးတိမ်းရှောင်သွားခဲ့ပါသည်။ ကုမ္ပဏီမှ ၎င်း၏အလုပ်လျှောက်လွှာတွင်ပါရှိသော နေရပ်လိပ်စာများသို့ ဆက်သွယ်ခဲ့သော်လည်း ဒေါ်မေဇင်သူမှ လာရောက်ဖြေရှင်းခြင်းမရှိပါ။ ယခုအခါ ဒေါ်မေဇင်သူ ကိုင်တွယ်တာဝန်ယူရသည့် ငွေစာရင်းမှငွေကျပ် ၂၇၄၄၀၃၆၈(နှစ်ရာခုနှစ်ဆယ့်လေးသိန်းလေးသောင်းသုံးရာခြောက်ဆယ်ရှစ်ကျပ်တိတိ)ကွာဟနေပါသဖြင့် ဒေါ်မေဇင်သူသည် ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ပြည်ရွှေဝါကုမ္ပဏီသို့ဖြစ်စေ လာရောက်စာရင်းရှင်းဖြေရှင်းပါရန် ကြေညာအပ်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ဖြေရှင်းခြင်း မပြုပါက ကုမ္ပဏီပိုင်ငွေများအား အလွဲသုံးစားပြုလုပ်သွားသူ ဒေါ်မေဇင်သူအား တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါ်မေဇင်သူနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ပြည်ရွှေဝါကုမ္ပဏီ၏လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ဥမ္မာမြင့်(စဉ်-၈၃၅၁)

LL.B, D.B.L (တရားလွှတ်တော်ရှေ့နေ)

အိမ်အမှတ် ၈၄၄-ခ၊ စာဂ ၁၆ လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉-၇၃၁၇၁၉၂၅၊ ၀၉-၃၁၂၆၁၉၈၀

ရုံးအမှတ်-၉၉၉၊ သစ္စာလမ်း(ဥပဒေရုံးအနီး)၊ (၁၀)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/ရန်ပြေ၊ မြေကွက်အမှတ် ၁၁/ခ၊ မြေကွက်တည်နေရာအမှတ်(၁၁/ခ)၊ ရန်ပြေ ၂၂ လမ်း၊ (၃)ရန်ပြေရပ်ကွက်၊ သာကေတမြို့နယ် ဦးရွှေစိန်အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက်ဦးရွှေစိန်(ဖခင်)နှင့် ဒေါ်ချစ်မြဦး(မိခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော ဦးထွန်းသာစိန် ၁၂/သကတ(နိုင်)၀၇၄၇၂၄၊ (၂) ဒေါ်ချစ်စိန် ၁၂/သကတ(နိုင်)၀၄၀၀၇၂တို့က သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/၁၃၊ မြေကွက်အမှတ် ၁၁၇၊ မြေကွက်တည်နေရာအမှတ် ၁၁၇၊ နွယ်သာကီ ၂ လမ်း၊ ရွှေပြည်သာ ဒေါက်တာခင်ခင်မြ အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒေါက်တာခင်ခင်မြထံမှ အရပ်ကတိစာချုပ်ဖြင့်ဝယ်ယူခဲ့သူ ဒေါ်ခင်စိုးမိုးအေး ၁၂/အစန(နိုင်)၀၆၇၁၈၇က ပါမစ်မူရင်း ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံစာ၊ တရားရုံးကျမ်းကျိန်လွှာတင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀ မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄-ကံဘဲ့)၊ မြေကွက်အမှတ်(၄၄/၈ ၂)အရ မြေဧရိယာ ၀ဒသမ ၀၄၆၈ကေရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၂၈၊ အနီးယာလမ်း၊ (၁၅)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင် အိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးအား တရားဝင်လက်ဝယ်ပိုင်ဆိုင်သူ ဦးသောင်းညွှန့် ၁၂/တမန(နိုင်)၀၆၈၆၅၄ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်နှင့် ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာချက်ပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်နောက်ပိုင်းတွင် ဥပဒေနှင့်အညီ တရားဝင်စာချုပ်စာတမ်းများကို တရားဝင်ပြုလုပ်ချုပ်ဆိုမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မိုးမိုးအေး (တရားလွှတ်တော်ရှေ့နေ)
(စဉ်-၈၅၅၈)
အမှတ်-၈၃ (ပထမထပ်)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၃၇၄၇၉၆

ပြည်တွင်းသတင်းနှင့် အနုပညာ

မေတ္တာသင်္ဂဟမှ ဇီဝိတဒါနသံဃဆေးရုံသို့ ငွေလှူဒါန်းမည်

ရန်ကုန် ဇန်နဝါရီ ၂၉

ပြည်တွင်း အနုပညာရှင်များနှင့် ဂီတအဆိုတော်များ စုပေါင်းဖွဲ့စည်းထားသည့် မေတ္တာသင်္ဂဟအဖွဲ့က သံဃာတော်များနှင့် ဂိလာန လူပုဂ္ဂိုလ်များကို အခမဲ့ ကုသပေးလျက်ရှိသော ဇီဝိတဒါန သံဃဆေးရုံကြီးသို့ အလှူငွေများသွားရောက်လှူဒါန်းပေးမည်ဖြစ်သည်။

"ကျွန်တော်တို့အနေနဲ့ လှူဒါန်းမယ့်နေရာတွေကို အမြဲတမ်းစဉ်းစားပြီး အမှန်တကယ်အကျိုးရှိစေမယ့် အလှူတွေဖြစ်အောင် ကြိုးစားပါတယ်။ ဇန်နဝါရီ ၂၉ရက်မှာ သွားရောက်လှူဒါန်းမှာဖြစ်ပါတယ်။ လှူဒါန်းတဲ့ငွေပမာဏကတော့ အတိအကျပြောလို့ မရသေးဘူးခင်ဗျ။ အလှူရှင်တွေက ထပ်မံပြီးရောက်လာနေသေးလို့ဖြစ်ပါတယ်။ အခုလိုအဖွဲ့လေးကို အနုပညာရှင်အများစုပါဝင်အားဖြည့်လာတာတွေ့ရတော့ ဝမ်းသာတာပေါ့။ ဇီဝိတဆေးရုံကြီးဆိုတာကလည်း အမှန်တကယ်လှူသင့်တဲ့နေရာလည်းဖြစ်နေတော့ အဖွဲ့သားတွေစုပေါင်းတိုင်ပင်ပြီးရွေးချယ်ဖြစ်ခဲ့တယ်"ဟု အကယ်ဒမီ ခန့်စည်သူက ပြောကြားသည်။

မေတ္တာသင်္ဂဟ အဖွဲ့အတွင်းသို့ အနုပညာရှင်ပေါင်း ၁၀၀ နီးပါး စုပေါင်းလှုပ်ရှားလာနေပြီဖြစ်ပြီး ပရဟိတ လုပ်ငန်းများနှင့် ကူညီထောက်ပံ့ရေးများကို ဆောင်ရွက်နေခြင်းဖြစ်သည်။ ငွေကြေးနှင့်ဆေးဝါးပစ္စည်းများ ထောက်ပံ့ပေးခြင်းတို့အပြင် စိတ်ဓာတ်ခွန်အားပိုင်းဆိုင်ရာ အကူအညီများပါ ပေးနိုင်ရန်အတွက် လိုအပ်လျက်ရှိသည့်နေရာများအထိ အနုပညာရှင်များကိုယ်တိုင် စုပေါင်းသွားရောက် လှူဒါန်းနေကြခြင်းဖြစ်ကြောင်း သိရှိရသည်။

ရွာသာကြီးရှိ စိတ်ကျန်းမာရေးဆေးရုံကြီး၊ မရမ်းချောင်းအနာကြီးရောဂါသည်စခန်းကဲ့သို့သော နေရာများနှင့် အကျဉ်းထောင်၊ ကယ်ဆယ်ရေးစခန်းတို့တွင်လည်း လှူဒါန်းပေးခဲ့သေးသည်ဟု မေတ္တာသင်္ဂဟအဖွဲ့မှ သိရှိရသည်။ **သွန်းဝဿန်**

အနုပညာ သတင်းတိုများ

ရုပ်ရှင်ကားကြီးတွေအတွက် အချိန်ပေးထားတဲ့ ဝတ်မှုန်ရွှေရည်

ဗီဒီယိုဇာတ်ကားများ ရိုက်ကူးမှုစိပ်နေသည့် ပရိသတ်အချစ်တော် ဝတ်မှုန်ရွှေရည်က ၂၀၁၄ ခုနှစ်အတွင်း ရုပ်ရှင်ကားကြီးများ ရုံတင်ရန်အတွက် ဇာတ်ကားခြောက်ကားအထိရှိနေကြောင်း ပြောကြားသည်။ ဖန်စီနှင့် ဟာသကားများပိုမိုပါဝင်ပြီး ဒရမ်မာကားကြီးများလည်း ပါဝင်ခြင်းကြောင့် ပရိသတ်များ စောင့်ကြည့်စေလိုကြောင်း သူမကဆိုသည်။ မကြာမီ ရုံတင်ပြသတော့မည့် သနပ်ခါးရုပ်ရှင်ကားအတွက် ရင်ခုန်ကြောင်းနှင့် ၎င်းအနေနှင့် ထူးခြားသည့်ဇာတ်ကောင်စရိုက်ဖြင့် သရုပ်ဆောင်မှုအပေါ် အားရကျေနပ်ခဲ့သည့်အတွက် ပရိသတ်ကြီးလည်း အားပေးစေချင်ကြောင်း ဝတ်မှုန်ရွှေရည်က ပြောသည်။ ၂၀၁၄ခုနှစ်ထွက် ဇာတ်ကားများအတွင်း အကယ်ဒမီ မမျှော်မှန်းရဲသေးကြောင်းသိရသည်။ **သိမ့်သိမ့်**

တစ်ပတ်အတွင်း ရုံတင်ပြသမည့် ရုပ်ရှင်ဇာတ်ကားမိတ်ဆက်

လာမည့်တစ်ပတ်အတွင်း ရန်ကုန်နှင့်မန္တလေးမြို့ကြီးများရှိ ရုပ်ရှင်ရုံများတွင် ဇာတ်ကားကောင်းများ ပြသသွားမည်ဖြစ်ပြီး အမွေခံထိုက်သူဖြစ်ပါစေဇာတ်ကားကြီးကို သမ္မတ၊ နဝဒေးနှင့် Junction မော်တင်၊ ဝင်းလိုက်ရုပ်ရှင်ရုံများတွင် ရုံတင်ပြသလျက်ရှိပြီး ကြယ်စင်မော်ကွန်း ရုပ်ရှင်ဇာတ်ကားကြီးကို သွင်၊ မင်္ဂလာ ရုပ်ရှင်ရုံများတွင်လည်းကောင်း၊ တာဇံဇာတ်ကားကြီးကို Junction Squre ရုပ်ရှင်ရုံတွင်လည်းကောင်း၊ လက်ပံဇာတ်ကားနှင့် Police Story ဇာတ်ကားများကို Junction Squre ရုပ်ရှင်ရုံတို့တွင်လည်းကောင်း၊ The Legeng of Hercules ရုပ်ရှင်ကို ရွှေဆောင်၊ မင်္ဂလာနှင့်ဒဂုံစင်တာတို့တွင် လည်းကောင်း၊ Love Survivor ဇာတ်ကားများကို နေပြည်တော်၊ ပါရမီ Top Royal တို့တွင်လည်းကောင်း အသီးသီးပြသသွားမည်ဖြစ်သည်။ **သဲနု**

သဇင်အက်ဖ်အမ်၌ အချစ်ဆိုသောအရသာ ထုတ်လွှင့်ရန်ရှိ

ရန်ကုန် ဇန်နဝါရီ ၂၉

အချစ်ဆိုသော အရသာအမည်ရှိ အသံထုတ်လွှင့်တင်ဆက်မှုကိုသဇင်အက်ဖ်အမ်၌ ထုတ်လွှင့်တင်ဆက်မည်ဖြစ်သည်။ အချစ်နှင့်ပတ်သက်သည့် ခံစားမှုများ၊ ရသများနှင့် အတွေ့အကြုံများ၊ ဖန်တီးမှုများကို အနုပညာရှင်များက ရင်ဖွင့်ထားခြင်းကို လေဆာဝေါလ်မှ တာဝန်ယူထားသည်။

"ဖန်တီးမှု အသစ်ဖြစ်ပါတယ်။ အဆိုတော် စိုင်းထီးဆိုင်ရဲ့ အချစ်ဆိုတဲ့အရသာ တေးသီချင်းက အစီအစဉ်ရဲ့ ခေါင်းစဉ်ပါ။ တေးရေးဆရာတွေ၊ အဆိုတော်တွေ၊ စာရေးဆရာ၊ ကဗျာဆရာတွေနဲ့ ရုပ်ရှင်၊ ဂီတ အနုပညာရှင်တွေရဲ့ အချစ်အပေါ် အဓိပ္ပာယ် ဖွင့်ဆိုမှုအမျိုးမျိုးနဲ့ အတွေ့အကြုံတွေကို တင်ဆက်ပေးသွားမယ်"ဟု လေဆာဝေါလ်မီဒီယာမှ ဦးအောင်ကြူဟိန်းကပြောသည်။

အစီအစဉ်၏ ကြာမြင့်ချိန်မှာ မိနစ် ၂၀ ခန့်ဖြစ်ပြီး အစီအစဉ်၏ ပထမဆုံးသော အချစ်ခံစားချက်ထုတ်ဖော်သူများအဖြစ် အဆိုတော် Lဆိုင်းဇီ၊ ခေမီကိုနှင့် ခိုင်မြဲသာတို့က ပါဝင်တင်ဆက်မည်ဖြစ်သည်။ **သွန်းဝဿန်**

တန်ဖိုးနည်းဖုန်းကတ်များသတ်မှတ်ရက်လွန်ပါက မိမိတာဝန်သာဖြစ်သည်

သတင်း-တင်ဝင်းလေး (ကြည့်မြင်တိုင်)
ဓာတ်ပုံ-ဘော်ဂါသွေး

နိုင်ငံတော်အစိုးရ၏ စေတနာ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့၏ စီစဉ်ညွှန်ကြားမှု ခရိုင်၊ မြို့နယ်တို့၏ ကြီးကြပ်မှုတို့ဖြင့် နိုင်ငံတစ်ဝန်း ရပ်ကွက်တိုင်းတွင် တန်ဖိုးနည်းဖုန်းကတ်များကို ၂၀၁၃ ခုနှစ် ဧပြီလမှ စတင်ကာ လစဉ်ရောင်းချပေးလျက်ရှိသည်။ ယခုဇန်နဝါရီဆိုပါက ၁၀ လတာမျှ ရှိပြီဖြစ်သည်။

ကာလရှည်လာသည်နှင့် အမျှ ဖုန်းရရှိမှုပမာဏများလည်း များပြားလာပြီဖြစ်သည်။ အချို့မူလရှိပြီးသားသူများကလည်း မိမိတို့အခွင့်အရေးတစ်ရပ်အဖြစ် ဖုန်းကတ်မဲလျှောက်ကြသည်။ အချို့အိမ်ထောင်စုဦးရေနည်းသော ရပ်ကွက်များဆိုပါက အိမ်ထောင်စုတစ်စုလျှင် ဖုန်းကတ်တစ်ခုက နောက်ဆုံးခွဲတမ်းအရ အလိုအလျောက်ရရှိသွားပြီဖြစ်သည်။

ယခုလတွင် ပေးမည့် MEC ထုတ် CDMA ကတ်၊

မြန်မာ့ ဆက်သွယ် ရေး မှ CDMA ကတ်၊

ယနေ့ပေးနေသော တန်ဖိုးနည်းဖုန်းကတ်တစ်ခုလျှင် ပြင်ပ၌ အနည်းဆုံးငွေကျပ် ရှစ်သောင်းမှ တစ်သိန်းကျော်အထိ ပေါက်ဈေးရှိနေသည်။ အချို့သော အပိုရှိသူများက ဈေးကိုစောင့်ရင်းစောင့်ရင်းဖြင့် ရက်ရှည်သွားခဲ့သည်။ ကတ်ချိုးအသုံးပြုရန် သတ်မှတ်ရက်ထက် ကျော်လွန်သွားကြသည်ကို သတိမထားမိတော့ပေ။

နောက်ဆုံး ဝယ်သူလက်ထဲသို့ ရက်လွန်မှ ဖုန်းကတ်ရောက်ရှိသွားသည့်အတွက် ရောင်းသူနှင့်ဝယ်သူတို့ ပြဿနာစကား ပြောလာကြရသည်။ မြန်မာ့ဆက်သွယ်ရေးသို့ ပြန်လျှောက်ကြရသည်။ နယ်ကျော်ဖုန်းကတ်များဖြစ်ပါက ပို၍အလုပ်ရှုပ်ကြရသည်။ ပြန်လျှောက်ရာ၌ ရပ်ကွက်၊ မြို့နယ်အဆင့်ဆင့် ထောက်ခံစာများရယူပြီး ဆက်သွယ်ရေးသို့ ပြေးကြရသည်။

ယခုသည်လ (ဇန်နဝါရီခွဲတမ်း) ရမည့် ဖုန်းကတ်များကို ဖေဖော်ဝါရီ ၁၀ ရက်နောက်ဆုံးထား၍ ကတ်ချိုးအသုံးပြုရမည်ကို တရားဝင်ပြောလိုက်ပြီဖြစ်သည်။ ပြီးခဲ့သောလများက အချို့သောရပ်ကွက်များ အနေဖြင့် မှတ်မှတ်ရရ အသိပေး ကြေညာပေးသွားသကဲ့သို့ အချို့သောရပ်ကွက်များက အမှုမဲ့အမှတ်မဲ့ဖြင့် မပြောလိုက်မိကြသည်ကို လေ့လာဆန်းစစ်ခဲ့ရသည်။

ဤလတွင်ရမည့် ဖုန်းကတ်များအား ဖေဖော်ဝါရီ ၁၀ ရက်တွင် ကတ်ချိုးအသုံးပြုရန်၊ သတ်မှတ်ရက်အတွင်း အသုံးပြုရန် ကျော်လွန်ပါက မိမိတာဝန်သာဖြစ်သည်ဟူသောအသိပေးစာပါ စာချုပ်နှင့်အတူ ပူးတွဲပေးရမည်ဟု ညွှန်ကြားမှုများပြုလာသည်။

ကြည့်မြင်တိုင်မြို့နယ်အတွင်းမှ ရပ်ကွက် အုပ်ချုပ်ရေးမှူးတစ်ဦး၏ အဆိုအရ "ကတ်မချိုးဘဲ ရက်ကျော်လို့ ပြန်လာလျှောက်တဲ့သူတွေက တစ်လထက်တစ်လ ပိုများလာတဲ့အတွက် ဒီအပတ်ကစပြီး ရက်ကျော်လွန်တဲ့ကတ်တွေကို ပြန်လျှောက်တာ လက်မခံတော့ဘူးလို့ သိရပါတယ်။ ဒါ့ကြောင့် ဒီလိုညွှန်ကြားချက်ထွက်လာတာ"ဟု ဆိုပါတယ်။

မြန်မာ့ဆက်သွယ်ရေးမှကတ်ပျက်၊ ကတ်ပျောက်များကိုသာ လက်ခံဆောင်ရွက်ပေးသွားတော့မည် ဖြစ်ပြီး လျှောက်ထားရာတွင်လည်း စာချုပ်မူရင်းပြနိုင်မှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

